# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၆ခုနှစ် ၊ နယုန်လကွယ် ၊ သောကြာနေ့ ၊ (5-7-2024) ၊ အတွဲ (၃၃)၊ အမှတ် (၀၆၆)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးကို လက်ခံတွေ့ဆုံ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Chen Hai ကို လက်ခံတွေ့ဆုံစဉ်။

**နေပြည်တော် ဇူလိုင် ၄**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာမည့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Chen Hai ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် မဟာဗျူဟာမိတ်ဖက်နိုင်ငံများဖြစ်ပြီး

**စာမျက်နှာ ၁၆ ကော်လံ ၁ ⇨**




ရတနာပုံ
၂၀၂၄ ခုနှစ် ဇူလိုင် ၅ ရက်
အယ်ဒီတာ့အာဘော်

# ရေကြီးရေလျှံမှုဘေး ကင်းဝေးစေရေး

မြန်မာနိုင်ငံတွင် နှစ်စဉ်ကြုံတွေ့နေရသော ရေကြီးရေလျှံမှု၊ သဘာဝဘေးအန္တရာယ်တို့သည် လူတို့အနေဖြင့် တားဆီး၍ရနိုင်သောအရာမဟုတ်ပေ။ နှစ်စဉ် ကြုံတွေ့နေရသော အတွေ့အကြုံများကို အခြေခံ၍ ဘေးကင်းရာ၊ ဘေးလွတ်ရာနေရာများသို့ ရွှေ့ပြောင်းနေထိုင်ခြင်းဖြင့်သာ ရှောင်ရှားနိုင်မည်ဖြစ်ပေသည်။ နှစ်စဉ် ဇူလိုင်လ၊ ဩဂုတ်လတို့သည် ရေဘေးအန္တရာယ်နှင့်ကြုံတွေ့ရလေ့ရှိသောလတို့ဖြစ်သဖြင့် မိုးရွာသွန်းမှု၊ မြစ်ရေကြီးမှုအခြေအနေများအရ ပုံမှန်ရေကြီးရေလျှံမှုများအပြင် အချိန်တိုအတွင်း မိုးရေချိန်များစွာ ရွာသွန်းမှုကြောင့် ရုတ်တရက် ရေကြီးရေလျှံမှုများကို ကြုံတွေ့ရတတ်ပေသည်။

ယခုအခါ ကချင်ပြည်နယ်အတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် ဧရာဝတီမြစ်ရေမြင့်တက်လျက်ရှိပြီး မြစ်ကြီးနားမြို့ပေါ်ရှိ ရပ်ကွက်များနှင့် ကျေးရွာများအတွင်း၌ ရေကြီးရေလျှံမှုများဖြစ်ပေါ်လျက်ရှိပေသည်။ အဆိုပါ ရေဝင်ရောက်မှုများဖြစ်ပေါ်လျက်ရှိသည့် ရပ်ကွက်၊ ကျေးရွာများမှ ပြည်သူများကို နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများက ရေဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးပြီး ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပေသည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း၌လည်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ချင်းတွင်းမြစ်ရေမြင့်တက်လျက်ရှိရာ ခန္တီးမြို့၏စိုးရိမ်ရေမှတ်သည် ၁၃၆၀ စင်တီမီတာဖြစ်ပြီး ဇူလိုင် ၂ ရက်တွင် ၁၅၃၅ စင်တီမီတာထိ မြင့်တက်လာသဖြင့် စိုးရိမ်ရေမှတ်ထက် ၁၇၅ စင်တီမီတာကို ကျော်လွန်ခဲ့ကာ ခန္တီးမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများအတွင်းသို့ မြစ်ရေဝင်ရောက်မှုဖြစ်ပေါ်လျက်ရှိပေသည်။

အဆိုပါမြစ်ရေဝင်ရောက်မှုဖြစ်ပေါ်လျက်ရှိသည့် ရပ်ကွက်၊ ကျေးရွာများမှ ရေဘေးသင့်ပြည်သူ အိမ်ထောင်စု ၁၈၈ စု၊ လူဦးရေ ၆၅၈ ဦးတို့ကို နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများက ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး မြစ်ရေပြန်လည်ကျဆင်းချိန်တွင်လည်း မြို့တွင်းလမ်းများပေါ်၌ အမှိုက်များ၊ ဒိုက်များ၊ နုန်းများ တင်ကျန်လျက်ရှိရာ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပါသည်။

မိုးကာလတွင် မြို့ပေါ်ရပ်ကွက်များ၌လည်း လူတို့၏ပယောဂကြောင့် ရေလျှံမှုများဖြစ်ပေါ်လေ့ရှိသည်။ အကြောင်းမှာ လူတို့က မိမိတို့အသုံးပြုသော စွန့်ပစ်ပစ္စည်းများ၊ အမှိုက်များကို စနစ်တကျမစွန့်ပစ်ကြဘဲ ချောင်း၊ မြောင်းများထဲတွင် စည်းကမ်းမဲ့စွန့်ပစ်သောကြောင့် ချောင်း၊ မြောင်းများပိတ်ဆို့ပြီး ရေလျှံမှုများဖြစ်ပေါ်ရခြင်းဖြစ်သည်။ ထို့ကြောင့် ရေလျှံမှုများမဖြစ်စေရေးအတွက် ချောင်း၊ မြောင်းများကိုလည်း ရေစီးရေလာကောင်းမွန်စေရန် လူထုအားဖြင့် ဆောင်ရွက်ကြရမည်ဖြစ်ပေသည်။

သို့ဖြစ်ရာ သဘာဝဘေးအန္တရာယ်သည် ကြိုတင်မှန်းဆ၍မရဘဲ အချိန်မရွေးဖြစ်ပေါ်လာနိုင်သည်။ ယခုကဲ့သို့သော မိုးကာလတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြစ်ရေကြီးခြင်းနှင့်အတူ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်တတ်ပေရာ ပြည်သူများအနေဖြင့် ရေကြီးရေလျှံမှုဘေးမှ ကင်းဝေးစေရေးအတွက် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်၍ သတိပြုနေထိုင်ကြရန် တိုက်တွန်းရေးသားလိုက်ရပေသည်။

# မန္တလေးဈေးကွက်အတွင်း ဇူလိုင်လပထမပတ်မှစ၍ သကြား အရောင်းအဝယ်ကောင်းမွန်လျက်ရှိ

**မန္တလေး ဇူလိုင် ၄**

မန္တလေးဈေးကွက်အတွင်း ဇူလိုင်လပထမပတ်မှစ၍ သကြားအရောင်းအဝယ် ကောင်းမွန်လျက်ရှိကြောင်း သကြားနှင့်ကြံထွက်ပစ္စည်း လုပ်ငန်းရှင်များအသင်း (မန္တလေး) ဒုတိယဥက္ကဋ္ဌ ဦးဝင်းဌေးက ပြောပြ၍ သိရသည်။

သကြားကို ပြည်ပနိုင်ငံများဖြစ်သည့် တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့ကလည်း ဝယ်ယူမှုများရှိကြောင်း၊ ယခုလတ်တလော ပြည်ပမှကုန်သည်များက သကြားဝယ်ယူမှု ပြန်လည်များပြားလာသည့်အပြင် ပြည်တွင်းဈေးကွက်အတွင်း၌ပါ သကြားဝယ်လိုအားများပြားလာခြင်းကြောင့် သကြားများ အရောင်းအဝယ်ပြန်လည်ကောင်းမွန်လာကြောင်း သိရသည်။

"မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးကနေထွက်ရှိတဲ့ အရည်အသွေးကောင်းမွန်တဲ့ သကြားတွေကို အခုလတ်တလော တရုတ်နိုင်ငံဘက်ကနေ ဈေးကောင်းပေးပြီး ဝယ်ယူမှုတွေရှိပါတယ်။ မန္တလေးဈေးကွက်ထဲမှာတော့ သကြားက အရောင်းအဝယ် အကောင်းဆုံး အနေအထားမှာရှိ နေပါတယ်"ဟု ဒုတိယဥက္ကဋ္ဌ ဦးဝင်းဌေးက ပြောပြသည်။

မန္တလေးဈေးကွက်အတွင်း ယနေ့ပေါက်ဈေးအရ သကြား တစ်ပိဿာလျှင် ငွေကျပ် ၄၈၀၀ ခန့်ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"သကြားကတော့ အရောင်းအဝယ်ကောင်းနေပေမဲ့ ကုန်စည်လက်ကျန်နည်းပါးသွားတာမျိုးတွေ မရှိပါဘူး။ နောက်ပိုင်း ဒီထက်ပိုပြီး သကြား အဝယ်ထပ်ကောင်းလာရင်တော့ သကြားလက်ကျန်က မန္တလေးဈေးကွက်ထဲ နည်းသွားနိုင်ပါတယ်"ဟု သကြားနှင့်ကြံထွက်ပစ္စည်း လုပ်ငန်းရှင်များအသင်း (မန္တလေး)ဒုတိယဥက္ကဋ္ဌ ဦးဝင်းဌေးက ပြောပြ၍ သိရသည်။

(၁၈၄)

# ယခုနှစ် ထွက်ရှိသည့် ပတ္တမြားငမောက်သရက်သီးများ တရုတ်နိုင်ငံဈေးကွက်သို့တင်ပို့ရာတွင် အရောင်းအဝယ်ကောင်းနေ



**မန္တလေး ဇူလိုင် ၄**

ယခုနှစ်ထွက်ရှိသည့် ပတ္တမြားငမောက်သရက်သီးများ တရုတ်နိုင်ငံဈေးကွက်သို့ တင်ပို့ရောင်းချရာတွင် အရောင်းအဝယ်ကောင်းနေကြောင်း မြန်မာသရက်ဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်း (မန္တလေး) အတွင်းရေးမှူး ဦးကျော်စိုးနိုင်က ပြောပြ၍ သိရသည်။

လက်ရှိအချိန်တွင် မြေပြန့်ပိုင်း၌ စိန်တလုံးသရက်နှင့် ရွှေဟင်္သာသရက်သီးများ ရာသီကုန်ချိန်ရောက်ရှိနေပြီဖြစ်၍ တရုတ်နိုင်ငံဈေးကွက်သို့ ပတ္တမြားငမောက်သရက်သီးများကိုသာ တင်ပို့ရောင်းချနေခြင်းဖြစ်ကြောင်း၊ တင်ပို့ရောင်းချနေရာတွင်လည်း အရောင်းအဝယ်ကောင်းလျက်ရှိပြီး ဈေးနှုန်းများမှာ ၁၆ ကီလိုဂရမ် တစ်ခြင်းလျှင် အမျိုးအစားအလိုက် ယွမ် ၁၀၀ မှ ၁၂၀ ထိ ရရှိကြကြောင်း သိရသည်။

"တရုတ်နိုင်ငံဈေးကွက်ကို ပတ္တမြားငမောက် သရက်သီးတွေ တင်ပို့ ရောင်းချနေကြပါတယ်။ ဈေးကောင်းရရှိနေပါတယ်။ ဒီလကစပြီး ပတ္တမြားငမောက်သရက်သီးက ဈေးကွက်ထဲကို ဝင်ရောက်နေပါပြီ။ ကျန်တဲ့သရက်တွေက ပြတ်သလောက်ဖြစ်သွားပြီ။ တရုတ်နိုင်ငံဈေးကွက်ကို လက်ရှိတင်ပို့ရောင်းချနေရာမှာတော့ တစ်နေ့ကို ၁၂ ဘီးကား နှစ်စီး၊ သုံးစီးပဲ ရှိသေးတယ်။ ဒီနှစ်က သရက်သီးက အဝယ်သွက်ပါတယ်။ အရည်အသွေးကောင်းရင်တော့ ဈေးကောင်းရကြပါတယ်။ ခူးဆွတ်ပြီးတာကအစ ထုပ်ပိုးမှုစနစ်ကောင်းကောင်းထုပ်နိုင်ရင် ဈေးကောင်းရပါတယ်"ဟု အတွင်းရေးမှူး ဦးကျော်စိုးနိုင်က ပြောပြသည်။

တရုတ်နိုင်ငံဈေးကွက်မှ ယခုနှစ်တွင် သရက်သီးအဝယ်ရှိနေသည့်အတွက် တင်ပို့ရောင်းချနေကြကြောင်း၊ ယခုနှစ် သရက်ရာသီတွင် အသီးအထွက်နှုန်းနည်းသော်လည်း ဈေးကွက်သို့ ရောင်းချရာတွင် အရောင်းအဝယ်ကောင်းနေကြောင်း သိရသည်။ (၁၈၅)

# မန္တလေး ကားဈေးကွက်၊ ဆိုင်ကယ်ဈေးကွက်

**မန္တလေး ဇူလိုင် ၄**

မန္တလေးကားဈေးကွက်အတွင်း အရောင်းအဝယ်အေးနေပြီး ကြိုက်ရောင်းကြိုက်ဝယ် ပုံစံဖြင့်သာ အရောင်းအဝယ် ဖြစ်နေကြောင်း ဈေးကွက်အတွင်းမှ သိရသည်။

မော်ဒယ်မြင့်၊ ဈေးနှုန်းမြင့်စလစ်ကပ်ကားများသည် အရောင်းအဝယ်ပိုင်း သိသိသာသာအေးနေပြီး ငွေကျပ် သိန်း ၅၀၀ ခန့် နံပါတ်ထွက်ပြီးသား ဟွန်ဒါဖစ်၊ ဟွန်ဒါအင်ဆိုက်၊ ဘယ်လ်တာ၊ အေဒီဗင် စသည့်ကားဟောင်းများသာ အရောင်းအဝယ် အနည်းငယ်ရှိနေကြောင်း၊ အဆိုပါကားများ အရောင်းအဝယ်ဖြစ်မှုသည်လည်း ကြိုက်ရောင်းကြိုက်ဝယ်ဖြင့်သာ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

လျှပ်စစ်သုံးကားများသည် ငွေကျပ် သိန်း ၁၃၀၀ ခန့်ပေါက်ဈေးရှိနေကြောင်း၊ ၆၆၀ စီစီပစ်ကပ်ကားလေးများတွင်လည်း ဟိုက်ဂျက်အော်တို ငွေကျပ် သိန်း ၂၀၀ ခန့်၊ Manual ငွေကျပ် ၁၇၅ သိန်းခန့် ဈေးပေါက်ရှိနေကြောင်း သိရသည်။

စလစ်ဈေးနှုန်းများအနေဖြင့် သက်တမ်းနှစ် ၂၀ အမည်ပေါက်စလစ် ငွေကျပ် ၁၂၅ သိန်း၊ စလစ်အပ်ကား ငွေကျပ် ၁၁၅ သိန်း၊ တိုက်ကြေစလစ် ငွေကျပ် သိန်း ၁၁၀၊ တက္ကစီစလစ် ငွေကျပ် သိန်း ၁၂၀ ခန့် ဈေးပေါက်နေကြောင်း ကားအရောင်းအဝယ်လုပ်ကိုင်သူ ဦးဇော်ကြီးထံမှ သိရသည်။

ဆိုင်ကယ်ဈေးကွက်တွင်လည်း အရောင်းအဝယ်များ အေးနေပြီး တရုတ်ဘီးများမှာ အရောင်းအဝယ်ပိုင်း သိသိသာသာ ကျဆင်းနေကြောင်း ဈေးကွက်အတွင်းမှ သိရသည်။

ထို့အတူ နယ်ဝယ်လက်များ ယခင်ကထက် အဆင်းနည်းလာမှုကြောင့် အရောင်းအဝယ်အေးနေပြီး တစ်ပတ်ရစ်ဈေးကွက်၌ ငွေကျပ် ၆ သိန်းခန့် ဈေးတန်းရှိဆိုင်ကယ်များ အနည်းငယ်သာ အရောင်းအဝယ်ရှိနေကြောင်း သိရသည်။

ထို့ပြင် လျှပ်စစ်သုံးဆိုင်ကယ်များလည်း အရောင်းအဝယ်ဖြစ်မှုအနည်းငယ်သာရှိကြောင်း၊ တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ အများဆုံးဝင်ရောက်ပြီး တင်သွင်းသည့်ကုမ္ပဏီအမျိုးအစားပေါ်မူတည်၍ ဈေးနှုန်းကွာခြားချက်ရှိကာ ဆိုင်ကယ်တစ်စီးလျှင် အနည်းဆုံးငွေကျပ် ၁၅ သိန်းခန့်မှ သိန်း ၅၀ ကျော်ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

ဆိုင်ကယ်ဈေးနှုန်းများအနေဖြင့် ထိုင်းနိုင်ငံထုတ် နောက်ဆုံးမော်ဒယ် Click ဒလက်ဘီးများမှာ ငွေကျပ် ၄၅ သိန်းမှ ၆၃ သိန်းခန့်၊ အနိမ့်ဘီး Click များမှာ ငွေကျပ် ၂၅ သိန်းမှ ၃၇ သိန်းခန့်၊ Scoopy i အမျိုးအစားဘီးများတွင်လည်း နောက်ဆုံးမော်ဒယ်များမှာ ငွေကျပ် ၄၈ သိန်းခန့်၊ အနိမ့်ဘီးများမှာ ငွေကျပ် သိန်း ၂၀ မှ ၃၃ သိန်းခန့် ဈေးရှိကြောင်း သိရသည်။

တရုတ်နိုင်ငံထုတ် အင်ဂျင်ပါဝါ 110 အမျိုးအစားများမှာ ငွေကျပ် ၈ သိန်း ၅ သောင်းမှ ၁၇ သိန်းခန့်၊ အင်ဂျင်ပါဝါ 125 ရှပ်ဆိုး/125 R/CZI အမျိုးအစားများမှာ ငွေကျပ် ၉ သိန်းမှ ၁၈ သိန်း ၅ သောင်းခန့်ထိရှိကြောင်း ဆိုင်ကယ်အရောင်းအဝယ်လုပ်ကိုင်သူ ဦးမင်းနိုင်ထံမှ သိရသည်။

(၁၇၃)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၃၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မလှိုင်မြို့နယ် အောင်ပန်းကုန်းကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**မလှိုင် ဇူလိုင် ၄**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)အကောင်အထည်ဖော် ဆောင်ရွက်မည့် အောင်ပန်းကုန်းကျေးရွာ၌ စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဇူလိုင် ၃ ရက်နံနက်ပိုင်းက အဆိုပါကျေးရွာဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ၏ ရည်ရွယ်ချက်များ၊ အဆင့်ဆင့်ဆောင်ရွက်ရမည့် စီမံကိန်းလုပ်ငန်းစဉ်များ၊ စီမံကိန်းမှ ရရှိလာမည့် အကျိုးကျေးဇူးများ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးမိုးခိုင်က စီမံကိန်းလက်စွဲစာစောင်ပါ ကော်မတီဝင်များ ရွေးချယ်ရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ ကော်မတီဝင်များ၏ လုပ်ငန်းတာဝန်များ ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် ကျေးရွာသူ၊ ကျေးရွာသားများ၏ သဘောဆန္ဒနှင့်အညီ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင် ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

အောင်ပန်းကုန်းကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေကျပ် သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေများဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက အနီးကပ်ကြီးကြပ်၍ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုက ပြောပြ၍ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့နေ သုဓမ္မမဏိဇောတဓရ ဦးအောင်နိုင်ဆွေ-အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်မြင့်မြင့်နွယ်(သီရိရွှေစင် စိန်ရွှေရတနာဆိုင်)မိသားစုက ကျောက်ကပ်ဆေးနေသော သံဃာ၊ သီလရှင် ၁၀ ပါးအတွက် အလှူငွေကျပ် ၃၅၀၀၀၀ လှူဒါန်းရာ နာယက ဂုဏ်ထူးဆောင်ပါမောက္ခ ဒေါက်တာ ဦးမိတ်၊ မဟာသဒ္ဓမ္မဇောတိကဓဇ ဂရိတ် ဦးမြဝင်း၊ ဘဏ္ဍာရေးဆပ်ကော်မတီဥက္ကဋ္ဌ ဦးစိုးလွင်နှင့် တာဝန်ရှိသူများက လက်ခံရယူစဉ်။

# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ငါးရံ့ ပိဿာချိန် ၇၈၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**ဘိုကလေး ဇူလိုင် ၄**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ငါးရံ့ ပိဿာချိန် ၇၈၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သီတာက ပြောပြ၍ သိရသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ငါးရံ့များ အပါအဝင် ရေထွက်ကုန်များကို တင်ပို့ရောင်းချလျက်ရှိရာ မေလအတွင်းက ငါးရံ့ ပိဿာချိန် ၅၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန် ၁ ရက်မှ ၃၀ ရက်ထိ ငါးရံ့ ပိဿာချိန် ၇၈၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဇွန်လထဲမှာ ငါးရံ့တွေ သိသိသာသာ တင်ပို့ရောင်းချအား တိုးတက်လာခဲ့ပါတယ်။ ငါးရံ့တွေ တင်ပို့ရောင်းချအားတက်ခဲ့တာက လဲ ပြည်တွင်းမှာ ဝယ်လိုအားကောင်းနေတာကြောင့် ဖြစ်ပါတယ်။ ဒေသထွက် ငါးရံ့တွေ အပါအဝင် ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိကတင်ပို့ပါတယ်။ အခုလို တင်ပို့အား ကောင်းလာတော့ ငါးရံ့မွေးမြူရေးလုပ်ငန်းရှင်တွေနဲ့ လုပ်သားတွေ၊ သဘာဝအတိုင်း ငါးရံ့ရှာဖွေဖမ်းဆီးသူတွေ အဆင်ပြေလာပါတယ်"ဟု ဘိုကလေးမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သီတာက ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း တင်ပို့ရောင်းချခဲ့ရသည့် ငါးရံ့အလတ် ၁၀ ပိဿာလျှင် ငွေကျပ် ၁၂၅၀၀၀၊ ငါးရံ့အသေး ၁၀ ပိဿာလျှင် ငွေကျပ် ၉၅၀၀၀၊ ငါးရံ့အကြီး ၁၀ ပိဿာလျှင် ငွေကျပ် ၁၆၅၀၀၀ ထိ ဈေးပေါက်နေကြောင်း၊ အဆိုပါဒေသတွင် မွေးမြူရေးငါးရံ့နှင့် သဘာဝအတိုင်း ချောင်း၊ အိုင်၊ မြောင်း၊ လယ်ကွင်းများမှရှာဖွေဖမ်းဆီးရရှိသည့် ငါးရံ့များ ထွက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မကွေးမြို့နယ် စမ်းမကြီးကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**မကွေး ဇူလိုင် ၄**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် စမ်းမကြီးကျေးရွာ၌ တိုင်းဒေသကြီးရန်ပုံငွေဖြင့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မကွေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (နည်းပညာ) ဒေါ်မြသက်ထွေး၊ မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းဇော်ဟန်နှင့် ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ စမ်းမကြီးကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လက်ထောက်ညွှန်ကြားရေးမှူး(နည်းပညာ)က တင်ဒါရကုမ္ပဏီမှ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးအောင်ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

စမ်းမကြီးကျေးရွာ၌ လမ်းအရှည် ပေ ၃၃၅၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို တိုင်းဒေသကြီးရန်ပုံငွေကျပ် ၁၁၁ ဒသမ ၈၅၉ သန်းဖြင့် Victory Smile Family ကုမ္ပဏီက တာဝန်ယူ၍ ဇွန် ၂၈ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၃၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ကိုညီ**

# ကလေးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၁၂၆၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**ကလေး ဇူလိုင် ၄**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၁၂၆၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။


ကလေးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၂၇၁၅၇ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇွန်လ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၁၂၆၅ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ကလေးမြို့နယ်အတွင်း စပါး ၁၂၇၁၅၇ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၁၁၂၆၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မိုးစပါးလျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ လိုအပ်တဲ့ နည်းပညာနဲ့ မျိုးစေ့တွေ ဆောင်ရွက်ပေးပါတယ်။ တောင်သူတွေအနေနဲ့ မိုးစပါးတွေ အချိန်မီစိုက်ပျိုးနိုင်ဖို့ ကွင်းဆင်းဆောင်ရွက်ပေးနေပါတယ်"ဟု ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်ထွန်းဝင်းက ပြောပြသည်။

ကလေးမြို့နယ်တွင် ယခုနှစ် မိုးစပါးစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရန်ပညာပေးခြင်း၊ သဘာဝမြေဩဇာ ပြုလုပ်သုံးစွဲနည်းပညာပေးခြင်း၊ မိုးစပါးများ အချိန်မီစိုက်ပျိုးနိုင်ရန်၊ စီးပွားမျိုးများ စိုက်ပျိုးကြရန်အတွက် နည်းပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထို့ပြင် ကလေးမြို့နယ်တွင် မိုးစပါးစိုက်တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှုကာကွယ်ရေးအသိပညာပေးခြင်း၊ စပါးများ ပျက်စီးဆုံးရှုံးမှု မရှိစေရေး၊ ရိတ်သိမ်းပြီးစပါးများ အမိုးအကာအောက် အချိန်မီရောက်ရှိရေး အသိပညာပေးခြင်းလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မိုးစပါးစိုက်ပျိုးရာတွင် ဆင်းကေရီ (၃)၊ ရောမင်း၊ မှော်ဘီ(၂)၊ ဒေသစပါးမျိုးများကို စိုက်ပျိုးကြကြောင်း သိရသည်။

(၂၀၆)



# မီးခိုးမထွက်တဲ့စက်ရုံတွေနဲ့ မှုခင်းကြီးငယ်အသွယ်သွယ်

**မောင်ငြိမ်းသူ(ကြို့ပင်ကောက်)**

အိမ်ထောင်ရေးဖောက်ပြန်ကြသူနှစ်ဦး ဟိုတယ်မှာ ချိန်းတွေ့ခဲ့ကြရင်းက အချင်းများခဲ့ကြရာ ဖောက်ပြန်သူ အမျိုးသားက အမျိုးသမီးကိုသတ်ပြီးတိမ်းရှောင်ထွက်ပြေးသွားခဲ့သည်။

တိမ်းရှောင်ထွက်ပြေးသွားသူ လူသတ်တရားခံကို ရဲတပ်ဖွဲ့ဝင်များက ခဲရာခဲဆစ်ကြိုးစားပြီး လေ့လာစုံစမ်းဖမ်းဆီးခဲ့ကြရသည်။ အကြောင်းမှာမူ ထိုဟိုတယ်မှာ တည်းခိုခဲ့ကြသူနှစ်ဦး၏ နိုင်ငံသားစိစစ်ရေးကတ်၊ နံပါတ်၊ နေရပ်လိပ်စာများလုံးဝမရှိသောကြောင့်ပင်တည်း။

ဟိုတယ်၊ မိုတယ်၊ အင်းနှင့် တည်းခိုခန်းတိုင်း လာရောက်တည်းခိုကြသည့် ဧည့်သည်များ၏ နိုင်ငံသားစိစစ်ရေးကတ်များကို အခန်းယူကြသည်နှင့် တစ်ပြိုင်နက် တောင်းခံထားကြရသည်။ ထို့နောက် မှတ်တမ်းစာအုပ်တွင် လာရောက်တည်းခိုသူ၏ အမည်၊ နိုင်ငံသားစိစစ်ရေးအမှတ်၊ အခန်းနံပါတ်၊ စတင်နေသည့် နေ့ရက်၊ အချိန်၊ ပြန်လည်ထွက်ခွာသွားသည့် နေ့ရက်၊ အချိန်များကို မှတ်တမ်းတင်ထားကြရပါသည်။ အခန်းပြန်အပ်၊ စစ်ဆေးပြီးမှ နိုင်ငံသားစိစစ်ရေးကတ်ကို ပြန်လည်ပေးအပ်ကြရသည်။

ဖောက်ပြန်သူချင်း၊ လူသတ်မှုဖြစ်ပွားခဲ့သော ဟိုတယ်တွင် သူတို့နှစ်ယောက်၏စာရင်းမှတ်တမ်းများ မရှိခြင်းမှာ အလွန်ပင်စဉ်းစားစရာကောင်းလှသည်။

ထိုနည်းတူ လွန်ခဲ့သော သုံးနှစ်ခန့်က မိန်းကလေးများကို ယုတ်မာစွာဖျက်ဆီးနေသူကို နာကြည်းလွန်းသူ အမျိုးသမီးက တည်းခိုခန်းမှာပင် ချိန်းတွေ့ပြီး သတ်ခဲ့သည်။

ရန်ကုန်မြို့တော်အတွင်းမှာပင် နားလည်မှုနှင့် လက်ခံနေကြသော ဟိုတယ်၊ မိုတယ်၊ အင်းနှင့် တည်းခိုခန်းများရှိနေကြသကဲ့သို့ နိုင်ငံသားစိစစ်ရေးကတ်မူရင်းကို ပြသပေးအပ်လျှင်တောင် ရန်ကုန်မြို့တွင် နေထိုင်သူများကို လက်မခံကြသော တည်းခိုခန်းများလည်းရှိကြသည်။ တာဝန်တစ်ရပ်ရပ်ကို အကြောင်းပြတောင်းပန်သော်လည်း စည်းကမ်းအရ လုံးဝလက်မခံကြဘဲ ငြင်းဆန်ကြလေ့ရှိသည်။ ဖြစ်ရပ်မှန်မှုခင်းများထဲမှ သာဓကမှုခင်းတစ်ရပ်ကို ဖော်ပြလိုသည်။ ရန်ကုန်မြို့လယ်ရှိ ဟိုတယ်တစ်ခုသို့ သူခိုးက လမ်းပျော်ငှက်ကိုခေါ်လာခဲ့သည်။ လမ်းပျော်ငှက်ကလည်း ပလက်ဖောင်းပေါ်မှာ သူခိုးနှင့်ဝင်တိုက်မိပြီး "ဒဂုံတောင်ကို မပြန်တတ်လို့ မျက်စိလည်နေတဲ့ တောသူလေးပါ။ လိုက်ပို့ပေးပါ အစ်ကိုရယ်"ဟု လိမ်ညာဟန်ဆောင်သိမ်းသွင်းခဲ့သည်။ သူခိုးကလည်း နီးစပ်ရာစားသောက်ဆိုင်သို့ခေါ်သွားကာ ကျွေးမွေးဧည့်ခံသွေးဆောင်လှည့်ဖြားနေခဲ့သည်။ အချိန်မရှိတော့ဘူး၊ နောက်တစ်နေ့နံနက် မိုးလင်းမှပဲ လိုက်ပို့ပေးပါမယ်ဟု အချိုသတ်ကာ ဟိုတယ်သို့ခေါ်သွားပြီး ပျော်ပါးအိပ်စက်ခဲ့ကြသည်။

နံနက်မိုးလင်းတော့ လမ်းပျော်ငှက်ကလေး၊ ကြက်ပျောက်ငှက်ပျောက်၊ ခြေရာဖျောက်သွားခဲ့သည်။ သူခိုးက ကိုယ်လက်သန့်စင်ပြီး သူ့ကျောပိုးအိတ်ကို ဆွဲကြည့်လိုက်ရာ သူ ခိုးလာခဲ့သော ငွေကျပ်သိန်း ၆၀ ကျော်ပါသွားသည်ကို သိလိုက်ရသည်။ ကျောချမှခေါ်ပြုမှန်းသိ၊ သူခိုးလက်မှ သူဝှက်လုခံရကိန်းဆိုက်ရောက်သွားသော သူခိုးသည် ရှက်ရှက်နှင့် ငြိမ်ကုပ်နေခဲ့ရသည်။ လည်သူစားစတမ်းမို့ ဝဋ်လည်သည်ဟု ခံယူနေခဲ့သည်။ သို့သော် လမ်းပျော်ငှက်ကို ကလဲ့စားချေရန် ကြံရွယ်ထားခဲ့သည်။

တစ်နေ့မှာ သူခိုးကို ရဲတပ်ဖွဲ့ဝင်များက မသင်္ကာမှုဖြင့် ဖမ်းဆီးစစ်ဆေးခဲ့ရာ သူ ခိုးယူခဲ့သော ငွေကျပ်သိန်း ၆၀ ကျော်ကို မိန်းမလည်လမ်းပျော်ငှက်က တစ်ပတ်ရိုက်ပြီး ခိုးယူထွက်ပြေးသွားကြောင်း ဖွင့်ဟဝန်ခံခဲ့သည်။

ထို့ကြောင့် ရဲတပ်ဖွဲ့ဝင်များက မိန်းမလည်လမ်းပျော်ငှက်ကို ပိုက်စိပ်တိုက်ရှာဖွေခဲ့ကြသည်။ သဲလွန်စရခဲ့သော ဧရာဝတီတိုင်းဒေသကြီးထဲမှ ဇလွန်မြို့ထိ လိုက်လံရှာဖွေခဲ့ကြရာ နောက်ဆုံးမှာ ရန်ကုန်မြို့ ဘုရင့်နောင်ဘက်ရှိ တည်းခိုခန်းတစ်ခုသို့ ပြန်အလာတွင် ဖမ်းဆီးရမိခဲ့သည်။

ချစ်သူအတွဲတစ်တွဲ တည်းခိုခန်းသို့ရောက်သွားခဲ့ကြသည်။ တည်းခိုခန်းထဲတွင် မိန်းကလေးကသားမယားအဖြစ်ပြုကျင့်ခံခဲ့ရသည်။ မိန်းကလေး၏မိခင်က ယောကျ်ားလေးကို မုဒိမ်းမှုဖြင့် အမှုဖွင့်ခဲ့သည်။ ယောကျ်ားလေးက သူတို့ချစ်သူနှစ်ဦး၊ အလိုတူအလိုပါ ကြည်ဖြူစွာဆက်ဆံခဲ့ကြတာပါဟု အကြောင်းပြခဲ့သည်။ မိန်းကလေး၏မိခင်က သူ့သမီးကို အချိုရည်တိုက်ပြီး မူးဝေအိပ်ပျော်သွားချိန်တွင် အတင်းအဓမ္မကျင့်ခဲ့တာပါဟုထွက်ဆိုခဲ့သည်။ ထိုသို့သော မှုခင်းများများစွာရှိခဲ့ကြသည်။

ရန်ကုန်မြို့လယ်ရှိ အအေးဆိုင်ကြီးတစ်ဆိုင်မှ မိန်းကလေးနှင့် သင်္ဘောသားတစ်ဦးချစ်ကြိုက်ခဲ့ကြရာ သင်္ဘောသားက သင်္ဘောပေါ်ပြန်မတက်မီ လက်ထပ်ပါမည်ဟုဆိုကာ ဟိုတယ်နှင့်တည်းခိုခန်းများတွင် သမီးရည်းစားမက လင်မယားမကျနေထိုင်ခဲ့ကြသည်။ ထို့နောက် သင်္ဘောသားက မိန်းကလေးကို အဆက်ဖြတ်ကာ သူ့ရွာသို့ပြန်သွားခဲ့သည်။ မိန်းကလေးက ကာမလိမ်လည်မှု၊ ပုဒ်မ-၄၁၇ ဖြင့် အမှုဖွင့်တရားစွဲဆိုခဲ့သည်။

ပဲခူးမြို့ရှိ ဟိုတယ်ကြီးတစ်ခုမှာ ညအိပ်တည်းခိုခဲ့ကြကြောင်း တည်းခိုခဲ့သည့် နေ့ရက်၊ အခန်းနံပါတ်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊ နေရပ်လိပ်စာအပြည့်အစုံ မှတ်တမ်းတင်ထားသည်များကို မိန်းကလေးက သက်သေခံအဖြစ်တင်ပြခဲ့ရာ သင်္ဘောသားမငြင်းနိုင်တော့ဘဲ ပြစ်ဒဏ်ကျခံသွားခဲ့ရသည်။

လွန်ခဲ့သော ဆယ်နှစ်ကျော်ခန့်က ရန်ကုန်မြို့တွင်းနှင့် ဝန်းကျင်တစ်ခွင်တွင် တက္ကစီကားဖြင့် မလည်မဝယ်ယောင်ချာချာ မိန်းမငယ်လေးများကို လိုက်လံရှာဖွေကာ ပျော်ပါးဖျက်ဆီးသည့်အပြင် ပါသမျှရွှေငွေများကို ယူဆောင်ပြေးနေသည့် မနုဿမုဆိုးတစ်ယောက်ရှိခဲ့သည်။ မြွေအလမ္ပာယ်ဆရာသည် မြွေကိုက်ခံရ၍သေဆုံးရသလို မနုဿမုဆိုးလည်း သားကောင်ကိုဝါးမျိုနေရင်းက ကျဆုံးခန်းသို့ ရောက်သွားခဲ့ရသည်။

တစ်နေ့တွင် ကမာရွတ်ရှိ ဘော်ဒါဆောင်တစ်ဆောင်မှ အလုပ်ရှာရန်ထွက်လာသော တောသူလေးတစ်ယောက်ကို မနုဿမုဆိုးက မျက်စိကျပြီး စားသောက်ဆိုင်တစ်ဆိုင်သို့ ခေါ်သွားကာ ဧည့်ခံကျွေးမွေးခဲ့သည်။

အလုပ်ရှာပေးမည်ဟု မက်လုံးပေးကာ ကျိုးသွင်းခဲ့ပြီး ပန်းဘဲတန်းမြို့နယ်ထဲရှိ တည်းခိုခန်းတစ်ခန်းသို့ ခေါ်ဆောင်လာခဲ့သည်။ တည်းခိုခန်းထဲသို့ရောက်သောအခါ မူးယစ်စေသော ဆေးတစ်မျိုးကို တိုက်ကျွေးကာ စိတ်တိုင်းကျပျော်ပါးပြီး မိန်းကလေး၏လက်ဝတ်ရတနာများကို ချွတ်ယူနေခဲ့သည်။ ထိုသို့ မနုဿမုဆိုးက မသင်္ကာဖွယ်ရာလုပ်နေသည်ကို အခန်းသန့်ရှင်းရေးအလုပ်သမားလေးက ချောင်းမြောင်းကြည့်ရင်း မြင်တွေ့သွားခဲ့ရာမှ မန်နေဂျာကတစ်ဆင့် ရဲစခန်းသို့ သတင်းပေးပို့ခဲ့သည်။ ရဲတပ်ဖွဲ့ဝင်များကလည်း ချက်ချင်းပဲရောက်လာခဲ့ကြရာ မနုဿမုဆိုးကို မိန်းကလေး၏ လက်ဝတ်ရတနာများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။ သတိလစ်မေ့မြောနေသော မိန်းကလေးကို ရန်ကုန်ဆေးရုံကြီးသို့ တင်ပို့လိုက်ရသည်။

တည်းခိုခန်းထဲတွင် ဖောက်ပြန်နေသော မယားကို လင်ယောကျ်ားက ဆံပင်ကိုဆွဲပြီး ထိုးကြိတ်ရိုက်နှက်နေခဲ့ရာ တည်းခိုခန်းမန်နေဂျာက တည်းခိုခန်းနာမည်ပျက်မည် စိုးရိမ်သောကြောင့် ဝင်ရောက်ဖျန်ဖြေပေးခဲ့သည်။

လင်ယောကျ်ားဖြစ်သူက သူ့မိန်းမနှင့်ဖောက်ပြားပျော်ပါးနေသူကို မယားခိုးမှုဖြင့် တရားစွဲဆိုမည်။ တည်းခိုခန်းမန်နေဂျာကိုလည်း ကြံရာပါအဖြစ် တရားစွဲဆိုမည်ဟု ခြိမ်းခြောက်ငွေညှစ်ခဲ့ရာ ပျော်ပါးခဲ့သူအမျိုးသားက ဂုဏ်သိက္ခာကိုငဲ့ကွက်ပြီး ရှက်ရှက်နှင့် ငွေကျပ် ၁၀ သိန်းပေးလျော်ခဲ့ရသည်။ တကယ်တော့ ပြည့်တန်ဆာခေါင်းက ပြည့်တန်ဆာမကို တည်ကြက်လုပ်ကာ ငွေညှစ်စားကြခြင်းဖြစ်သည်။ တည်းခိုခန်းမန်နေဂျာလည်း သူ့လူကိုယ့်ဘက်သားလုပ်စားနေသည့် ကြံရာပါအစစ်ဖြစ်နေသည်ကို မိန်းမလိုက်စား၊ ပျော်ပါးသူများ မသိကြသည်မှာ အလွန်ပင် သနားစရာကောင်းသလို၊ ရွံရှာအော့နှလုံးနာစရာ ကောင်းနေသည်။

လွန်ခဲ့သော ကိုးနှစ်ကျော်ခန့်က ရန်ကုန်မြို့လယ်ထဲရှိ တည်းခိုခန်းတချို့တွင် ပြည့်တန်ဆာများက အချိန်ပိုင်းအသုံးချ သောင်းကျန်းနေကြသဖြင့် ရှောင်တခင်ဝင်ရောက်စစ်ဆေး၊ ဖမ်းဆီးအပြစ်ပေးခဲ့ကြသည်။ ပိုင်ရှင်တချို့ ထောင်ဒဏ်ကျခံခဲ့ရပြီး အချို့ တည်းခိုခန်းများကို ချိပ်ပိတ်ပစ်ခဲ့ကြသည်။ သို့သော် နောက်ပိုင်းမှာတော့ ဗေဒါတို့က ပန်းပန်လျက်ပင်။

ဟိုတယ်၊ မိုတယ်၊ အင်းများနှင့် တည်းခိုခန်းများသည် လောင်စာဆီ၊ စက်ကိရိယာ၊ စက်ရုံလုပ်သား၊ စက်ရုံကုန်ကြမ်း၊ ကုန်ချော၊ ဘာမျှထားစရာမလိုကြဘဲ ဆန္ဒပြုကြမည့်သူများမရှိဘဲ အခန်းများကန့်၊ အချိန်ပိုင်းလေးသာ ငှားစားနေကြရုံမျှဖြင့် ဝင်ငွေကောင်းနေကြသော **မီးခိုးမထွက်တဲ့ စက်ရုံများ** ဖြစ်ကြသည်။

မီးခိုးမထွက်သောစက်ရုံများက ဧည့်စာရင်းတိုင်ကြားကြရာတွင် ကိုယ့်နိုင်ငံသားများအတွက် ရပ်ကွက်အဆင့်နှင့်ပြီးပြတ်ကြသော်လည်း နိုင်ငံခြားသားပြည်ပဧည့်သည်များ လာရောက်တည်းခိုကြပါက ရပ်ကွက်အဆင့်နှင့်မရကြတော့ဘဲ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် မြို့နယ်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန ဦးစီးမှူးထိ ဧည့်စာရင်းကိုပေးပို့ကြရသည်။

မီးခိုးမထွက်သော စက်ရုံများကသာ ဧည့်စာရင်းမတိုင်ကြားရပါက အဖျက်သမားများ၏ အသေခံဗုံးခွဲမှုများ၊ မသမာသောနည်းလမ်းများနှင့် ဝင်ရောက်လာကြသော နိုင်ငံခြားသားများနှင့် ဒုစရိုက်သမားများ၏ အန္တရာယ်ကိုရင်ဆိုင်ရဖွယ်ရှိနေသည်။ အိမ်နီးချင်းနိုင်ငံတစ်နိုင်ငံမှာ ဖြစ်ပွားခဲ့ဖူးသည်ကို သင်ခန်းစာယူသင့်သည်။

ထို့ပြင် မီးခိုးမထွက်သော စက်ရုံပိုင်ရှင်များနှင့် မန်နေဂျာများသည် ပြည့်တန်ဆာမှန်းသိလျက်နှင့် လက်ခံထားကြပါက "၁၉၄၉ ခုနှစ်၊ ပြည့်တန်ဆာနှိပ်ကွပ်ရေးအက်ဥပဒေ ၅ (၁) အရ" တစ်နှစ်ထက်မနည်း၊ ငါးနှစ်ထက်မများသော ထောင်ဒဏ်ကို ချမှတ်ခံရမည့်အပြင် ငွေဒဏ်လည်း ချမှတ်ခံကြရမည်။ ထို့ပြင် အိမ်ခန်း၊ အိပ်ခန်း၊ ဥပစာနေအိမ်၊ အဆောက်အအုံများကို ပြည့်တန်ဆာများ အသုံးပြုရန် ငှားရမ်းလျှင် သို့မဟုတ် အသုံးပြုရန် သဘောတူခဲ့လျှင် ထိုသူကို ပြည့်တန်ဆာနှိပ်ကွပ်ရေးအက်ဥပဒေ-၈ (ဂ) အရ တစ်နှစ်ထက်မနည်း၊ ငါးနှစ်ထက်မများသော ထောင်ဒဏ်ကို ချမှတ်ခံရမည့်အပြင် ငွေဒဏ်လည်း ချမှတ်ခံကြရပါမည်။

ဆိုင်းဘုတ်တခြား၊ အလုပ်တခြား၊ လုပ်စားနေကြသော အလှပြင်ဆိုင်များ၊ ကာရာအိုကေနှင့် မာဆတ်များ၊ မီးခိုးမထွက်သောစက်ရုံများအနေဖြင့် လိုက်နာကြရမည့် စည်းကမ်းများနှင့် ရှောင်ကြဉ်ကြရမည့် နည်းလမ်းများကို လိုက်နာကြခြင်းမရှိဘဲ စည်းကမ်းဖောက်ဖျက်ကြပါက ထိရောက်စွာအရေးယူအပြစ်ပေးသင့်သည်။

နိုင်ငံခြားတိုင်းပြည်များတွင် အသက် ၁၈ နှစ်အောက်မဝင်ရ၊ မကြည့်ရဟူသော တားမြစ်ချက်များ သတ်မှတ်ထုတ်ပြန်ပြီး ပြင်းပြင်းထန်ထန်ပြစ်ဒဏ်ချမှတ်အရေးယူနေကြရာ စံနမူနာယူကြစေချင်သည်။

မြန်မာနိုင်ငံအနေဖြင့်လည်း လက်ထပ်ထိမ်းမြားခြင်းဆိုင်ရာ ဥပဒေအရသတ်မှတ်ထားသော **အသက် ၁၆ နှစ်အောက်မိန်းကလေးများ၊ မီးခိုးမထွက်သော စက်ရုံများအတွင်းသို့ မိဘ၊ အုပ်ထိန်းသူများမပါဘဲ မဝင်ရ** ဟူသော စည်းကမ်းတားမြစ်ချက်ထုတ်ပြန်ထားသင့်သည်။ သို့မှသာလျှင် မုဒိမ်းမှုများ၊ လူခိုးမှုများ၊ ဆေးခတ်မှုများနှင့်လုယက်မှုများ လျော့နည်းသွားပေလိမ့်မည်။

မီးခိုးမထွက်သော စက်ရုံတိုင်းကို မဆိုလိုပါ။ စည်းနှင့်ကမ်းနှင့် စနစ်တကျ၊ စာနာစိတ်ပြည့်ဝစွာဖြင့် ဝန်ဆောင်မှုပေးနေကြသော စက်ရုံပေါင်းများစွာ အနယ်နယ်၊ အရပ်ရပ်မှာရှိနေကြသည်။ ဂုဏ်ပြုမှတ်တမ်းတင်ပြီး အားပေးနေသည်။

ဘယ်သူသေသေ ငတေမာပြီးရောလုပ်စားနေကြသူများ **ဝဋ်မှာအမြဲ၊ ငရဲမှာအပတဲ့။ ဝဋ်မလည်ကြပါစေနဲ့။**

❖ မြန်မာနိုင်ငံအနေဖြင့်လည်း လက်ထပ်ထိမ်းမြားခြင်းဆိုင်ရာ ဥပဒေအရသတ်မှတ်ထားသော အသက် ၁၆ နှစ်အောက်မိန်းကလေးများ၊ မီးခိုးမထွက်သောစက်ရုံများအတွင်းသို့ မိဘ၊ အုပ်ထိန်းသူများမပါဘဲ မဝင်ရ ဟူသော စည်းကမ်းတားမြစ်ချက်ထုတ်ပြန်ထားသင့်သည်။ သို့မှသာလျှင် မုဒိမ်းမှုများ၊ လူခိုးမှုများ၊ ဆေးခတ်မှုများနှင့်လုယက်မှုများလျော့နည်းသွားပေလိမ့်မည်။ မီးခိုးမထွက်သော စက်ရုံတိုင်းကို မဆိုလိုပါ။ စည်းနှင့်ကမ်းနှင့် စနစ်တကျ၊ စာနာစိတ်ပြည့်ဝစွာဖြင့် ဝန်ဆောင်မှုပေးနေကြသော စက်ရုံပေါင်းများစွာ အနယ်နယ်၊ အရပ်ရပ်မှာရှိနေကြသည်။ ဂုဏ်ပြုမှတ်တမ်းတင်ပြီး အားပေးနေသည်။ ❖

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကို လက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ်ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

# မင်းကင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ဧက ၂၃၅၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မင်းကင်း ဇူလိုင် ၄**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ဧက ၂၃၅၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြ၍ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မင်းကင်းမြို့နယ်တွင် ပဲတီစိမ်း ၅၄၆၄ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ပဲတီစိမ်း ဧက၂၃၅၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မင်းကင်းမြို့နယ်မှာ ပဲတီစိမ်း ဧက ၅၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ဧက ၂၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားချက်ဧကပြည့်မီစွာစိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့ ပညာပေးတာတွေရှိတယ်။ အထွက်နှုန်းကောင်းမွန်ဖို့အတွက် မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ ပညာပေးတာတွေရှိပါတယ်"ဟု မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြသည်။

ယခုနှစ် မင်းကင်းမြို့နယ်၌ တောင်သူများ ပဲတီစိမ်းစိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းစေရေး၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲတတ်စေရေး၊ အထွက်နှုန်းကောင်းမွန်စေရေးတို့အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက အသိပညာပေးဆောင်ရွက်လျက်ရှိကြောင်း၊ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံသီးနှံများစိုက်ပျိုးရာတွင် ပဲသီးနှံများ အထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်ရေးအတွက် လိုအပ်သည့် မျိုးကောင်း၊ မျိုးသန့်များ၊ သွင်းအားစုများ၊ ရိတ်သိမ်းချိန်လွန်နည်းပညာပေးခြင်းများကိုလည်း တောင်သူများနှင့် ပူးပေါင်းပြီး ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (၂၀၆)

# ထားဝယ်မြို့နယ်၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု သံဂဟေဆက်သင်တန်းဖွင့်ပွဲ ကျင်းပ

**ထားဝယ် ဇူလိုင် ၄**

တနင်္သာရီတိုင်းဒေသကြီးထားဝယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အသက်မွေးဝမ်းကျောင်းအထောက်အကူဖြစ်စေရန်နှင့်အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်ရည်ရွယ်၍ သံဂဟေဆက်သင်တန်းဖွင့်ပွဲကို ဇူလိုင် ၃ ရက် နံနက်ပိုင်းက အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ဖွင့်ပွဲအခမ်းအနားတွင် ရှေးဦးစွာ တနင်္သာရီတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးလှိုင်အေးက အမှာစကားပြောကြားသည်။

ဆက်လက်၍ ထားဝယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သာသာရည်က အသက်မွေးဝမ်းကျောင်းအထောက်အကူပြု သံဂဟေဆက်သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များနှင့် ရရှိလာမည့်အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သင်တန်းနည်းပြဆရာများက သင်တန်းတက်ရောက်ရာတွင် လိုက်နာရမည့်စည်းကမ်းများ၊ သင်တန်း၌ သင်ကြားပို့ချမည့် ဘာသာရပ်များကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသော တာဝန်ရှိသူများက သင်ထောက်ကူပစ္စည်းများကို သင်တန်းသားများထံသို့ လွှဲပြောင်းပေးအပ်သည်။

အဆိုပါ သံဂဟေဆက်သင်တန်းသို့ ထားဝယ်မြို့နယ်အတွင်းရှိ ကျေးရွာများမှ သင်တန်းသား ၁၀ ဦးတက်ရောက်ကြပြီး သင်တန်းတွင် သံဂဟေဆက်နည်းနှင့် သက်ဆိုင်သည့် သင်ခန်းစာများကို ကျွမ်းကျင်နည်းပြဆရာများက ဇူလိုင် ၃ ရက်မှ ဇူလိုင် ၂၂ ရက်ထိ စာတွေ့၊ လက်တွေ့ဖြင့် အခမဲ့သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း ဒုတိယညွှန်ကြားရေးမှူး ဦးလှိုင်အေးက ပြောပြ၍ သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**

## စာကြည့်တိုက်သို့ သွားကြစို့

- ကိုယ်လက်လှုပ်ရှား<br>အားကစား<br>ဖွံ့ထွားကျန်းမာ<br>ကိုယ်ခန္ဓာ။

- စာဖတ်စွမ်းအား<br>အလေးထား<br>မြင့်မားပညာ<br>စိတ်ကျန်းမာ။

- စာပေလေ့လာ<br>ဝါသနာ<br>ပညာပြည့်ဝ<br>နှလုံးလှ။

- မွန်မြတ်ရတနာ<br>"အလိမ္မာ"<br>သေချာရှုကြည့်<br>"စာ"မှာရှိ။

- ဖွေရှာကြိုးကုတ်<br>တလှုပ်လှုပ်<br>"စာအုပ်စာပေ<br>လှမိတ်ဆွေ"။

- ကျောင်းသင်ပညာ<br>ခြေခံပါ<br>ဖွေရှာဖတ်ကြ<br>ကျောင်းပြင်ပ။

- သိပ္ပံ ဝိဇ္ဇာ<br>သင်လိုရာ<br>လေ့လာစိတ်ကြိုက်<br>စာကြည့်တိုက်။ ။

**ကျော်စောဟန်**


## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

- Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။
- မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လေ့ကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# နိုင်ငံတကာ သတင်းများ

## ကွာလာလမ်ပူနိုင်ငံတကာလေဆိပ်၌ ဓာတုဓာတ်ငွေ့ယိုစိမ့်မှုဖြစ်ပွား

**ကွာလာလမ်ပူ ဇူလိုင် ၄**

မလေးရှားနိုင်ငံ ကွာလာလမ်ပူနိုင်ငံတကာလေဆိပ် လေယာဉ်ပြင်ဆင်ရေးရုံတစ်ခု၌ ယနေ့တွင် ဓာတ်ငွေ့ယိုစိမ့်မှုဖြစ်ပွားခဲ့ရာ လူဦးရေ ၂၀ မူးဝေမှုပြဿနာနှင့် ရင်ဆိုင်ခဲ့ရကြောင်း သိရသည်။

သို့ရာတွင် အဆိုပါဓာတ်ငွေ့ယိုစိမ့်မှုပြဿနာကြောင့် ကွာလာလမ်ပူနိုင်ငံတကာလေဆိပ်လုပ်ငန်းလည်ပတ်မှု ထိခိုက်မှုမရှိကြောင်း သိရသည်။

ဓာတ်ငွေ့ယိုစိမ့်မှုကြောင့် မူးဝေမှုပြဿနာနှင့်ရင်ဆိုင်ခဲ့ရသူ ဦးရေ ၂၀ ကို ဆေးရုံပို့ဆောင်ဆေးကုသမှုများပြုလုပ်ပေးထားကြောင်း ဆီလန်ဂေါ ပြည်နယ်တာဝန်ရှိသူများက ပြောကြားခဲ့သည်။

သို့ရာတွင် ဓာတုဓာတ်ငွေ့ယိုစိမ့်မှုဖြစ်စဉ်နှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို မလေးရှားတာဝန်ရှိသူများက ထုတ်ဖော်ပြောကြားခြင်း မရှိသေးကြောင်း သိရသည်။

ဓာတုဓာတ်ငွေ့ယိုစိမ့်မှုကြောင့် မူးဝေမှုပြဿနာရင်ဆိုင်ခဲ့ရသူအားလုံးမှာ လေဆိပ်ဝန်ထမ်းများဖြစ်ကြောင်း ကွာလာလမ်ပူနိုင်ငံတကာလေဆိပ်တာဝန်ရှိသူများက ပြောကြားထားသည်။

ဓာတုဓာတ်ငွေ့ယိုစိမ့်မှုပြဿနာဖြစ်ပွားခဲ့ရာ လေယာဉ်ပြင်ဆင်ရေးရုံသို့ ဓာတုပစ္စည်းကျွမ်းကျင်သူများ စေလွှတ်ထားကြောင်း မလေးရှားတာဝန်ရှိသူများက ပြောကြားထားကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**



## ပြင်ပကြားဝင်စွက်ဖက်မှုကို စုစည်းရင်ဆိုင်ရန် အက်စ်စီအိုနိုင်ငံများကို တရုတ်သမ္မတ ရှီကျင့်ဖျင်တိုက်တွန်း



**အက်စ်တာနာ ဇူလိုင် ၄**

ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(အက်စ်စီအို) အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ပြင်ပကြားဝင်စွက်ဖက်မှုများကို စည်းစည်းလုံးလုံး ရင်ဆိုင်သင့်ပြီး တစ်နိုင်ငံနှင့်တစ်နိုင်ငံ အားပေးထောက်ခံကြရမည်ဖြစ်ကြောင်း တရုတ်သမ္မတ ရှီကျင့်ဖျင်က ယနေ့တွင် ပြောကြားခဲ့သည်။

ကာဇက်စတန်နိုင်ငံ အက်စ်တာနာမြို့၌ကျင်းပသည့်အက်စ်စီအို ထိပ်သီးညီလာခံတွင် တရုတ်သမ္မတ ရှီကျင့်ဖျင်က အက်စ်စီအိုအဖွဲ့ဝင်နိုင်ငံများကို ထိုကဲ့သို့တိုက်တွန်းခဲ့ခြင်းဖြစ်သည်။

အက်စ်စီအိုအဖွဲ့ဝင်အနေဖြင့် အဖွဲ့ဝင်နိုင်ငံများကြားသဘောထားကွဲလွဲမှုများကို ငြိမ်းချမ်းစွာဖြေရှင်း၍ ဘုံသဘောတူညီချက်ရယူသင့်ကြောင်း သမ္မတရှီကျင့်ဖျင်က အက်စ်စီအို ထိပ်သီးညီလာခံတွင် ပြောကြားခဲ့သည်။

ထို့နည်းတူ အက်စ်စီအိုနိုင်ငံများအနေဖြင့် သိပ္ပံနှင့်နည်းပညာနယ်ပယ်တီထွင်ဆန်းသစ်မှုများကိုလည်း ပူးတွဲမြှင့်တင်ရန် လိုအပ်ကြောင်း တရုတ်သမ္မတရှီကျင့်ဖျင်က ပြောကြားခဲ့သည်။

ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့သည် ၂၀၀၁ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး အဖွဲ့ဝင်များအဖြစ် ကာဇက်စတန်၊တရုတ်၊ရုရှား၊ဥဇဘက်ကစ္စတန်၊တာဂျစ်ကစ္စတန်နှင့် ကာဂျစ်စတန်နိုင်ငံတို့ ပါဝင်ခဲ့သည်။

နောက်ပိုင်းတွင် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၌ အိန္ဒိယ၊အီရန်၊ ပါကစ္စတန်နှင့်ဘီလာရုစ်တို့ကလည်း အဖွဲ့ဝင်သစ်များအဖြစ် ထပ်မံပါဝင်လာခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

## နှစ်နိုင်ငံနယ်စပ်ပြဿနာများကို ဖြေရှင်းရေးအတွက် တရုတ်နှင့် အိန္ဒိယနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးတို့ သဘောတူ

**ဒေလီ ဇူလိုင် ၄**

နှစ်နိုင်ငံ နယ်စပ်တစ်လျှောက်ပြဿနာများကိုဖြေရှင်းရေးအတွက် တွေ့ဆုံဆွေးနွေးမှုများ မြှင့်တင်ပြုလုပ်ရန် အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးနှင့် တရုတ်နိုင်ငံခြားရေးဝန်ကြီးတို့က သဘောတူခဲ့ကြကြောင်း ယနေ့သတင်းများတွင် ရေးသားဖော်ပြထားသည်။

အိန္ဒိယ နိုင်ငံခြားရေးဝန်ကြီး အက်စ်ဂျိုင်ရှန်ကာနှင့် တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိတို့သည် ကာဇက်စတန်နိုင်ငံ အက်စ်တာနာမြို့၌ကျင်းပခဲ့သည့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(အက်စ်စီအို)ထိပ်သီးညီလာခံ၌ ယနေ့တွင် သီးခြားတွေ့ဆုံဆွေးနွေးခဲ့ကြသည်။

တရုတ်နှင့် အိန္ဒိယ နှစ်နိုင်ငံကြား နယ်စပ်တင်းမာမှုများကြာရှည်ခဲ့ပါက နှစ်နိုင်ငံလုံးအတွက် အကျိုးမရှိကြောင်းကို အဆိုပါဆွေးနွေးပွဲတွင် တရုတ်နှင့်အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးများက သဘောတူခဲ့ကြကြောင်း အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

တရုတ်နှင့် အိန္ဒိယနှစ်နိုင်ငံကြား ဟိမဝန္တာဒေသတစ်ခု၌ ၂၀၂၀ ပြည့်နှစ် ဇူလိုင်လအတွင်း တရုတ်နှင့် အိန္ဒိယနယ်ခြားစောင့်တပ်ဖွဲ့ဝင်များအကြား ရန်ပွဲဖြစ်ပွားခဲ့ရာ အိန္ဒိယတပ်ဖွဲ့ဝင်ဦးရေ ၂၀ နှင့် တရုတ်တပ်ဖွဲ့ဝင် လေးဦး သေဆုံးခဲ့ရကြောင်း သိရသည်။

အဆိုပါပြဿနာပေါ်ပေါက်ခဲ့ပြီးနောက် တရုတ်နှင့် အိန္ဒိယတို့အကြား နှစ်နိုင်ငံဆက်ဆံရေးမှာ လက်ရှိအချိန်ထိ တင်းမာနေခဲ့ရသည်။

တရုတ်နှင့် အိန္ဒိယနိုင်ငံတို့အနေဖြင့် နှစ်နိုင်ငံနယ်စပ်ပြဿနာများကို အချိန်မဆိုင်းဘဲ ဖြေရှင်းသင့်ကြောင်း အိန္ဒိယဝန်ကြီးချုပ် နာရန်ဒရာမိုဒီက ယခုနှစ် ဧပြီလအတွင်း ထုတ်ဖော်ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

## အိန္ဒိယ၌ ဘာသာရေးပွဲတော်လူပြိုမှုနှင့် ပတ်သက်၍ လူ ခြောက်ဦးကိုဖမ်းဆီး

**ဒေလီ ဇူလိုင် ၄**

ယခုသီတင်းပတ်အတွင်း ဥတ္တရပရာဒေ့ရှ်ပြည်နယ်၌ဖြစ်ပွားခဲ့သော ဟိန္ဒူဘာသာရေးပွဲတော်လူပြိုမှုနှင့် ပတ်သက်၍ လူ ခြောက်ဦးကို အိန္ဒိယရဲတပ်ဖွဲ့က ဖမ်းဆီးထားကြောင်း သိရသည်။

ဥတ္တရပရာဒေ့ရှ်ပြည်နယ် ဟာသရက်စ်ခရိုင်၌ ဇူလိုင် ၂ ရက်တွင် ဖြစ်ပွားခဲ့သော အဆိုပါဘာသာရေးပွဲတော်လူပြိုမှုကြောင့် အနည်းဆုံး လူ ၁၂၂ ဦး သေဆုံးခဲ့ရကြောင်း သိရသည်။

အဆိုပါ ဘာသာရေးပွဲတော်တွင် နာမည်ကျော်ဘာသာရေးခေါင်းဆောင်တစ်ဦး၏ တရားကိုကြားနာနိုင်ရေးအတွက် ပရိသတ်ဦးရေ ၂၅၀၀၀၀ ခန့်ထိ တက်ရောက်ခဲ့ကြကြောင်း အိန္ဒိယရဲတပ်ဖွဲ့၏ အဆိုအရ သိရသည်။

ဇူလိုင် ၂ ရက် လူပြိုမှုဖြစ်စဉ်နှင့်ပတ်သက်၍ တရားပြဆရာ၏ တပည့်များဖြစ်သော ပွဲတော်စီစဉ်ရာတွင်ပါဝင်ခဲ့သည့် အမျိုးသားလေးဦးနှင့် အမျိုးသမီး နှစ်ဦးတို့ကို ဖမ်းဆီးထားကြောင်း ဥတ္တရပရာဒေ့ရှ်ပြည်နယ်ရဲတပ်ဖွဲ့က ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

အဆိုပါဘာသာရေးပွဲတော်ကို ကျင်းပရာတွင် ပရိသတ် ဦးရေ ၈၀၀၀၀ခန့်ထိသာတက်ရောက်ခွင့်ပေးထားသော်လည်း လက်တွေ့တွင် ဦးရေ ၂၅၀၀၀၀ ခန့်ထိတက်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့၏ အဆိုအရ သိရသည်။

လူပြိုမှုအတွင်း သေဆုံးခဲ့ရသူများအနက် အများစုမှာ အမျိုးသမီးများဖြစ်ကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

## ကလေးသူငယ်လက်ထပ်ထိမ်းမြားမှုကို ဆီရာလီယွန်နိုင်ငံ ဥပဒေပြု၍ပိတ်ပင်

**ဖရီးတောင်း ဇူလိုင် ၄**

ဆီရာလီယွန်နိုင်ငံသည် ကလေးသူငယ်လက်ထပ်ထိမ်းမြားမှုအလေ့အထကို ဇူလိုင် ၂ ရက်တွင် ဥပဒေသစ်တစ်ရပ်ဖြင့် တရားဝင်ပိတ်ပင်လိုက်ပြီဖြစ်ကြောင်း သိရသည်။

ကလေးသူငယ်လက်ထပ်ထိမ်းမြားမှု ပိတ်ပင်ရေးဥပဒေကြမ်းကို ဆီရာလီယွန်သမ္မတ ဂျူးလီးယက်စ်မာဒါဘိုင်အိုက ဇူလိုင် ၂ ရက်တွင် ဥပဒေအဖြစ် လက်မှတ်ရေးထိုးခဲ့ကြောင်း ဆီရာလီယွန်သမ္မတရုံးက သတင်း ထုတ်ပြန်ထားသည်။




အဆိုပါ ဥပဒေသစ်သည် ဆီရာလီယွန်မိန်းကလေးငယ်များ၏ ဘဝအခွင့်အရေးကို ကာကွယ်ပေးနိုင်မည်ဖြစ်ကြောင်း ကလေးသူငယ်အခွင့်အရေး တက်ကြွလှုပ်ရှားသူများက သုံးသပ်ထားကြောင်း သိရသည်။

ဆီရာလီယွန်နိုင်ငံရှိ မိန်းကလေးငယ် သုံးပုံ တစ်ပုံမှာ အသက် ၁၈ နှစ်မပြည့်မီ လက်ထက်ထိမ်းမြားခဲ့ရသူများဖြစ်ကြကြောင်း တက်ကြွလှုပ်ရှားသူများ၏ အဆိုအရ သိရသည်။


ဆီရာလီယွန်အစိုးရ၏ ကလေးသူငယ်လက်ထပ်ထိမ်းမြားမှုပိတ်ပင်ရေးဥပဒေအရ အသက် ၁၈ နှစ်အောက် မိန်းကလေးတစ်ဦးကို လက်ထပ်ထိမ်းမြားမည့် မည်သည့်အမျိုးသားကိုမဆို ထောင်ဒဏ် အနည်းဆုံး ၁၅ နှစ်ထိချမှတ်နိုင်မည်ဖြစ်သည်။

ထို့ပြင် အသက် ၁၈ နှစ်အောက် မိန်းကလေးတစ်ဦးကို အိမ်ထောင်ချပေးမည့်မိဘများနှင့် လက်ထပ်ပွဲအခမ်းအနားသို့ တက်ရောက်သူများကိုလည်း အဆိုပါဥပဒေအရ အရေးယူနိုင်မည်ဖြစ်ကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

# SCIENCE AND TECHNOLOGY

## Polaris Down ပုဂ္ဂလိကအာကာသခရီးစဉ်မစ်ရှင်ကို ဇူလိုင် ၃၁ ရက်တွင် လွှတ်တင်ရန် Space-X ကုမ္ပဏီ စီစဉ်



**ဝါရှင်တန် ဇူလိုင် ၄**

Polaris Down အမည်ရှိ ပုဂ္ဂလိက အာကာသခရီးစဉ်မစ်ရှင်ကို ဇူလိုင် ၃၁ ရက်တွင် လွှတ်တင်ရန် Space-X အာကာသနည်းပညာကုမ္ပဏီက စီစဉ်ထားကြောင်း ဇူလိုင် ၃ ရက် သတင်းများအရ သိရသည်။

Polaris Down မစ်ရှင်သည် Space-X အာကာသနည်းပညာ ကုမ္ပဏီနှင့် ဘီလီယံနာသူကြွယ် ဂျရတ်အိုင်ဆက်မင်းတို့ ပူးပေါင်း စီစဉ်သည့် ပုဂ္ဂလိကအာကာသ ခရီးစဉ်မစ်ရှင်ဖြစ်သည်။

Polaris Down မစ်ရှင်၏ Crew Dragon အာကာသလူသယ် ယာဉ်ကို ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်မည်ဖြစ်သည်။

အဆိုပါ အာကာသလူသယ်ယာဉ်နှင့်အတူ ဘီလီယံနာသူကြွယ် အိုင်ဆက်မင်းအပါအဝင် ပုဂ္ဂလိက အာကာသခရီးသည်လေးဦး လိုက်ပါသွားမည်ဖြစ်သည်။

လွှတ်တင်ပြီးချိန်တွင် Crew Dragon အာကာသလူသယ်ယာဉ်သည် ပုဂ္ဂလိကအာကာသခရီးသည်များကို ကမ္ဘာမြေပြင်အထက်အမြင့် ၄၃၅ မိုင်ခန့်အကွာ ပတ်လမ်းပေါ်ပို့ဆောင်သွားမည်ဖြစ်သည်။

Polaris Down မစ်ရှင်အတွင်း ပုဂ္ဂလိက အာကာသခရီးသည်များ ရောက်ရှိမည့် ပတ်လမ်းအမြင့်သည် ၁၉၆၀ ပြည့်နှစ်နှင့် ၁၉၇၀ ပြည့်နှစ်အတွင်း လွှတ်တင်ခဲ့သည့် အပိုလိုမစ်ရှင်များနောက်ပိုင်း လူသားတို့ရောက်ရှိခဲ့သည့် အမြင့်ဆုံးပတ်လမ်းနေရာဖြစ်လာလိမ့်မည်ဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**

## နာဆာက COST ဂမ်မာရောင်ခြည်ပေါက်ကွဲမှုလေ့လာရေး ရေဒီယိုတယ်လီစကုပ်ကို ၂၀၂၇ ခုနှစ်တွင် လွှတ်တင်ရန်စီစဉ်ထား

**ဝါရှင်တန် ဇူလိုင် ၄**

အမေရိကန်အစိုးရအမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)သည် COST အမည်ရှိ ဂမ်မာရောင်ခြည်ပေါက်ကွဲမှုလေ့လာရေး ရေဒီယိုတယ်လီစကုပ်ကို ၂၀၂၇ ခုနှစ်တွင် လွှတ်တင်ရန် စီစဉ်ထားကြောင်း ဇူလိုင် ၃ ရက် သတင်းများအရ သိရသည်။

COST ဂမ်မာရောင်ခြည်လေ့လာရေး ရေဒီယိုတယ်လီစကုပ်ကို ၂၀၂၇ ခုနှစ်တွင် Space-X အာကာသ နည်းပညာကုမ္ပဏီ၏ ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်မည်ဖြစ်ကြောင်း နာဆာအဖွဲ့က သတင်းထုတ်ပြန်ထားသည်။

COST ဂမ်မာရောင်ခြည်လေ့လာရေးရေဒီယိုတယ်လီစကုပ်ကို သယ်ဆောင်ထားမည့် ဖယ်လ်ကွန်-၉ ဒုံးပျံကို ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ်အာကာသစခန်းမှတစ်ဆင့် လွှတ်တင်မည်ဖြစ်ကြောင်း သိရသည်။



COST ရေဒီယိုတယ်လီစကုပ်သည် ပတ်လမ်းပေါ်သို့ ရောက်ရှိပြီးပါက စကြဝဠာ၏အပြင်းထန်ဆုံးစွမ်းအင်ပေါက်ကွဲမှုပုံစံဖြစ်သော ဂမ်မာရောင်ခြည်ပေါက်ကွဲမှုများကို လေ့လာမည်ဖြစ်သည်ဟု နာဆာတာဝန်ရှိသူများက ပြောကြားကြောင်း သိရသည်။

နာဆာအဖွဲ့သည် COST ဂမ်မာရောင်ခြည်လေ့လာရေး ရေဒီယိုတယ်လီစကုပ် တည်ဆောက်ရေးစီမံကိန်းကို ၂၀၂၁ ခုနှစ်ကပင် စတင်ခဲ့သည်။

COST ဂမ်မာရောင်ခြည်လေ့လာရေးရေဒီယိုတယ်လီစကုပ် လွှတ်တင်ရေးစရိတ်မှာ အမေရိကန်ဒေါ်လာ ၆၉ သန်းထိရှိနိုင်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**

## ရေပုတ်သင်နှင့်ပုံစံချင်းတူသော ကမ္ဘာဦးရေနေသက်ရှိမျိုးစိတ်သစ်တစ်မျိုး၏ ကျောက်ဖြစ်ရုပ်ကြွင်းကို အာဖရိကတိုက် နမီးဘီးယားနိုင်ငံ၌ တူးဖော်တွေ့ရှိ

**ဂျုနီစ်အေရိစ် ဇူလိုင် ၄**

ရေပုတ်သင် (Salamander) နှင့်ပုံစံချင်းတူသော ကမ္ဘာဦးရေနေသက်ရှိမျိုးစိတ်သစ် တစ်မျိုး၏ ကျောက်ဖြစ်ရုပ်ကြွင်းကို အာဖရိကတိုက် နမီးဘီးယားနိုင်ငံ၌ တူးဖော်တွေ့ရှိထားကြောင်း ဇူလိုင် ၃ ရက် သတင်းများအရ သိရသည်။

Gaiasia Jennyae အမည်ရှိ အဆိုပါကမ္ဘာဦးသက်ရှိသည် ဒိုင်နိုဆောသတ္တဝါများ မပေါ်ထွက်မီနှစ်ပေါင်း သန်း ၄၀ အလိုကပင် ယနေ့ခေတ် အာဖရိကတိုက်နေရာ၌ ရှင်သန်ခဲ့ကြကြောင်း အာဂျင်တီးနား သိပ္ပံပညာရှင်များက ပြောကြားသည်။

Gaiasia Jennyae ရေနေသက်ရှိသည် အရွယ်အစားအားဖြင့် ကိုယ်ထည်အလျား ခြောက်ပေထိရှိပြီး လွန်ခဲ့သည့်နှစ်ပေါင်း သန်း ၃၀၀ ခန့်က ရှင်သန်ခဲ့ကြကြောင်း သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

နမီးဘီးယားနိုင်ငံသည် ယနေ့ခေတ်တွင် တောင်အာဖရိကနိုင်ငံ၏ မြောက်ဘက်၌ ရှိနေသော်လည်း လွန်ခဲ့သည့်နှစ်ပေါင်း သန်း ၃၀၀ ခန့်ကမူ အာဖရိက၏တောင်ဘက်စွန်း ယနေ့ခေတ် အန္တာတိကဒေသ၏ မြောက်ဘက်စွန်း၌ တည်ရှိခဲ့ကြောင်း သိရသည်။

Gaiasia Jennyae ရေနေသက်ရှိ ကျောက်ဖြစ်ရုပ်ကြွင်းကို နမီးဘီးယားနိုင်ငံ Gai-as ကျောက်လွှာနယ်မြေ၌ တူးဖော်တွေ့ရှိခဲ့ရခြင်း ဖြစ်ကြောင်း သိရသည်။

Gaiasia Jennyae များသည် စိမ့်တောနယ်မြေများ၌ ရှင်သန်ခဲ့ကြသည့် အသားစား ကမ္ဘာဦးသက်ရှိ မျိုးစိတ်ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**

# HEALTH

## ကိုယ်အလေးချိန်လျှော့ချရေးဆေးများက အရက်စွဲမှုပြဿနာကို ကုသရာတွင် အထောက်အကူပြုနိုင်ဖွယ်ရှိ

**နယူးယောက် ဇူလိုင် ၄**

Wegovy နှင့် Ozempic ကဲ့သို့ ကိုယ်အလေးချိန်လျှော့ချရေးဆေးများသည် အရက်စွဲမှုပြဿနာကို ကုသရာတွင် အထောက်အကူပြုနိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များက ဇူလိုင် ၃ ရက်တွင် ပြောကြားသည်။

Semaglutide ဓာတုဒြပ်ပေါင်းကိုသုံးစွဲနေရသူများ၌ အရက်သေစာ အလွန်အကျွံ သောက်စားနိုင်ခြေ၊ အရက်စွဲမှုဘဝ ထပ်မံရောက်နိုင်ခြေတို့ ၅၀ ရာခိုင်နှုန်းမှ ၅၆ ရာခိုင်နှုန်းထိ ကျဆင်းနေတတ်ကြောင်း အမေရိကန် သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

Semaglutide ဓာတုဒြပ်ပေါင်းသည် Wegovy နှင့် Ozempic ကဲ့သို့ GLP-1 အုပ်စုဝင် ကိုယ်အလေးချိန်လျှော့ချရေးဆေးများ၌ ပါဝင်သည့် အဓိကဓာတုဒြပ်ပေါင်းဖြစ်ကြောင်း သိရသည်။

အမေရိကန် သုတေသနပညာရှင်များသည် အဝလွန်လူနာပေါင်း ၈၄၀၀၀ ခန့်တို့၏ ဆေးမှတ်တမ်းများကို လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ စမ်းသပ်မှုတွင် ပါဝင်သူလူနာများအနက် Semaglutide သုံးစွဲသူလူနာများကြား အရက်စွဲမှုပြဿနာ လျော့ပါးလာသည်ကို ဖော်ထုတ်တွေ့ရှိထားရကြောင်း သိရသည်။

လက်ရှိအချိန်တွင် အရက်စွဲရောဂါကိုကုသရေးအတွက် ဆေးပညာရှင်များ အသုံးပြုနိုင်သည့် ဆေးအမျိုးအစားမှာ အနည်းငယ်မျှသာရှိကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**

## ဘင်ဇိုဒိုင်ယာဇီပင်ဆေးများ သုံးစွဲရမှုကြောင့် Dementia ဖြစ်နိုင်ခြေ မြင့်တက်နိုင်ဖွယ်မရှိ

**အမ်စတာဒမ် ဇူလိုင် ၄**

ဘင်ဇိုဒိုင်ယာဇီပင် (Benzodiazepines) ခေါ် စိတ်ငြိမ်ဆေးများသုံးစွဲရမှုကြောင့် ဦးနှောက်စွမ်းဆောင်ရည်ထိခိုက်ပျက်စီးမှုရောဂါ (Dementia) ဖြစ်နိုင်ခြေ မြင့်တက်လာနိုင်ဖွယ်မရှိကြောင်း ဇူလိုင် ၃ ရက်သတင်းများအရ သိရသည်။

နယ်သာလန်သုတေသနပညာရှင်များ၏အဆိုအရ ဘင်ဇိုဒိုင်ယာဇီပင်ဆေးများ သုံးစွဲမှုသည် Dementia ရောဂါဖြစ်နိုင်ခြေမြင့်မားလာမှုနှင့် ဆက်စပ်မှုမရှိကြောင်း သိရသည်။

သို့ရာတွင် ဘင်ဇိုဒိုင်ယာဇီပင်ဆေးများသုံးစွဲရမှုကြောင့် ဦးနှောက်ဖွဲ့စည်းတည်ဆောက်ပုံအပေါ် သိမ်မွေ့သည့်ရေရှည်အကျိုးသက်ရောက်မှုများ ရှိလာနိုင်ကြောင်း နယ်သာလန် သုတေသနပညာရှင်များက ပြောကြားသည်။

နယ်သာလန် သုတေသနပညာရှင်များသည် လူပေါင်း ၄၈၀၀ ကျော်တို့၏ ဦးနှောက်ဓာတ်မှန်များကို လေ့လာပြီးနောက် ၎င်းတို့၏ တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ ဘင်ဇိုဒိုင်ယာဇီပင်ဆေးသုံးစွဲမှုသည် Dementia ဖြစ်နိုင်ခြေမြင့်တက်လာမှုနှင့် ဆက်စပ်မှုမရှိသော်လည်း ဦးနှောက်နယ်မြေများကြား အာရုံနှောင်ဆဲလ်အချက်ပြလှိုင်းများကို ကူးပြောင်းပေးသည့် White Matter ခေါ် ဦးနှောက်နယ်မြေတစ်ခု အရွယ်အစား ပြောင်းလဲလာမှုနှင့် ဆက်စပ်နေကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**






# အယ်မာဆန်ရှိုင်ရယ်ကို ပြန်လည်ခေါ်ယူရန် ဘာစီလိုနာအသင်းကြိုးပမ်း

**ဘာစီလိုနာ ဇူလိုင် ၄**

ဘာစီလိုနာ အသင်းသည် မန်စီးတီးအသင်းမှ အငှားခေါ်ယူထားသည့် ကန်ဆယ်လိုကို အပြီးသတ်ခေါ်ယူရန် ညှိနှိုင်းမှုအဆင်မပြေခဲ့သဖြင့် စပါးအသင်းမှ တောင်ပံကစားသမား အယ်မာဆန်ရှိုင်ရယ်ကို ပြန်လည်ခေါ်ယူရန် ကြိုးပမ်းခဲ့သည်။

စပါးအသင်းနည်းပြ ပိုစတီကိုဂလူက ကွင်းလယ်ကစားသမား ဟော့ဂျက်၊ ဘန်တာကာ၊ အယ်မာဆန်ရှိုင်ရယ်အပါအဝင် ကစားသမား ၁၀ ဦးထိ အသင်းမှ လက်လွှတ်ရန်ဆုံးဖြတ်ထားသဖြင့် ဘာစီလိုနာအသင်းက အယ်မာဆန်ရှိုင်ရယ်ကို ကန်ဆယ်လိုနေရာတွင် အစားထိုးခေါ်ယူနိုင်ရန် စီစဉ်ခဲ့ပြီး ကစားသမား ကိုယ်တိုင်ကလည်း စပါးအသင်းမှထွက်ခွာရန် ဆုံးဖြတ်ထားကြောင်း သိရသည်။

ဘာစီလိုနာအသင်းက မန်ယူအသင်းမှ ဝမ်ဘစ်ဆာကာကိုခေါ်ယူရန် ဦးစားပေးပစ်မှတ်ထားခဲ့ရာ ပြောင်းရွှေ့ကြေး စတာလင်ပေါင်သန်း ၅၀ ပေးချေရမည်ဖြစ်၍ ဘဏ္ဍာရေး အခြေအနေကြောင့် အယ်မာဆန်ရှိုင်ရယ်ကိုသာ ခေါ်ယူရန်ပစ်မှတ်ထားခဲ့ကာ စပါးအသင်း ဥက္ကဋ္ဌ လီဗိုင်းနှင့် ပြောင်းရွှေ့ကြေး ညှိနှိုင်းမှုများ ပြုလုပ်လျက်ရှိသည်။

စပါးအသင်းသည် အယ်မာဆန်ကို ယခင်ခေါ်ယူထားသည့်ပြောင်းရွှေ့ကြေး စတာလင်ပေါင်၂၁ သန်းဖြင့်ပြန်လည်ရောင်းချရန်စီစဉ်ထားသဖြင့် ၎င်းကိုစိတ်ဝင်စားနေသည့် အေစီမီလန်အသင်းက ပြောင်းရွှေ့ကြေး အနည်းငယ်လျှော့ချပေးရန် တောင်းဆိုခဲ့သောကြောင့်ဆွေးနွေးမှုမအောင်မြင်ခဲ့ခြင်းဖြစ်သည်။

အယ်မာဆန်ရှိုင်ရယ်သည် ၂၀၂၁ ခုနှစ် ဇူလိုင်လက ဘက်တစ်အသင်းမှ ဘာစီလိုနာအသင်းသို့ပြောင်းရွှေ့ခဲ့သော်လည်း နည်းပြအန်းနရစ်ကအသင်း၏ ကစားကွက်နှင့် ကိုက်ညီမှုမရှိသည့်အတွက် ဩဂုတ်လတွင် စပါးအသင်းသို့ရောင်းချခဲ့ပြီး စပါးအသင်းနှင့် ပြိုင်ပွဲစုံ ၁၀၁ ပွဲ ပါဝင်ကစားခဲ့ရာတွင် သွင်းဂိုး လေးဂိုးထိ သွင်းယူနိုင်ခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : ML**




## အားကစားသတင်းအတိုအထွာများ

- ဘိုင်ယန်မြူးနစ်အသင်းနှင့် ဒေါ့မွန်အသင်းတို့က စိတ်ဝင်စားနေသည့် လူငယ်ကစားသမား အိုဘီမာတင်ကို ကာလရှည်သက်တမ်းတိုးရန် အာဆင်နယ်အသင်းက ကြိုးပမ်းလျက်ရှိသည်။
- ကွင်းလယ်ကစားသမား ပေါ်ဟင်ဟာ ဘိုင်ယန်မြူးနစ်အသင်းသို့ပြောင်းရွှေ့ရန် ယူရို ၅၆ သန်းဖြင့် သဘောတူညီမှုရရှိခဲ့ကြောင်း ဖူလ်ဟမ်အသင်းက ပြောကြားခဲ့သည်။
- ဇူလိုင် ၃၀ ရက်က အလွတ်ပြောင်းရွှေ့ကြေးဖြင့် ထွက်ခွာခဲ့သည့် မန်ယူအသင်းမှ ဗာရာနီ၊ မာရှယ်၊ ဂျူဗင်တပ်အသင်းမှ ရာဘီယို့စ်၊စပါးအသင်းမှ အန်ဒွန်ဘီလီ၊ အဲဗာတန်မှ အလီ၊ အေတီကိုမှ ဒီပေး၊ လီဗာပူးမှ အယ်ကန်တာရာနှင့် ဂျိုးမာတစ်၊ အာဆင်နယ်မှ ပီပီ၊စပါးမှ ဆက်စက်ဂန္ဒန်တို့သည် ယခုအချိန်ထိ ကလပ်အသင်းလက်မဲ့ဖြစ်နေကြောင်း သိရသည်။ **ML**

# ရက်ရှ်ဖို့ဒ်ကိုခေါ်ယူမည့်အသင်းများကို စောင့်မျှော်နေကြောင်း မန်ယူအသင်းပြောကြား




**မန်ချက်စတာ ဇူလိုင် ၄**

မန်ယူအသင်းသည် ခြေစွမ်းပြသရန် ရုန်းကန်နေရသည့် တိုက်စစ်မှူး ရက်ရှ်ဖို့ဒ်ကိုလာမည့်နွေရာသီတွင် ရောင်းချသွားရန်အတွက် ကမ်းလှမ်းလာမည့်အသင်းများကို စောင့်မျှော်နေသည်ဟု ထုတ်ဖော် ပြောကြားခဲ့ကြောင်း သိရသည်။

တိုက်စစ်မှူး ရက်ရှ်ဖို့ဒ်သည် ပြီးခဲ့သည့်ဘောလုံးရာသီက နည်းပြတန်ဟတ်လက်အောက်တွင် ပြိုင်ပွဲစုံ ၄၃ ပွဲပါဝင်ကစားခွင့်ရခဲ့သော်လည်း သွင်းဂိုးရှစ်ဂိုးသာ သွင်းယူနိုင်ခဲ့ပြီး ခြေစွမ်းပြသနိုင်ရန် ရုန်းကန်ခဲ့ရသောကြောင့် အသင်းတာဝန်ရှိသူများက လာမည့်အပြောင်းအရွှေ့တွင် ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၈၀ ထိလျှော့ချ၍ ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

အသက် ၂၆ နှစ်ရှိ ကစားသမားသည် ပြီးခဲ့သည့်ဘောလုံးရာသီက အသင်းက ချမှတ်ထားသည့် စည်းကမ်းများကို ချိုးဖောက်ခဲ့မှုကြောင့် နည်းပြတန်ဟတ်ကပွဲထွက်လူစာရင်းမှ ချန်လှပ်ခဲ့သည့်အပြင် ပါဝင်ခွင့်ရသည့်ပွဲစဉ်များတွင် ပုံမှန်ခြေစွမ်းပြသရန် ပျောက်ဆုံးခဲ့သဖြင့် ယူရို ၂၀၂၄ ယှဉ်ပြိုင်မည့် နည်းပြဆောက်ဂိတ်၏ အင်္ဂလန်အသင်းလူစာရင်းတွင်လည်း ချန်လှပ်ခံခဲ့ရကြောင်း သိရသည်။

တိုက်စစ်မှူး ရက်ရှ်ဖို့ဒ်သည် မန်ယူအသင်းနှင့် လာမည့် ၂၀၂၈ ခုနှစ်မှ စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်သဖြင့် နွေရာသီတွင်အသင်းမှထွက်ခွာရန် ဆန္ဒမရှိသေးသော်လည်း ကလပ်အသင်းတာဝန်ရှိသူများနှင့် နည်းပြတန်ဟတ်တို့က ကစားသမား၏ စွမ်းဆောင်ရည်ကို သဘောကျခြင်းမရှိသဖြင့် ကမ်းလှမ်းလာသည့်အသင်းများကို မျှော်လင့်နေကာ စတာလင်ပေါင်သန်း ၈၀ ဖြင့်ရောင်းချသွားမည်ပြီး ပီအက်စ်ဂျီအသင်းက အမ်ဘက်ပီ၏နေရာတွင် အစားထိုးနိုင်ရန်အတွက် ရက်ရှ်ဖို့ဒ်ကိုခေါ်ယူရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

**Ref : Sputnik**
**Trs : ML**

# ချဲလ်ဆီးအသင်းနှင့် အနာဂတ်မသေချာတော့ကြောင်း ဘန်ချီဝဲလ်ပြောကြား

**လန်ဒန် ဇူလိုင် ၄**

ချဲလ်ဆီးအသင်းသည် နည်းပြပိုချက်တီနိုနေရာတွင် နည်းပြမာရက်စ်ကာကို ခန့်အပ်ခဲ့ပြီးနောက် ခံစစ်ကစားသမား ဘန်ချီဝဲလ်အနေဖြင့် အသင်းတွင် အနာဂတ်မရေရာမှုများရှိလာသောကြောင့် အသင်းတွင် ဆက်လက်ရှိနေရရန်မသေချာတော့ကြောင်း ပြောကြားခဲ့သည်။

အီတလီလူမျိုးနည်းပြ မာရက်စ်ကာသည် အသင်းကိုပြုပြင်ပြောင်းလဲမှုများလုပ်ရန် ကြိုးပမ်းနေပြီး ဘယ်တောင်ပံခံစစ်ပိုင်း၌ ဘိုလော့နာခံစစ်ကစားသမား ကာလီဖီအိုရီကိုခေါ်ယူရန် ပစ်မှတ်ထားနေကာ ၎င်းသည် ခံစစ်ကစားသမားလေးဦးသို့မဟုတ် သုံးဦး အသုံးပြုကစားသည့် ကစားကွက်ပိုင်းတွင် တောင်ပံနှင့် ဗဟိုခံစစ်ပိုင်းတွင် ကစားနိုင်သကဲ့သို့ ကူကူရယ်လာနှင့် ရီစီဂျိမ်းတို့သည်လည်း ဘယ်၊ညာတောင်ပံ၌ကစားနိုင်သည့်အပြင် ကွင်းလယ်တိုက်စစ်ထိပါ လိုက်ပါနိုင်သောကြောင့် နည်းပြမာရက်စ်ကာလက်အောက်တွင် ဘန်ချီဝဲလ်၏ အနာဂတ်မှာ မရေရာမှုများရှိလာခဲ့သည်။

ထို့ကြောင့် လာမည့်နွေရာသီတွင် ချဲလ်ဆီးအသင်းကခံစစ်ကစားသမား ချာလိုဘတ်၊ ကွင်းလယ်ကစားသမားဂယ်လာဟာအပါအဝင် ဘန်ချီဝဲလ်တို့ကို ရောင်းချသွားရန် စီစဉ်လျက်ရှိကြောင်း သတင်းထွက်ပေါ်လျက်ရှိသည်။

ချဲလ်ဆီးအသင်းသည် လာမည့်ရက်ပိုင်းအတွင်း ရာသီအကြိုခြေစမ်းပွဲများကစားရန် စုဖွဲ့မှုများပြုလုပ်လျက်ရှိပြီး ယူရိုပြိုင်ပွဲတွင် ပါဝင်နေသော ကစားသမားများကို ချန်လှပ်၍ အသင်းတွင်ကျန်ရှိသည့် ကစားသမားနှင့်သာ ယခုလမကုန်မီ အမေရိကန်ခရီးစဉ်ကို သွားရောက်မည်ဖြစ်သည်။

ချဲလ်ဆီးအသင်းသည် နည်းပြမာရက်စ်ကာ လက်ထက်တွင် ဖူလ်ဟမ်အသင်း ခံစစ်ကစားသမား အဒါရာဘီအိုယို၊ ပါမီးယက်စ်အသင်းမှအက်စတီဗာအို၊အေဗီလာအသင်းမှ ကယ်လီမန်း၊ဘာစီလိုနာမှ ဂူယူ၊ လက်စတာအသင်းမှ ဒူဘူရီဟောတို့ကိုခေါ်ယူနိုင်ခဲ့ပြီး လက်ရှိတွင် ဘိုလော့နာကစားသမား ကာလာဖီအိုရီကို ခေါ်ယူရန် ကြိုးပမ်းနေကြောင်း သိရသည်။

**Ref : Xinhua**
**Trs : ML**

# မန်စီးတီးအသင်းမှ ဂိုးသမား အီဒါဆန်ကိုခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ကြောင်း အယ်နာဆာအသင်း ထုတ်ပြန်


**ရီယာ့ဒ် ဇူလိုင် ၄**

အယ်နာဆာအသင်းသည် အသင်းမှထွက်ခွာခဲ့သည့် ဂိုးသမားအော်စပီနာနေရာတွင် အစားထိုးရန်အတွက် မန်စီးတီးအသင်း ဂိုးသမား အီဒါဆန်ကိုခေါ်ယူရန်ဆွေးနွေးမှုပြုလုပ်ခဲ့ရာ သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။

ဂိုးသမား အီဒါဆန်သည် ဆော်ဒီပရိုလိဂ် အယ်နာဆာအသင်း၏ နှစ်နှစ်စာချုပ်အတွက် စတာလင်ပေါင် ၅၁ သန်းဖြင့် ကမ်းလှမ်းမှုကိုလက်ခံခဲ့ကာ ပုဂ္ဂိုလ်ရေးသဘောတူညီမှုရယူခဲ့ကာ အယ်နာဆာအသင်းက မန်စီးတီးအသင်းနှင့်သာ သဘောတူညီမှုရယူရန် ကျန်ရှိတော့ပြီး ကစားသမားအတွက်ပြောင်းရွှေ့ကြေးစတာလင်ပေါင် ၃၄ သန်းသာ တောင်းဆိုထားသည်။

အသက် ၃၀ နှစ်ရှိ ဂိုးသမား အီဒါဆန်သည် ၂၀၁၇ ခုနှစ်က မန်စီးတီးအသင်းသို့ ရောက်ရှိခဲ့ပြီးနောက် အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၃၃၂ ပွဲပါဝင်ကစားခဲ့ရာ ချန်ပီယံလိဂ်ဖလားတစ်ကြိမ်၊ ဖီဖာကလပ်ကမ္ဘာ့ဖလားတစ်ကြိမ်၊ ပရီးမီးယားလိဂ်ဖလားခြောက်ကြိမ်၊အက်ဖ်အေဖလားနှစ်ကြိမ်၊ ကာရာဘောင်းဖလား လေးကြိမ် ၊ယူအီးအက်ဖ်အေစူပါဖလားတစ်ကြိမ်၊ ကွန်မြူနတီဒိုင်းနှစ်ကြိမ် ဆွတ်ခူးနိုင်ခဲ့ကာ အောင်မြင်မှုများ ရယူနိုင်ခဲ့ပြီးနောက် ဆော်ဒီပရိုလိဂ်တွင် ကစားသမားဘဝ စတင်ရန်ဆုံးဖြတ်ခဲ့သည်။

လက်ရှိတွင် မန်စီးတီးအသင်းသည် ဂိုးသမား အော်တီဂါကို သက်တမ်းနှစ်နှစ်တိုးခဲ့သဖြင့် အီဒါဆန်ထွက်ခွာသွားပါက ပထမဦးစားပေးဂိုးသမားနေရာတွင် အသုံးပြုရန် စီစဉ်ထားသော်လည်း အေစီမီလန်ဂိုးသမား မိုင်ဂနန်၊ ပေါ်တို ဂိုးသမား ဒီယိုဂိုကော်စတာတို့ကို အီဒါဆန်၏နေရာတွင် အစားထိုးနိုင်ရန် ရွေးချယ်ထားကြောင်း သိရသည်။




ဆော်ဒီပရိုလိဂ်သည် တိုက်စစ်မှူး စီရော်နယ်ဒိုကို သမိုင်းဝင်ခေါ်ယူနိုင်ခဲ့ပြီးနောက်ပိုင်း ဥရောပမှ ထိပ်တန်း ကစားသမားများကို ဆက်လက်ခေါ်ယူ၍ဘောလုံးအဆင့်အတန်းမြှင့်တင်ရန် ကြိုးပမ်းလျက်ရှိပြီး လာမည့်အပြောင်းအရွှေ့ကာလ၌ ဥရောပထိပ်တန်းကစားသမားများထပ်မံခေါ်ယူရန် ပစ်မှတ်ထားနေကြောင်း သိရသည်။

**Ref : RT**
**Trs : ML**

# အာဆီယံတက္ကသိုလ်များအားကစားပြိုင်ပွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲ နှစ်ယောက်တွဲပြိုင်ပွဲတွင် မြန်မာအသင်း ရွှေတံဆိပ်ဆွတ်ခူး




ရန်ကုန် ဇူလိုင် ၄

အင်ဒိုနီးရှားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် (၂၁)ကြိမ်မြောက် အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲ နှစ်ယောက်တွဲပြိုင်ပွဲ ဗိုလ်လုပွဲစဉ်တွင် မြန်မာအသင်းက အိမ်ရှင်အင်ဒိုနီးရှားအသင်းကိုအနိုင်ရရှိခဲ့ပြီး ရွှေတံဆိပ်ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

မြန်မာအသင်းသည် (၂၁) ကြိမ်မြောက် အာဆီယံတက္ကသိုလ်များအားကစားပြိုင်ပွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် ထိုင်းအသင်းနှင့်ကစားခဲ့ရာ နှစ်ပွဲပြတ်ဖြင့်အနိုင်ရရှိခဲ့ပြီး ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

ထို့နောက် ဗိုလ်လုပွဲစဉ်အဖြစ် မြန်မာအသင်းနှင့် အင်ဒိုနီးရှားအသင်းတို့ကစားခဲ့ရာ အကြိတ်အနယ်ရှိခဲ့ပြီး ပထမပွဲစဉ်တွင် အင်ဒိုနီးရှားအသင်းက ၁၅ မှတ် ငါးမှတ်ဖြင့် အပြတ်အသတ်အသာစီးရရှိပြီး အနိုင်ရရှိခဲ့သည်။

ဒုတိယပွဲစဉ်တွင် မြန်မာအသင်းက အကောင်းဆုံးဖိအားပေးကစားနိုင်ခဲ့ကာ ၁၅ မှတ် ၁၃ မှတ်ဖြင့် ပြန်လည်အနိုင်ရရှိခဲ့ပြီး နောက်ဆုံးတတိယပွဲစဉ်တွင်လည်း မြန်မာအသင်းက အကောင်းဆုံးဖိအားပေးကစားနိုင်ခဲ့သဖြင့် ၁၇ မှတ် ၁၆ မှတ်ဖြင့် ထပ်မံအနိုင်ရရှိခဲ့ပြီး ရွှေတံဆိပ်ဆွတ်ခူးနိုင်ခဲ့သည်။

အလားတူ မြန်မာအသင်းသည် (၂၁)ကြိမ်မြောက်အာဆီယံတက္ကသိုလ်များအားကစားပြိုင်ပွဲပိုက်ကျော်ခြင်းပြိုင်ပွဲ လေးယောက်တွဲပြိုင်ပွဲတွင်လည်း ငွေတံဆိပ်ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။ **STA**

# မန်ယူအသင်းက နည်းပြတန်ဟတ်ကို ၂၀၂၆ ခုနှစ်ထိ သက်တမ်းတိုးစာချုပ်ချုပ်ဆို

မန်ချက်စတာ ဇူလိုင် ၄

မန်ယူအသင်းက နည်းပြတန်ဟတ်ကို လာမည့် ၂၀၂၆ ခုနှစ်ထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း သိရသည်။

နည်းပြတန်ဟတ်သည် မန်ယူအသင်းကို ၂၀၂၃ ခုနှစ်က စတင်တာဝန်ယူကိုင်တွယ်ခဲ့ပြီး အသင်းနှင့် ပထမဆုံးဘောလုံးရာသီ၌ ကွာရာဘောင်းဖလား ဆွတ်ခူးပေးနိုင်ခဲ့ပြီး ချန်ပီယံလိဂ်ဝင်ခွင့်ရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သည်။

သို့သော် ပြီးခဲ့သည့်ဘောလုံးရာသီက မန်ယူအသင်း ရလဒ်ပိုင်း မတည်မငြိမ်ဖြစ်ခဲ့ပြီး ချန်ပီယံလိဂ်ဝင်ခွင့် နှင့်လွဲချော်ခဲ့ရသည့်အတွက် နည်းပြတန်ဟတ်အနေဖြင့် အနာဂတ် မရေမရာဖြစ်ခဲ့ရသော်လည်း ရာသီအကုန်တွင် အက်ဖ်အေဖလား ဆွတ်ခူးပေးနိုင်ခဲ့သည်။

အစောပိုင်းက မန်ယူအသင်း ပူးတွဲပိုင်ရှင် ရက်ကလစ်ဖ်က နည်းပြအပြောင်းအလဲ လုပ်ဆောင်ရန် ပြင်ဆင်ခဲ့သော်လည်း နောက်ပိုင်းဆုံးဖြတ်ချက် ပြန်လည်ပြင်ဆင်ပြီး နည်းပြတန်ဟတ်နှင့် ဆက်လက်လက်တွဲရန်အတွက်သာ ဆုံးဖြတ်ခဲ့သည်။

မန်ယူအသင်းနှင့် နည်းပြတန်ဟတ်တို့၏ စာချုပ်သက်တမ်းမှာ တစ်နှစ်သာကျန်ရှိတော့ပြီးလာမည့် ၂၀၂၅ ခုနှစ် ဇွန်လတွင် ကုန်ဆုံးမည်ဖြစ်သော်လည်း ယခုအခါ နောက်ထပ်တစ်နှစ် သက်တမ်းတိုးစာချုပ်ချုပ်ဆိုခဲ့သဖြင့် လာမည့် ၂၀၂၆ ခုနှစ် ဇွန်လထိ ဆက်လက် လက်တွဲသွားမည်ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : STA**

# Max Energy Futsal ပြိုင်ပွဲ အုပ်စုပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်

ရန်ကုန် ဇူလိုင် ၄

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့်သဲသောင်ပြင်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် Max Energy Futsal Amateur Cup 2024 ပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ယနေ့နံနက် ၈ နာရီမှ စတင်ပြီး MFF Futsal Stadium၌ ကျင်းပခဲ့ကြောင်း သိရသည်။

Max Energy Futsal Amateur Cup 2024 ပြိုင်ပွဲအုပ်စုပွဲစဉ်များအဖြစ် ယနေ့နံနက် ၈ နာရီတွင် Kyal Sin Linn FC အသင်းနှင့် YRG Youthအသင်းတို့ကစားခဲ့ရာ Kyal Sin Linn FC အသင်းက လေးဂိုး တစ်ဂိုးဖြင့်လည်းကောင်း၊ နံနက် ၉ နာရီခွဲတွင် MSK FC အသင်းနှင့် Iconic FCအသင်းတို့ကစားခဲ့ရာ MSK FCအသင်းက ရှစ်ဂိုး တစ်ဂိုးဖြင့် လည်းကောင်း၊ နံနက် ၁၁ နာရီတွင် Warm Brothers FCအသင်းနှင့် VUC Athleticအသင်းတို့ ကစားခဲ့ရာ Warm Brothers FCအသင်းက လေးဂိုး တစ်ဂိုးဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့ကြသည်။

ဆက်လက်ပြီး မွန်းလွဲ ၁၂ နာရီခွဲတွင် 5 TWSP FCအသင်းနှင့် FFU Youthsအသင်းတို့ကစားခဲ့ရာ FFU Youthsအသင်းက ငါးဂိုး လေးဂိုးဖြင့်လည်းကောင်း၊ မွန်းလွဲ ၂နာရီတွင် Marga FCအသင်းနှင့် Yankin Brotherhood အသင်းတို့ကစားခဲ့ရာYankin Brotherhood အသင်းက လေးဂိုး တစ်ဂိုးဖြင့်လည်းကောင်း၊ ညနေ ၃နာရီခွဲတွင် Shwe Pyi Thar United အသင်းနှင့် Moonhead Yangon အသင်းတို့ကစားခဲ့ရာ Moonhead Yangonအသင်းက တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

Max Energy Futsal Amateur Cup 2024 ပြိုင်ပွဲ အုပ်စုပွဲစဉ်များအဖြစ် ဇူလိုင် ၅ ရက် နံနက် ၈နာရီတွင် Yankin Youth အသင်းနှင့် Black Cross Youth အသင်း၊ နံနက် ၉ နာရီခွဲတွင်Black Eagle FCအသင်းနှင့် RPG FC အသင်း၊ နံနက် ၁၁နာရီတွင် Sar Bal Gyi FCအသင်းနှင့် Future Light FCအသင်း၊ မွန်းလွဲ ၁၂ နာရီခွဲတွင် Fanatics FCအသင်းနှင့် Legacy FCအသင်း၊ မွန်းလွဲ ၂ နာရီတွင် IJ FCအသင်းနှင့် Combine Teamအသင်း၊ ညနေ ၃ နာရီခွဲတွင် Power HBI FC အသင်းနှင့် Bushido Team အသင်းတို့ ဆက်လက်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

**STA**




# ဘာစီလိုနာအသင်း၏ ကမ်းလှမ်းမှုကို ဟူးလ်စီးတီးကစားသမား ပီလိုဂီနီငြင်းဆို

ဘာစီလိုနာ ဇူလိုင် ၄

ဟူးလ်စီးတီးအသင်း တောင်ပံကစားသမား ပီလိုဂီနီက ဘာစီလိုနာအသင်း၏ ကမ်းလှမ်းမှုကို ငြင်းဆိုခဲ့ပြီး ပရီးမီးယားလိဂ်ကလပ်အသင်းများထံသာ ပြောင်းရွှေ့ရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

ပီလိုဂီနီသည် ပြီးခဲ့သည့် ဘောလုံးရာသီက ဟူးလ်စီးတီးအသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြသနိုင်ခဲ့သည့်အတွက် ဘာစီလိုနာအသင်းက ပြီးခဲ့သည့်ရက်ပိုင်းက ၎င်းကိုခေါ်ယူရန်အတွက် တရားဝင် ကမ်းလှမ်းမှုပြုလုပ်ခဲ့ရာ ကစားသမားကိုယ်တိုင်က ငြင်းပယ်ခဲ့ခြင်းဖြစ်သည်။

အသက် ၂၂ နှစ်ရှိ ပီလိုဂီနီသည် ပြီးခဲ့သည့်ဘောလုံးရာသီက အေဗီလာအသင်းအကယ်ဒမီနှင့် လမ်းခွဲခဲ့ပြီးနောက် ဟူးလ်စီးတီးအသင်းသို့ ပြောင်းရွှေ့ကစားခဲ့ရာ အသင်းနှင့်အတူ ပထမဆုံးဘောလုံးရာသီမှာပင် အကောင်းဆုံးခြေစွမ်းပြသနိုင်ခဲ့ကာ ပြိုင်ပွဲစုံ ၃၃ ပွဲထိပါဝင် ကစားခွင့်ရရှိခဲ့ပြီး ၁၂ ဂိုးသွင်းယူ၍ ခြောက်ကြိမ် ဂိုးဖန်တီးမှုပြုလုပ်နိုင်ခဲ့သည်။

အလားတူ ပီလိုဂီနီသည် အင်္ဂလန်ယူ-၂၁ အသင်းတွင်လည်း အဓိက ကစားသမားအဖြစ် ပါဝင်ခွင့်ရရှိသူဖြစ်ပြီး ယူ-၂၁ ယူရိုပြိုင်ပွဲ ခြေစစ်ပွဲစဉ်တွင်လည်း အသင်းအတွက် သုံးဂိုးသွင်းယူပြီး ဂိုးဖန်တီးမှုနှစ်ကြိမ်ပြုလုပ်နိုင်ခဲ့သည်။

လက်ရှိတွင် ပီလိုဂီနီက ဘာစီလိုနာအသင်း၏ ကမ်းလှမ်းမှုကို ပယ်ချခဲ့ပြီးနောက် ပရီးမီးယားလိဂ်ကလပ် အသင်းများထံပြောင်းရွှေ့ရန်စီစဉ်နေပြီး လက်ရှိတွင် ၎င်းကို အဲဗာတန်အသင်း၊ ပဲလေ့စ်အသင်းနှင့် အစ်ဝှစ်ချ်အသင်းတို့က ကမ်းလှမ်းမှုများပြုလုပ်ထားကြောင်း သိရသည်။

**Ref : Sputnik**

**Trs : STA**

# မြန်မာနေရှင်နယ်လိဂ်ယူ-၂၀ပြိုင်ပွဲ ပွဲစဉ်(၅)တွင် ISPE အသင်းနိုင်ပွဲရရှိခဲ့ပြီး ကျန်ပွဲစဉ်များသရေရလဒ် ထွက်ပေါ်



ရန်ကုန် ဇူလိုင် ၄

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာနေရှင်နယ်လိဂ်ယူ-၂၀ပြိုင်ပွဲ ပွဲစဉ်(၅)ပွဲစဉ်များကိုယနေ့ညနေ ၃ နာရီခွဲက ရန်ကုန်မြို့တွင်ကျင်းပခဲ့ရာ ISPEယူ-၂၀အသင်းနိုင်ပွဲရယူနိုင်ခဲ့ပြီး ကျန်ပွဲစဉ်များတွင် သရေရလဒ်ထွက်ပေါ်ခဲ့ကြောင်း သိရသည်။

မြန်မာနေရှင်နယ်လိဂ် ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၅) ပွဲစဉ်များအဖြစ် ယနေ့ညနေ ၃ နာရီခွဲက စလင်းအားကစားကွင်း၌ ရန်ကုန်ယူနိုက်တက်ယူ-၂၀ အသင်းနှင့် ISPE ယူ-၂၀ အသင်းကစားခဲ့ရာ ISPE ယူ-၂၀ အသင်းက တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ISPEယူ-၂၀ အသင်းအတွက် တစ်လုံးတည်းသောသွင်းဂိုးကို ပွဲချိန် ၆၃ မိနစ်တွင် နေဒွန်းက သွင်းယူနိုင်ခဲ့သည်။

အလားတူ တောင်ဒဂုံအားကစားကွင်းတွင် ရတနာပုံအက်ဖ်စီယူ-၂၀ အသင်းနှင့် မဟာယူနိုက်တက်ယူ-၂၀ အသင်းတို့ ကစားခဲ့သည့်ပွဲစဉ်တွင် နှစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့ပြီး ရတနာပုံအက်ဖ်စီယူ-၂၀ အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၃၇ မိနစ်တွင် ထက်အောင်လွင်ကလည်းကောင်း၊ ပွဲချိန် ၅၉ မိနစ်တွင် ခွန်မြင့်ဆွေကလည်းကောင်း၊ မဟာယူနိုက်တက်ယူ-၂၀ အသင်းအတွက်သွင်းဂိုးများကို ပွဲချိန် ၃၅ မိနစ်တွင် လွန်းတင်ကလည်းကောင်း၊ ပွဲချိန် ၈၄မိနစ်၌ နေလင်းအောင်ကလည်းကောင်းသွင်းယူပေးနိုင်ခဲ့သည်။

ဆက်လက်ပြီး ပဒုမ္မာအားကစားကွင်းတွင် သစ္စာအားမာန်အသင်းနှင့် Junior Lionsအသင်းတို့ကစားခဲ့ရာ အပြန်အလှန်ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့သော်လည်း နှစ်သင်းစလုံး ဂိုးသွင်းယူနိုင်ခြင်းမရှိခဲ့ဘဲ ဂိုးမရှိသရေရလဒ်ဖြင့်ပွဲပြီးဆုံးခဲ့ကြောင်း သိရသည်။ **STA**

ခရီးသွားဆောင်းပါး

# သုံးထပ်ရေတံခွန်နှင့် ဦးနှောင်းဂူ

သက်နိုင်(ပြင်ဦးလွင်)

ကျောင်းပိတ်အားလပ်ရက်တစ်ရက်မှာ ကျောင်းသား၊ ကျောင်းသူကလေးတစ်သိုက်နဲ့ တောင်တက်ခရီးထွက်လာခဲ့ကြရာ ပြင်ဦးလွင်မြို့နဲ့ ခုနစ်မိုင်အကွာမှာရှိတဲ့ စော်ဘွားတောင်ပေါ်ကို ရောက်ရှိနေကြပါပြီ။ ကလေးအားလုံးကတော့ ပင်လယ်ရေမျက်နှာပြင်အထက်ပေလေးထောင်ကျော်၊ ငါးထောင်လောက်(၄၈၁၃ ပေ) မြင့်တဲ့တောင်ထိပ်ပေါ်ကို ရောက်ရောက်ချင်း ခြေကုန်လက်ပန်းကျပြီး ဇရပ်ပေါ်မှာ နားနေကြရတယ်။ စာရေးသူတို့တစ်တွေ တောင်ထိပ်ပေါ်ထိ ပင်ပင်ပန်းပန်း ခက်ခက်ခဲခဲရောက်ရှိလာကြတဲ့အချိန်မှာ စော်ဘွားတောင်တစ်တောင်လုံး လူသူကင်းမဲ့ရှင်းလင်းနေပြီး တိတ်ဆိတ်ခြောက်ကပ်လို့နေတယ်။ တောင်ပတ်လည်တစ်ခွင်မှာတော့ သစ်ပင်ကြီးသစ်ပင်ငယ်တွေနဲ့ စိမ်းစိမ်းစိုစို အုံ့အုံ့မှိုင်းမှိုင်းဖြစ်နေတာကို တွေ့မြင်နေရတယ်။ ဒါ့ပြင် စေတီတောင်ရင်ပြင်ထိပ် တစ်ဖက်ကနေ လယ်ကွင်းလယ်ကွက်စိုက်ခင်းပျိုးခင်းတောလက်ကျေးရွာ၊ ရေတွင်းရေကန်၊ လယ်မြေချောင်းမြောင်းသေးသေးမွှားမွှားလမ်းကလေးတွေကိုလဲ အနီးတစ်လှည့်၊ အဝေးတစ်လှည့် မြင်တွေ့ရပြန်တယ်။

တကယ်တော့ စော်ဘွားတောင်ဆိုတာ ပြင်ဦးလွင်ဒေသမှာ ထင်ရှားပြီး သမိုင်းဝင်တောင်ကြီးတစ်တောင်ပါ။ ရှေးယခင် နှစ်ပေါင်းများစွာတုန်းက အခုစော်ဘွားတောင်ဒေသမှာ ဘုန်းတန်ခိုးသြဇာအာဏာကြီးမားတဲ့ ရှမ်းစော်ဘွားကြီးတစ်ယောက် မင်းလုပ်အုပ်ချုပ်ခဲ့ပါတယ်။ စော်ဘွားကြီးမှာ သားတော်တစ်ပါးရှိပြီး သားတော်လေးကို စော်ဘွားကြီးက အိမ်ရှေ့စံမင်းသားအဖြစ် ခန့်အပ်ထားတယ်။ အိမ်ရှေ့စံမင်းသားစော်ဘွားလေးက သနားကြင်နာတတ်ပြီး စိတ်ကောင်းနှလုံးကောင်းရှိနေတာကြောင့် မိဘမဲ့ရှမ်းညီအစ်ကိုနှစ်ယောက်ဖြစ်တဲ့ ခွန်ချိုနဲ့ ခွန်သာကို ကောက်ယူမွေးစားထားခဲ့တယ်။ ခွန်ချိုနဲ့ ခွန်သာ ရှမ်းညီနောင်နှစ်ယောက်ကလဲ အိမ်ရှေ့စံစော်ဘွားလေးကို အလွန်ရိုသေချစ်ခင်မြတ်နိုးတယ်လို့ ဆိုတယ်။ ဒါပေမဲ့ ခွန်ချိုနဲ့ ခွန်သာရှမ်းညီနောင်နှစ်ယောက် အရွယ်ရောက်ကြီးပြင်းလာတဲ့အခါ အိမ်ရှေ့စံစော်ဘွားလေးနဲ့ပူးပေါင်းပြီး တော်လှန်ပုန်ကန်ထီးနန်းလုယူမဲ့ အရေးကို စော်ဘွားကြီးက စိုးရိမ်ပူပန်လာခဲ့တယ်။ ဒါကြောင့် စော်ဘွားကြီးက သားဖြစ်သူ စော်ဘွားလေးကို ခွန်ချိုနဲ့ ခွန်သာ ရှမ်းညီနောင်နှစ်ယောက်ရဲ့ ဦးခေါင်းတွေကိုဖြတ်ယူလာခဲ့ရင် ထီးနန်းကို ချက်ချင်းလွှဲအပ်ပေးမယ်ဆိုတဲ့အကြောင်း ပရိယာယ်ဆင်ပြီး ပြောကြားခိုင်းစေလိုက်တယ်။

သားဖြစ်သူ စော်ဘွားလေးကလဲ ဖခင်စော်ဘွားကြီးပြောဆိုစေခိုင်းထားတာကို အဟုတ်အမှန်ထင်ပြီး ခွန်ချိုနဲ့ ခွန်သာတို့ရဲ့ဦးခေါင်းတွေကို ဖြတ်ယူလိုက်တော့တယ်။ ဒီလိုနဲ့ ရှမ်းညီနောင်နှစ်ယောက်ရဲ့ ဦးခေါင်းတွေကိုယူပြီး ဖခင်စော်ဘွားကြီးဆီကို ဆက်သဖို့ သွားရောက်တဲ့အခါ ဖခင်စော်ဘွားကြီးကသားတော်အိမ်ရှေ့စံစော်ဘွားလေးရဲ့ ဦးခေါင်းကိုပါ တစ်ဆက်တည်းဖြတ်ယူသတ်လိုက်ပြန်ပြီး ဦးခေါင်းသုံးလုံးစလုံးကိုလဲ ခံစစ်ကျုံးတွေအဖြစ် ထည့်သွင်းတည်ဆောက်ထားလိုက်တယ်။ ဒီခံစစ်ကျုံးတွေက စော်ဘွားတောင်ပေါ်မှာ အခုအချိန်ထိ ရှိနေကြသေးတယ်။ ခံစစ်ကျုံးတွေရှိတဲ့တောင်ကိုလဲ စော်ဘွားကြီးကို အစွဲပြုပြီး စော်ဘွားတောင်လို့ ရှေးအစဉ်အဆက်ဆက်ကနေ ဒီနေ့ထိ ခေါ်ဆိုလာခဲ့ကြတယ်။

ဇရပ်ပေါ်မှာ နားကြရင်း၊ ဘုရားကန်တော့ကြရင်း၊ စော်ဘွားတောင်သမိုင်းနဲ့ ပတ်သက်စပ်လျဉ်းတဲ့ ဗဟုသုတအကြောင်းအရာတွေကို ကလေးတစ်သိုက်ကို ပြောပြတဲ့အခါ စိတ်ဝင်တစားနဲ့ နားထောင်နေခဲ့ကြသလို ခံစစ်ကျုံးတွေနဲ့ပတ်သက်ပြီး စော်ဘွားတောင်မှာသာမက သုံးထပ်ရေတံခွန်၊ ဦးနှောင်းဂူအနီးမှာ တည်ရှိနေသေးကြောင်း၊ ထပ်မံဆက်စပ်ပြောပြတဲ့အခါမှာလဲ သိချင်ကြကြောင်း၊ တွေ့မြင်ချင်ကြကြောင်း ပြောဆိုပူဆာကြတာနဲ့ စော်ဘွားတောင်ကနေအပြန် သုံးထပ်ရေတံခွန်ရှိရာကို လိုက်လံပို့ဆောင်ပေးမယ်လို့ ပြောဆိုထားလိုက်ရတယ်။

စော်ဘွားတောင်ထိပ်ပေါ်မှာ စေတီတော်နဲ့ ဇရပ်ရှိတဲ့ နေရာတစ်ဝိုက်မှာသာ မြေပြန့်ရှင်းလင်းနေပြီး ကျန်တဲ့နေရာတွေမှာ လျှိုမြောင်တောတွေဖြစ်နေတာကြောင့် ကလေးတစ်သိုက်ဘယ်နေရာကိုမှ မသွားခိုင်းတော့ဘဲ ဘုရားဖူးမြော်၊ ရှုခင်းတွေကြည့်၊ ဆော့ကစားကြပြီးတာနဲ့ တောင်ပေါ်ကနေပြန်ဆင်းလာခဲ့ကြတယ်။ အဆင်းခရီးက အတက်ခရီးလောက် မပင်ပန်း၊ မခက်ခဲတော့ပေမဲ့ ကလေးအားလုံး စာရေးသူအနားမှာ ကပ်ပြီး သုံးထပ်ရေတံခွန်ကို လိုက်ပို့ပါဆရာ။ ဦးနှောင်းဂူကို လိုက်ပို့ပါ ဆရာ။ ခံစစ်ကျုံးတွေကို ကြည့်ချင်တယ်။ ရေတံခွန်မှာ ရေချိုးလို့ရလား၊ ရေဆော့လို့ရလား စသဖြင့် တတွတ်တွတ်အဆက်မပြတ်မေးမြန်းနေကြတာတွေကြောင့် သူတို့တစ်ယောက်ချင်းကို မနားတမ်းပြန်လည်ဖြေကြားရင်း မောလာရတော့တယ်။ ဒါပေမဲ့ မိတ်ဆွေသူငယ်ချင်း အပေါင်းအသင်းတွေ၊ အတူနေ မောင်နှမတွေ၊ လူကြီးသူမတွေနဲ့ ခရီးသွားလာရတာက အရသာတစ်မျိုး။ အခုလို ကလေးငယ်တွေနဲ့ ခရီးသွားရတာက အရသာတစ်မျိုးနဲ့ တစ်ခုစီ၊ တစ်မျိုးစီ ပျော်ရွှင်စရာကောင်းနေပါတယ်။



ပြင်ဦးလွင်မြို့ရှိ သုံးထပ်ရေတံခွန်ကို တွေ့ရစဉ်။

တောင်ပေါ်ကနေ ပြန်ဆင်းလာခဲ့ကြပြီး တောင်ခြေမှာရှိနေတဲ့ ကျိုင်းတောင်းရွာထဲကို ရောက်တာနဲ့ ထုပ်ပိုးပါရှိလာတဲ့ ထမင်းတွေကို ဦးလေးဖြစ်သူရဲ့ အိမ်မှာ စားသောက်ကြဖို့ပါ။ ဒါပေမဲ့ ကလေးတွေကလဲ ဗိုက်မဆာသေးကြောင်းနဲ့ ကျိုင်းတောင်းရွာမှာနေထိုင်တဲ့ တပည့်ဟောင်းတစ်ယောက်ကလဲ သူ့အိမ်ရှိရာကို အလည်ခေါ်နေတာကြောင့် ထမင်းမစားကြသေးဘဲ တပည့်ဖြစ်သူရဲ့အိမ်ကို လိုက်ပါသွားကြရတယ်။ တပည့်ဖြစ်သူရဲ့အိမ်ကို ရောက်တဲ့အခါမှာလဲ ထမင်းစားသောက်ကြမယ်ဆိုရင် အဆင်သင့်ချက်ပြုတ်ကျွေးနိုင်ကြောင်း ပြောပေမဲ့ စာရေးသူတို့က ထမင်းထုပ်တွေပါလာကြောင်းနဲ့ ဗိုက်မဆာကြသေးကြောင်း ငြင်းဆိုပြောဆိုကြတာကြောင့် သူတို့ရဲ့ ခြံထွက် သဘော်သီး၊ သရက်သီး၊ နဂါးမောက်သီး၊ နာနတ်သီးတွေနဲ့ တိုဟူးခြောက်ကြော်တွေကို စားပွဲအပြည့်ညှင့်ခံကျွေးမွေးပါတယ်။ ဒီအခါမှာ ဗိုက်မဆာသေးလို့ ထမင်းမစားကြသေးဘူးဆိုတဲ့ ကလေးတွေက အသီးတွေ၊ တိုဟူးခြောက်ကြော်တွေကို တစ်ပန်းကန်ပြီး တစ်ပန်းကန် အားရပါးရစားသောက်နေကြတာကြောင့် အိမ်ရှင်တပည့်ဖြစ်သူက နောက်ထပ်လိုက်ပွဲတွေကို ထပ်မံထည့်ပေးနေရတော့တယ်။ ကလေးတွေလဲဖြစ်၊ စားနိုင်သောက်နိုင်နေတဲ့အရွယ်တွေလဲဖြစ်၊ အားမနာရတဲ့တပည့်အိမ်လဲဖြစ်၊ ပင်ပန်းလာကြတဲ့အချိန်လဲဖြစ်နေတာကြောင့် ချကျွေးညှင့်ခံသမျှ ကုန်ရတော့တာပါ။ စားသောက်အမောပြေသွားကြလို့ ရှေ့ခရီးကို ဆက်ကြတော့မဲ့အချိန်မှာ တပည့်ဖြစ်သူက ထမင်းနဲ့စားဖို့ဆိုပြီး ဂေါ်ရခါးရွက်ကြော်၊ ခရမ်းချဉ်သီးသုပ်နဲ့ ကြက်သားဟင်းတွေကို အထုပ်တွေနဲ့ ထပ်မံထည့်ပေးလိုက်ပြန်သေးတယ်။

စော်ဘွားတောင်တည်ရှိတဲ့ ကျိုင်းတောင်းရွာကနေ သုံးထပ်ရေတံခွန်ကို သွားရောက်ကြဖို့အတွက် မြို့ရှောင်လမ်းကို ပြန်ထွက်လာခဲ့ရပြီး မြို့ရှောင်လမ်းကတစ်ဆင့် မန္တလေး-လားရှိုးလမ်းမကြီးအတိုင်း ရှေ့ဆက်လာခဲ့ကြရတယ်။ မိုင်တိုင်အမှတ် (၅၀) ကို ရောက်တဲ့အခါ ရန်ကုန်နတ်ကျုံးကျောင်းတိုက်ဆိုတဲ့ ဆိုင်းဘုတ်ကိုရောက်တာနဲ့ ကျောင်းတိုက်မုခ်ဦးဆိုင်းဘုတ်အောက်ကနေ ဆင်ခြေလျှောမတ်စောက်တဲ့ ကွန်ကရစ်လမ်းအတိုင်း ရေတံခွန်ရှိရာကို မောင်းနှင်လာခဲ့ရတယ်။ ဒီနေရာမှာ ကျောင်းတိုက်ရဲ့အမည်ကို ရန်ကုန်နတ်ကျုံးဆိုပြီးပေးထားရတာက ခံစစ်ကျုံးတွေရှိနေတာကို အစွဲပြုပြီး ပေးမှည့်ထားရတာပါ။ အခု ခရီးစဉ်မှာ ကလေးတွေ ရောက်ချင်၊ တွေ့မြင်ချင်နေတဲ့ ခံစစ်ကျုံးတွေနဲ့ ရေဆော့ကစားလို့ရတဲ့ သုံးထပ်ရေတံခွန်ကို မကြာခင်မှာ ရောက်ကြတော့မှာဖြစ်ပါတယ်။

ရန်ကုန်နတ်ကျုံးကျောင်းတိုက်ကို ရောက်တာနဲ့ ရေတွေ တသွင်သွင်ဖြာကျစီးဆင်းနေတဲ့ ရေတံခွန်ကို မြင်တွေ့နေရပါပြီ။ ဒါပေမဲ့ သုံးထပ်ရေတံခွန်ကို တော့ မရောက်သေးပါဘူး။ ရေတံခွန်နဲ့ ရေတွေကို တွေ့မြင်ပြီဆိုတာနဲ့ ကလေးတွေက ကားပေါ်ကနေ အတင်းပြေးဆင်းပြီး ဆော့ကစားဖို့ သွားရောက်ကြတယ်။ ဒီအချိန်မှာ စာရေးသူကိုယ်တိုင်ကလဲ ကလေးတွေအန္တရာယ်မဖြစ်ဖို့အတွက် ရေနက်တဲ့နေရာတွေကို မသွားရောက်ကြဖို့ အပြေးတစ်ပိုင်းနဲ့ လိုက်လံထိန်းသိမ်းစောင့်ရှောက်ပေးရတော့တယ်။ ကလေးတွေက ပျော်ပျော်ရွှင်ရွှင်နဲ့ ရေချိုး၊ ရေဆော့ကြရင်း၊ ငါးလေးတွေဖမ်း၊ ခရုလေးတွေကောက်ကြရင်း၊ အချိန်အတော်ကြာ ရေတွေတစ်ကိုယ်လုံးရွှဲရွှဲစိုနေကြပြီးမှ ခံစစ်ကျုံးကို သွားကြည့်ချင်တယ်၊ သုံးထပ်ရေတံခွန်ကိုသွားချင်တယ် ဆိုပြီး ပူဆာကြတော့တာပါ။ ကလေးတွေ ရေကစားနေကြတဲ့ ရန်ကုန်နတ်ကျုံးကျောင်းတိုက်က ခံစစ်ကျုံးနဲ့ သုံးထပ်ရေတံခွန်တွေရဲ့ အလယ်မှာတည်ရှိနေတာကြောင့် ဘယ်နေရာကို အရင်ဆုံးပို့ဆောင်ပေးရမလဲဆိုတာကို စဉ်းစားပြီး ကလေးတွေ ပိုမိုနှစ်သက်အကြိုက်တွေ့စေနိုင်တဲ့ သုံးထပ်ရေတံခွန်ရှိရာကို ဦးဆောင်ထွက်ခွာလာခဲ့လိုက်တယ်။

သုံးထပ်ရေတံခွန်က နှစ်ဖာလုံလောက်သာ ဝေးပြီး တောလမ်းလေးတွေ၊ တံတားလေးတွေကို ဖြတ်သန်းလျှောက်လာခဲ့ကြရတယ်။ ရေတံခွန်ရှိရာကိုရောက်တဲ့အခါ အဆင့်ဆင့်ဖြာထွက်စီးဆင်းနေတဲ့ရေတံခွန်ကြီးကို မြင်တွေ့ကြပြီး ကလေးတွေက အလွန်ဝမ်းသာပျော်ရွှင်နေကြတယ်။ ဒါပေမဲ့ ရေတံခွန်အောက်ခြေနဲ့ အနီးတစ်ဝိုက်မှာ ရေအလွန်နက်တာကြောင့် ကလေးတွေကို ရေထဲဆင်းခွင့်၊ ရေချိုး၊ ရေဆော့ခွင့်မပြုတော့ဘဲ ရေတံခွန်ရဲ့အလှကိုသာ ကြည့်ရှုစေခဲ့လိုက်တယ်။ ကလေးတွေဟာ မကြာခင်အချိန်တစ်ခဏတာအတွင်းမှာ ရေထဲဆင်းချင်တယ်၊ ရေဆော့ချင်တယ်ဆိုပြီး နားပူနားဆာလုပ်လာပြန်ကြလို့ သူတို့ကို အာရုံပြောင်းပြီး ဦးနှောင်းဂူရှိရာကို ခေါ်ဆောင်လာခဲ့ရတယ်။

ဦးနှောင်းဂူက သုံးထပ်ရေတံခွန်အနီးမှာ တည်ရှိနေတာပါ။ ဦးနှောင်းဂူဆိုရင် ပြင်ဦးလွင်သူ၊ ပြင်ဦးလွင်သားတိုင်း သိကြပါတယ်။ ဒါပေမဲ့ ဘာကြောင့် ဦးနှောင်းဂူလို့ခေါ်တာလဲ၊ သမိုင်းရာဇဝင်အချက်အလက်တွေက ဘာတွေလဲ၊ ဦးနှောင်းဂူရှိရာကို ရောက်ဖူးကြလားလို့ မေးရင် နှုတ်ဆိတ်သွားကြသူတွေများနေတယ်။ လွန်ခဲ့တဲ့ နှစ်သန်းပေါင်း ၂၃၀ ကနေ ၃၅၀ အတွင်း ရှမ်းပြည်နယ်ဒေသတွေမှာ မြေလွှာတွန့်ခေါက်မှုတွေ၊ ပြတ်ရွေ့မှုတွေဖြစ်တဲ့အခါ ပင်လယ်ရေအောက်မှာရှိနေတဲ့ ကျောက်တွေက ကုန်းမြေအဖြစ်ကို စတင်ပြောင်းလဲဖြစ်ပေါ်လာခဲ့ကြပြီး နေရာဒေသအနှံ့အပြားမှာ လိုဏ်ဂူတွေဖြစ်ပေါ်လာခဲ့ကြတယ်လို့ ဘူမိဗေဒပညာရှင်တွေက ဆိုပါတယ်။ ဒီလိုဂူတွေက ပြင်ဦးလွင်ဒေသမှာ အများအပြားရှိနေကြပြီး ကြီးတာနဲ့ သေးတာသာ ကွာခြားနေကြပါတယ်။ ပိတ်ချင်းမြောင်လိုဏ်ဂူက ကြီးပြီး ဦးနှောင်းဂူက သေးငယ်သလိုမျိုးပါ။

ဦးနှောင်းဂူက ကြီးမားကျယ်ဝန်းခြင်းမရှိဘဲ လူတစ်ယောက်သင့်တင့်မျှတတဲ့ အနေအထားနဲ့ နေထိုင်လို့ရတဲ့ အလျား ၁၅ ပေလောက်နဲ့ အကျယ်ခြောက်ပေကျော်လောက်သာ ရှိနေတယ်။ မြို့ရဲ့သမိုင်းရာဇဝင်တွေအရ မြန်မာနိုင်ငံလွတ်လပ်ရေးမရခင် ၁၉၄၅ ခုနှစ်လောက်က ဦးနှောင်းလို့ခေါ်တဲ့ ရသေ့ကြီးတစ်ပါးက ဂူအတွင်းမှာ ဝင်ရောက်တရားအားထုတ်ခဲ့ရာကနေ ဦးနှောင်းဂူဆိုပြီး တစ်စတစ်စ လူသိများကျော်ကြားလာခဲ့ရတယ်။ အခုအချိန် ဦးနှောင်းဂူအနီးတစ်ဝိုက်မှာ ဘုရားကျောင်းကန် စေတီပုထိုးတွေ အများအပြားနဲ့ သာသနာ့နယ်မြေတစ်ခုအဖြစ်တည်ရှိနေပါပြီ။ ကလေးတွေနဲ့အတူ ဦးနှောင်းဂူအတွင်းကို ဝင်ရောက်လေ့လာကြည့်ရှုတဲ့အခါ ဒီဂူကြီးကို ဘယ်သူလုပ်ထားတာလဲ၊ ဘယ်သူနေတာလဲ၊ ဘယ်နေရာမှာ အိပ်ပြီး ဘယ်နေရာမှာ ထမင်းချက်စားတာလဲ၊ မိုးရွာရင် မိုးရေတွေ ယိုမကျဘူးလား၊ ဘာလို့ တံခါးတွေမရှိတာလဲ၊ ဒီဂူထဲမှာနေတဲ့သူက မကြောက်ဘူးလား၊ အပေါ်က အချွန်တွေက ဘာတွေလဲ၊ ဘယ်လိုဖြစ်လာကြတာလဲ စတဲ့မေးခွန်းပေါင်း မြောက်မြားစွာကို တစ်ယောက်တစ်မျိုး အလုအယက် မေးမြန်းနေကြတာကြောင့် တစ်ယောက်ချင်းကို နားလည်သဘောပေါက်ကျေနပ်အောင် ဖြေဆိုပေးနေရတယ်။

ကလေးတွေက သဘာဝအလျောက်ဖြစ်ပေါ်နေတဲ့ ဦးနှောင်းဂူကို သုံးထပ်ရေတံခွန်ထက် ပိုပြီးစိတ်ဝင်စားကြတယ်။ ဒါပေမဲ့ ဂူထဲမှာနဲ့ ဂူအနီးတစ်ဝိုက်မှာ အချိန်တွေကြာလာတာနဲ့အမျှ ရေတံခွန်ကို ပြန်သွားချင်တယ်၊ ရေဆော့ချင်သေးတယ်၊ ဗိုက်ဆာလာပြီဆိုပြီး ပြောဆိုကြပြန်လာတာကြောင့် သုံးထပ်ရေတံခွန်ရှိရာကို ပြန်လာခဲ့ရတယ်။

အခုလဲ ကလေးတွေက ရေတံခွန်ကို ပြန်သွားချင်တယ်ဆိုတာက ရေဆော့ကစားချင်ကြလို့ ဖြစ်ကြောင်း သိရှိနေတယ်။ ဒါပေမဲ့ သုံးထပ်ရေတံခွန်လို နေရာမျိုးက ကလေးတွေသာမက လူကြီးတွေပါ ရေချိုး၊ ရေကစားဖို့ မသင့်လျော်ဘဲ အန္တရာယ်ရှိတဲ့နေရာဖြစ်နေတာကြောင့် သူတို့လေးတွေကို ချော့မော့ပြောပြီး ဦးနှောင်းဂူနဲ့ သုံးထပ်ရေတံခွန်ရဲ့အပေါ် အမြင့်မှာရှိတဲ့ ဘုရားစေတီတွေရှိရာကို ဆက်လက်ထွက်ခွာလာခဲ့ရတယ်။ ကလေးတွေပျော်တာ၊ မပျော်တာကို အသာထားပြီး စိတ်အာရုံပြောင်း လှည့်ထွက်ခဲ့ရတာပါ။ ဘယ်လိုပဲဖြစ်ဖြစ် လှပတဲ့သုံးထပ်ရေတံခွန်နဲ့ သမိုင်းဝင်ဦးနှောင်းဂူကိုတော့ လေ့လာကြည့်ရှုပြီးကြပါပြီ။ အပေါ်မှာရှိနေတဲ့ ဘုရားစေတီတွေရှိရာကို သွားရောက်လိုက်ကြပါအုံးမယ်။

# လင်ကြမ်း မယားကြမ်း ဇာတ်လမ်းတွဲ ကန်တော့ပွဲပေးပွဲ ဒဂုံမြို့နယ် မဟာဝိဇယစေတီတော်တွင် ကျင်းပပြုလုပ်



**ရန်ကုန် ဇူလိုင် ၄**

ခွန်သာချို ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်မည့် လင်ကြမ်း မယားကြမ်း ဇာတ်လမ်းတွဲ ကန်တော့ပွဲပေးပွဲကို ဇူလိုင် ၃ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ မဟာဝိဇယစေတီတော်တွင် ကျင်းပပြုလုပ်ခဲ့ကြောင်း အဆိုပါဇာတ်လမ်းတွဲကို တာဝန်ယူ ပုံဖော်ရိုက်ကူးမည့် ဒါရိုက်တာ သရုပ်ဆောင် ခွန်သာချိုကပြောပြ၍ သိရသည်။

လင်ကြမ်း မယားကြမ်း ဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို ခွန်သာချိုက ရေးသားထားကာ ခွန်သာချိုကပင် ဒါရိုက်တာအဖြစ် တာဝန်ယူပုံဖော်ဖန်တီးရိုက်ကူးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်လမ်းတွဲလေးက လင်ကြမ်း မယားကြမ်းဆိုပြီးတော့ လင်မယားနှစ်ယောက်ရဲ့ ကြမ်းတမ်းတဲ့အရာတွေ ဘယ်လောက်ထိ ကြမ်းပြီးတော့ ဘယ်လောက် အကုသိုလ်တွေဖြစ်တယ်။ သံသရာမှာကော လက်ရှိဘဝမှာပါ ဘယ်လောက်ထိ ကြောက်စရာကောင်းတယ် ဆိုတာတွေပါတယ်။ ဝဋ်ဗေဒ ဘယ်လောက်ထိ ကြောက်စရာကောင်းတာကို သံသရာကော၊ လက်ရှိဘဝကိုပါ ပညာပေးလေးအနေနဲ့ ရိုက်ဖြစ်သွားမှာပါ"ဟု ဒါရိုက်တာ သရုပ်ဆောင် ခွန်သာချိုက ပြောပြသည်။

လင်ကြမ်း မယားကြမ်း ဇာတ်လမ်းတွဲတွင် သရုပ်ဆောင် ခွန်သာချို၊ အာကာမြင့်အောင်၊ အောင်ခိုင်၊ ခိုင်နိုး၊ ခင်မို့မို့အေး၊ အိန္ဒြာချမ်းမြေ့၊ အိမ့်ခြူးဝင်းနှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# Now You See Me-3 ဇာတ်ကားကို ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၁၇ ရက်တွင် ရုံတင်မည်

**နယူးယောက် ဇူလိုင် ၄**

တတိယမြောက် Now You See Me-3 ဇာတ်ကားသစ်ကို ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၁၇ ရက်တွင် ရုံတင်ပြသရန် စီစဉ်ထားကြောင်း ဇူလိုင် ၃ ရက် သတင်းများအရ သိရသည်။

Now You See Me-3 ဇာတ်ကားသည် မျက်လှည့်ဆရာ စောရလေးဦးတို့၏ စွန့်စားမှုများကို ဆက်လက်ရိုက်ကူးမည့်ဇာတ်ကားဖြစ်ကြောင်း သိရသည်။

Now You See Me-3 တွင် မူလ Now You See Me ဇာတ်ကားများမှ သရုပ်ဆောင်များအပြင် သရုပ်ဆောင်သစ်များလည်း ထပ်မံပါဝင်လာမည်ဖြစ်သည်။


အဆိုပါ ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဆက်ဂရေဟပ်စမစ်နှင့် ဂါဗင်ဂျိမ်းတို့က ရေးသားပေးထားပြီး ဒါရိုက်တာ ရူဘင်ဖလက်ချာက တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် Now You See Me-3 ဇာတ်ကား၏ ဇာတ်လမ်း ဇာတ်အိမ်အသေးစိတ်ကို မသိရသေးကြောင်း သိရသည်။

ယခင် ရိုက်ကူးထုတ်လုပ်ခဲ့ပြီးဖြစ်သော Now You See Me ဇာတ်ကားနှစ်ကား၏ စုစုပေါင်း ကမ္ဘာတစ်ဝန်းဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၆၈၇ သန်းထိရှိခဲ့ကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**




# တနင်္သာရီတိုင်းဒေသကြီးတွင် ခရီးသွားဆွဲဆောင်မှုအဖြစ် လှေပြိုင်ပွဲများနှင့် ခရီးသွားပွဲတော်များ ပြုလုပ်သွားမည်

**ထားဝယ် ဇူလိုင် ၄**

တနင်္သာရီတိုင်းဒေသကြီးတွင် ခရီးသွားဆွဲဆောင်မှုအဖြစ် လှေပြိုင်ပွဲများနှင့် ခရီးသွားပွဲတော်များကို လာမည့်ခရီးသွားရာသီတွင် ကျွန်းများ၌ ပြုလုပ်သွားမည်ဖြစ်ကြောင်း တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးမောင်ကြီးက ပြောပြ၍ သိရသည်။

ယခုနှစ်တွင် တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ်၌ ကျင်းပပြုလုပ်ခဲ့သည့် လှေပြိုင်ပွဲများ၊ ခရီးသွားပွဲတော်နှင့်ပတ်သက်၍ နိုင်ငံတော်က စိတ်ဝင်စားမှုရှိခဲ့သောကြောင့် ၂၀၂၅ ခုနှစ်တွင် ကျွန်းများ၌ ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ယခုနှစ် ဇူလိုင်လမှစတင်ကာ လာမည့်ခရီးသွားရာသီတွင် အောင်မြင်မှုရရှိစေရန်အတွက် လိုအပ်သောပြင်ဆင်မှုများ၊ ဝန်ထမ်းစုဆောင်းမှုများ၊ အခန်းပြင်ဆင်မှုများ၊ ခရီးစဉ် ရေးဆွဲခြင်း၊ ထိုင်းနိုင်ငံနှင့်ချိတ်ဆက်ပြီး ခရီးသည်များ လာရောက်နိုင်အောင် ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။




၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၇ ရက်ကကျင်းပခဲ့သည့် ကော့သောင်း-ရနောင်း ချစ်ကြည်ရေးခရီးသွားပွဲတော်

"ဒီနှစ် ဖေဖော်ဝါရီလမှာ ကျင်းပခဲ့တဲ့ မြန်မာ-ထိုင်း နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်တဲ့ ကော့သောင်း-ရနောင်း ချစ်ကြည်ရေး ခရီးသွားပွဲတော် အောင်မြင်မှုရရှိခဲ့ပါတယ်။ ထိုင်းနိုင်ငံက ခရီးသွားတွေ၊ စီးပွားရေးလုပ်ငန်းရှင်တွေ လာရောက်ခဲ့ကြပြီး ဒီလိုပွဲတော်မျိုးတွေ ဆက်လက်အကောင်အထည်ဖော်ပေးဖို့ ကမ်းလှမ်းလာတဲ့အတွက် ဆက်လက်လုပ်ဆောင်သွားဖို့ရှိပါတယ်။ ဒီတစ်ခေါက်မှာတော့ ပွဲတော်တွေကို ကျွန်းတွေမှာ ပြုလုပ်သွားမှာဖြစ်ပါတယ်"ဟု တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးမောင်ကြီးက ပြောပြ၍ သိရသည်။

ASH

# At the Sea ဒရာမာဇာတ်ကားတွင် မင်းသား ရိန်းဝီဆင် ပါဝင်လာ

**နယူးယောက် ဇူလိုင် ၄**

At the Sea အမည်ရှိ ဒရာမာ ဇာတ်ကားသစ်တွင် မင်းသား ရိန်းဝီဆင်ပါဝင်လာကြောင်း ဇူလိုင် ၃ ရက် သတင်းများအရ သိရသည်။

At the Sea ဇာတ်ကားတွင် မင်းသား ရိန်းဝီဆင်သည် မင်းသမီး အေမီအဒမ်နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

At the Sea ဇာတ်ကားကို Pieaces of a Woman ဒါရိုက်တာ ကော်နယ်မန်ဒရုဇိုက တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် At the Sea ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကိုလည်း ဒါရိုက်တာ ကော်နယ်မန်ဒရုဇိုကပင် တာဝန်ယူ ရေးသားပေးမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် At the Sea ဇာတ်ကားကို အမေရိကန်နိုင်ငံ ဘော်စတွန်မြို့တော်၌ စတင်ရိုက်ကူးနေပြီဖြစ်ကြောင်း သိရသည်။

At the Sea ဇာတ်ကားရုံတင်ပြသမည့်ရက်ကို ထုတ်လုပ်သူများက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**



# သဘင်ဘဏ်တိုက် အမည်ဖြင့် မျိုးဆက်သစ်သဘင်ပညာရှင်လူငယ်များ ပါဝင်ဖျော်ဖြေမည့် မြန်မာ့သဘင်ဖျော်ဖြေတင်ဆက်မှုကို Channel K ရုပ်သံလိုင်းမှ ထုတ်လွှင့်သွားမည်

**ရန်ကုန် ဇူလိုင် ၄**

သဘင်ဘဏ်တိုက် အမည်ဖြင့် မျိုးဆက်သစ် သဘင်ပညာရှင် လူငယ်များ ပါဝင်ဖျော်ဖြေမည့် မြန်မာ့သဘင်ဖျော်ဖြေတင်ဆက်မှုကို ဇူလိုင် ၇ ရက်တွင် Channel K ရုပ်သံလိုင်းမှ ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း အဆိုပါအစီအစဉ်တွင် ပါဝင်ဖျော်ဖြေတင်ဆက်မည့် သဘင်မင်းသား ဇွဲမာန်ဟိန်းက ပြောပြ၍ သိရသည်။

သဘင်ဘဏ်တိုက် အမည်ဖြင့် မြန်မာ့သဘင်ဖျော်ဖြေတင်ဆက်မှုတွင် မျိုးဆက်သစ် ဇာတ်မင်းသားများဖြစ်ကြသည့် ဘွန်း၊ ဆန်းမြင့်အောင်၊ ဇွဲမာန်ဟိန်း၊ ချမ်းညီညီ စသည့်ဇာတ်မင်းသားများအပြင် ဝါရင့်သဘင်မင်းသားကြီးများဖြစ်သည့် တင်မောင်ဆန်းမင်းဝင်း၊ ဟန်ဇာမိုးဝင်း၊ ဖိုးချစ်တို့ကလည်း အားဖြည့် ဖျော်ဖြေတင်ဆက်ပေးမည်ဖြစ်ကြောင်း သိရသည်။

"သဘင့်ဥယျာဉ်ကြီးမှာ အရောင်အသွေးစုံလင်စွာနဲ့ ပွင့်လန်းလာနေတဲ့ မျိုးဆက်သစ်သဘင်ဇာတ်မင်းသားတွေ ပါဝင်ဖျော်ဖြေတင်ဆက်ပေးမဲ့ သဘင်ဘဏ်တိုက် အစီအစဉ်ဖြစ်ပါတယ်။ အဲဒီ သဘင်အနုပညာဘဏ်တိုက်ကြီးထဲက သဘင်အနုပညာတွေကို လက်ဆင့်ကမ်း တာဝန်အနေနဲ့ သဘင်ချစ်ပရိသတ်တွေအတွက် ထမ်းဆောင်သွားမဲ့ မျိုးဇာတ်သစ်ဇာတ်မင်းသားလေးတွေရဲ့ဖျော်ဖြေတင်ဆက်မှုတွေကို ဝါရင့်သဘင်အနုပညာရှင်ကြီးတွေရဲ့ ဝန်းရံမှုနဲ့အတူ တွေ့မြင်ရမှာဖြစ်ပါတယ်"ဟု ဇာတ်မင်းသား ဇွဲမာန်ဟိန်းက ပြောပြသည်။

အဆိုပါ သဘင်ဘဏ်တိုက် အစီအစဉ်ကို ဇူလိုင် ၇ ရက်မှစတင်ကာ အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း မွန်းလွဲ ၁ နာရီနှင့် ည ၉ နာရီ မိနစ် ၄၀ တွင် Channel K ရုပ်သံလိုင်းမှ ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing receives Ambassador of People's Republic of China



Senior General Min Aung Hlaing receives Ambassador of People's Republic of China H.E. Mr. Chen Hai.

**Nay Pyi Taw July 4**

Chairman of State Administration Council Prime Minister Senior General Min Aung Hlaing received Ambassador of People's Republic of China H.E. Mr. Chen Hai, who had completed his tour of duty in Myanmar, at the Credentials Hall at his office here this morning.

At the meeting, views on further improving diplomatic relations, friendship and cooperation between China and Myanmar, which are strategic partners, exchange of friendship tours of senior officials of both countries, Myanmar's efforts for national development and internal peace and China's ongoing support, bilateral cooperation for border area peace and stability, preparations for free and fair multiparty democracy general election, were cordially exchanged.

Present at the call together with the Senior General were Joint SAC Secretary Lt-Gen Ye Win Oo, Deputy Prime Minister Union Minister for Foreign Affairs U Than Swe and officials.

After the call, the Senior General and PRC Ambassador exchanged commemorative gifts and posed for documentary photo. 100



Senior General Min Aung Hlaing shakes hands with Ambassador of People's Republic of China H.E. Mr. Chen Hai.

# Kyaiklat Township exports 68,000 viss of Tilapia fish to Yangon market in June

**Kyaiklat July 4**

Daw Swe Oo, a fishery product trading entrepreneur in Kyaiklat Township, Pyapon District, Ayeyawady Region, reported that during the past June, up to 68,000 viss of Tilapia fish were exported and sold to the Yangon market.

Fishery product trading businesses in Kyaiklat Township purchase locally sourced fishery products, clean, and package them systematically for export and sale to the Yangon market. In May of this year, only up to 55,000 viss of Tilapia fish were exported and sold, while from June 1 to June 30, up to 68,000 viss were exported and sold.

"From Kyaiklat Township, we primarily export fishery products to the Yangon market. The domestic Yangon market offers good prices and all the export routes are smooth. Currently, there is a strong demand for Tilapia fish. In June alone, we exported and sold up to 68,000 viss of Tilapia fish. This is significantly more than in previous months. The increase in exported fish has led to increased employment opportunities for entrepreneurs and traders," said Daw Swe Oo.



Tilapia fish for sale at a market.

It is known that the Tilapia fish in Kyaiklat Township are both farm-raised and caught naturally. These Tilapia fish have a lifespan of about two and a half months or three months for farming. Each viss of Tilapia fish exported and sold to the Yangon market from Kyaiklat Township is priced up to 9,000 kyats.

Kyaw Kyaw Lin

# Egypt's new gov't takes oath

**Cairo July 4**

Egypt's new cabinet has been sworn in before Egyptian President Abdel-Fattah al-Sisi at the Al-Ittihadiya Palace in the Egyptian capital Cairo on Wednesday, the state-run Nile TV reported.

The new cabinet is headed by Prime Minister Mostafa Madbouly, who has been in the post since 2018.

Comprising 30 ministers, the new government saw the merging of some ministries and the introduction of new ones, especially the economic portfolios.

The changes covered 17 ministries, including foreign affairs, finance, supply, petroleum, electricity and tourism.

Ahmed Kouchouk was appointed as the minister of finance. He served as a deputy to Mohamed Maait, the finance minister since 2018, and played a central role in Egypt's negotiations with the International Monetary Fund and in managing the economic crisis that was plagued by the shortage of foreign currency and soaring inflation.

The ministries of foreign affairs and emigration and expatriate affairs were merged into one ministry under the new head Badr Abdelatty, Egypt's ambassador to the European Union.

Meanwhile, Sherif Farouk took the oath as minister of supply and internal trade, a post for managing wheat purchases and serving tens of millions of Egyptians who benefit from the subsidy system.

Karim Badawi has been sworn in as minister of petroleum and mineral resources, and Mahmoud Esmat as minister of electricity and renewable energy.

Xinhua



Egyptian President Abdel-Fattah al-Sisi (C-Front) poses for a group photo with Egypt's new cabinet members in Cairo, Egypt, on July 3, 2024.

# Death toll hits 180 in record floods in southern Brazil

**Sao Paulo July 4**

At least 180 people have died from weeks of record flooding in southern Brazil's Rio Grande do Sul state and 32 people remain missing, the civil defense agency said Wednesday.

Torrential rains began on April 29 and continued for days, inundating cities across the state. Rescue and recovery work started after the flooding began to subside in mid-June.

Severe weather has impacted some 2,398,255 inhabitants in 478 towns, including the state capital, Porto Alegre, said the agency in a report, adding that during the height of the storms, more than 450,000 people were evacuated.

Brazil's government has allocated 85.7 billion reals (about 15.4 billion U.S. dollars) to aid and rebuild Rio Grande do Sul, according to Secretary of Social Communication Paulo Pimenta, who was appointed by President Luiz Inacio Lula da Silva to oversee the reconstruction effort.

Rio Grande do Sul, an agricultural state located on the border with Uruguay and Argentina, has seen record economic losses from the disaster.

Xinhua

# Taungthaman Bridge and Lake witness surge in visitors since July



Taungthaman Bridge crowded with visitors.

**Mandalay July 4**

The number of local and foreign travellers visiting Taungthaman Bridge and Lake has increased since the last week of June, according to U Soe Win, secretary of the bridge maintenance group,.

In Mandalay, Taungthaman Bridge is one of the places that local and foreign travellers are interested in visiting. It is said that there are currently a large number of local and foreign travellers visiting the Taungthaman Bridge and Lake.

"Now, the number of local and foreign travellers visiting Taungthaman Bridge and Lake has increased significantly. Recently, more and more travellers come to watch the beauty of the sunset from Taungthaman Bridge and Lake," he continued.

In the third week of June, the number of local and foreign travellers to the Taungthaman Lake and Bridge was only over 600 per day, but since the last week of June, the number of travellers to the bridge and lake has increased to over 1,200 per day. 184

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ ammunition is tantamount to protecting the lives and property of innocent people.

# Wetlet Township reaps more than 60,000 acres of summer sesame

**Wetlet July 4**

A total of 66,067 acres of summer sesame has been harvested in Wetlet Township of Sagaing Region, according to Wetlet Township Agriculture Department.

Local farmers stated harvesting of summer sesame in May this year, and they have reaped 66,067 acres of sesame, yielding 17.25 baskets per acre.

"At present, local farmers exceeded the target cultivation. Our department helped them use GAP system. They cost more than K100,000 per are of summer sesame," said Daw Kyin San, Head of Wetlet Township Agriculture Department.

In 2023-24 summer, the township earmarked cultivation of 50,278 acres of summer sesame but local farmers planted 66,067 acres.

Staff of Township Agriculture Department educated local farmers to use agricultural techniques, GAP system and quality strains of crops.

The crops produced in GAP can fetch good prices in the market. It can be distributed at home and abroad. So, local farmers can earn increased incomes. 206



A thriving sesame plantation.

# Mawlaik District completes cultivation of some 2,000 acres of vegetables this monsoon

**Mawlaik July 4**

According to the statistics of Mawlaik District Agriculture Department, a total of 1,903 acres of croplands have been placed under vegetable plantations in Mawlaik District of Sagaing Region this monsoon.

In 2024-25 monsoon, the district earmarked 2,645 acres of vegetables but local farmers started cultivation of crops in May this year. So far, Mawlaik Township planted 1,078 acres of vegetables and Phaungpyin Township, 825 acres, totalling 1,903.

Daw Kywe Kywe Hlaing, Head of the District Agriculture Department said: "We planned to grow more than 2,000 acres of vegetables this monsoon. So far, local farmers have planted more than 1,900 acres of vegetables. Now, they are trying hard to meet the target. They grow mustard, chilli, spicy, potato, cabbage, eggplant, cauliflower and others. Our staff help local farmers use agricultural techniques of GAP system and grow the plants with least chemical residue."

In 2024-25 monsoon, Mawlaik Township earmarked 1,109 acres of vegetables and Phaungpyin Township 1,536 acres, totalling 2,645.

In the district, relevant township agriculture departments conduct training courses for local farmers to apply GAP system and grow vegetables to be healthy crops as well as expand sown acreage of crops. 206

# More than 2,000 acres of monsoon green gram planted in Myinmu Township

**Myinmu July 4**

The statistics of Sagaing District Agriculture Department indicated Myinmu Township Agriculture Department has planted 2,398 acres of monsoon green gram.

In 2024-25 monsoon season, the township earmarked 829 acres of pre-monsoon green gram and 16,609 acres of monsoon green gram but local farmers cultivated 819 acres of pre-monsoon green gram and 1,579 acres of monsoon green gram, totalling 2,398 acres.

"This year, Myinmu Township earmarked 17,438 acres of pre-monsoon and monsoon green gram. So far, local farmers have planted 2,398 acres. They are striving for meeting the target cultivation. Our department helps local farmers expand sown acreage and use high yield strains of crops," said Daw Thida Lwin, Head of Sagaing District Agriculture Department.

This year, agricultural staff raised farmer awareness of using quality strains of crops, agricultural techniques, prevention of pests and systematic use of fertilizers.

Moreover, the department provided necessary quality strains of green gram, inputs and post-harvest technology. 206



A green gram plantation.

# နိုင်ငံတကာစစ်မှုရေးရာအပြောပြော

## ရုရှားတပ်မတော်က တစ်ရက်အတွင်း ယူကရိန်းတိုက်လေယာဉ်ကိုးစင်း တိုက်ခိုက်ဖျက်ဆီးနိုင်ခဲ့



ရုရှားတပ်မတော်သည် တစ်ရက်အတွင်း ယူကရိန်းလေတပ်မှ တိုက်လေယာဉ် ကိုးစင်းကို တိုက်ခိုက်ဖျက်ဆီးနိုင်ခဲ့ကြောင်း ရုရှားနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနက ဇူလိုင် ၂ ရက်တွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်ဟု ရုရှားနိုင်ငံပိုင် RT သတင်းဌာနက ဇူလိုင် ၂ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ယူကရိန်းနိုင်ငံ Poltava ဒေသရှိ Mirgorod လေယာဉ်ကွင်း၌ လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့သည့် ဗီဒီယိုဖိုင်ကို ရုရှားကာကွယ်ရေးဝန်ကြီးဌာနမှ အစောပိုင်းက ထုတ်ပြန်ခဲ့သေးသည်။ Iskander-M ဒုံးကျည်များဖြင့် တိုက်ခိုက်မှုတွင် Sukhoi Su-27 တိုက်လေယာဉ် ခုနစ်စင်းပျက်စီးခဲ့ကြောင်း၊ ရုရှားနိုင်ငံ လေကြောင်းရန်ကာကွယ်ရေး တပ်ဖွဲ့များမှ Su-27 တစ်စင်းနှင့် MiG-29 တစ်စင်းကို တိုက်ခိုက်ဖျက်ဆီးနိုင်ခဲ့သဖြင့် စုစုပေါင်း ကိုးစင်း ပျက်စီးခဲ့သည်။

ထို့ပြင် ဗြိတိန်နိုင်ငံထုတ် Storm Shadow ခရုဇ်ဒုံးကျည် ခြောက်စင်း၊ ပြင်သစ်ထုတ် AASM Hammerလေဟုန်စီးဗုံးတစ်လုံး၊ HIMARS ဒုံးကျည်တစ်စင်းနှင့် တူကီယဲနိုင်ငံထုတ် Bayraktar TB2 ဒရုန်း တစ်စင်း တို့အပါအဝင် ဒရုန်း ၈၁ စင်းတို့ကိုလည်း ကြားဖြတ်ဟန့်တားပစ်ချဖျက်ဆီးနိုင်ခဲ့ကြောင်း အစီရင်ခံ ထုတ်ပြန်ထားသည်။

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလတွင် စစ်ပွဲများစတင်ချိန်မှစ၍ Mirgorod လေယာဉ်ကွင်းတိုက်ခိုက်မှုသည် စုတ်ပြတ်သတ်နေသော ယူကရိန်းလေတပ်အတွက် ဆုံးရှုံးမှုအကြီးမားဆုံးနေ့များထဲမှ တစ်နေ့အဖြစ် ခေါ်ဆိုနိုင်လိမ့်မည်ဟု Forbes မဂ္ဂဇင်းမှ စစ်ဘက်လေ့လာသူ David Ax က သုံးသပ်ပြောကြားခဲ့သည်။ မကြာသေးမီလများအတွင်း ယူကရိန်းလေယာဉ်ကွင်းများတွင် ရုရှားတို့၏ အောင်မြင်စွာတိုက်ခိုက်ချေမှုန်းနိုင်ခဲ့မှုများကိုလည်း ပြန်လည်ပြောပြထားသည်။

ယခုကဲ့သို့ ဆိုဗီယက်ခေတ်ထုတ် တိုက်လေယာဉ်များ ဆက်လက်ဆုံးရှုံးနေသဖြင့် ယူကရိန်းနိုင်ငံသည် ၎င်း၏နိုင်ငံရပ်ခြားကျောထောက်နောက်ခံများအား အမေရိကန်ထုတ် F-16 တိုက်လေယာဉ်များ အမြန်ဆုံး ပေးပို့သွားနိုင်ရန် တောင်းဆိုလျက်ရှိသည်။ ယူကရိန်းအစိုးရကမူ အဆိုပါ တိုက်လေယာဉ်သည် စစ်မြေပြင်တွင် စစ်ရေးချိန်ခွင်လျှာအား ပြောင်းလဲပစ်နိုင်သည်ဟု ပြောဆိုထားသည်။ လက်ရှိစစ်မြေပြင်တွင် ရုရှား၏လေကြောင်းသာလွန်မှုအပေါ် မည်သည့်စစ်လက်နက်ပစ္စည်းမျှ စိန်ခေါ်နိုင်ခြင်းမရှိသေးပေ။ F-16 တိုက်လေယာဉ်များကို ရုရှားနိုင်ငံအတွင်းရှိ ပစ်မှတ်များကို တိုက်ခိုက်ရာတွင်လည်း အသုံးပြုနိုင်ကြောင်း အနောက်နိုင်ငံတာဝန်ရှိသူများက ပြောကြားခဲ့ကြသည်။

ယူကရိန်းတပ်မတော်သည် F-16 တိုက်လေယာဉ် အစင်း ၆၀ ခန့်ကို ဥရောပနိုင်ငံ အများအပြားက ပံ့ပိုးပေးနိုင်လိမ့်မည်ဟု မျှော်လင့်ထားသည်။ သို့သော်အနောက်အုပ်စု သတင်းမီဒီယာများ၏အဆိုအရ ယူကရိန်းလေယာဉ်မှူးများကို လေ့ကျင့်သင်ကြားနိုင်မှုမှာ အကန့်အသတ်ဖြစ်နေပြီး အဓိကအတားအဆီးမှာ ဘာသာစကားအခက်အခဲဖြစ်ကြောင်း သိရသည်။

အမေရိကန်နှင့် ၎င်း၏မဟာမိတ်များက ယူကရိန်းကို ဆက်လက်၍စစ်လက်နက်ပစ္စည်းများ တပ်ဆင်ပေးနေခြင်းသည် ပဋိပက္ခ၏ရလဒ်ကို မပြောင်းလဲနိုင်သော်လည်း အနောက်နိုင်ငံများကို ရုရှားနှင့်တိုက်ရိုက်တွေ့ဆုံနိုင်မည့်အခြေအနေသို့ ရောက်ရှိသွားနိုင်ကြောင်း ရုရှားက သတိပေးထားသည်။

**Nine Ukrainian jets destroyed in one day (VIDEO) ကို ဘာသာပြန်ဆိုထားပါသည်။**

## အမေရိကန်-ဆွစ်ဇာလန် နှစ်နိုင်ငံပူးတွဲ Auterion ကုမ္ပဏီက Skynode S ဒရုန်းနည်းပညာကို ထုတ်ဖော်ပြသခဲ့

အမေရိကန်နိုင်ငံနှင့် ဆွစ်ဇာလန်နိုင်ငံတို့က ပူးတွဲတည်ထောင်ထားသည့် Auterion ကုမ္ပဏီသည် အီလက်ထရွန်နစ်စစ်ဆင်ရေး တန်ပြန်လုပ်ဆောင်မှုများကို ကျော်လွှားနိုင်မည့် ဒရုန်းနည်းပညာသစ်တစ်ရပ်ကို မိတ်ဆက်ခဲ့သည်ဟု The Defense Post သတင်းဌာနက ဇူလိုင် ၁ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

"Skynode S" ဟု အမည်ပေးထားသည့် အဆိုပါနည်းပညာဖြေရှင်းချက်သည် တည်နေရာလမ်းညွှန်မှုစနစ် GPS ပြတ်တောက်ခြင်း၊ ဖိဖျက်နှောင့်ယှက်ခံရခြင်းသို့မဟုတ် အခြားနည်းလမ်းများဖြင့် လုပ်ဆောင်ရန်မဖြစ်နိုင်သည့် ဒရုန်းများကို စစ်ဆင်ရေးတာဝန်များ ဆက်လက်ထမ်းဆောင်နိုင်စေရန် ကူညီပေးနိုင်လိမ့်မည်ဖြစ်သည်။

ထို့ကြောင့် ရန်သူ့တန်ပြန်နှောင့်ယှက်မှုများအပေါ် ခံနိုင်ရည်ရှိသည့် ဒရုန်းများအနေဖြင့် ၎င်းတို့၏သတ်မှတ်ပစ်မှတ်များကို ၉၀ ရာခိုင်နှုန်းထိ ထိရောက်စွာတိုက်ခိုက်ဖျက်ဆီးနိုင်မည်ဖြစ်ကြောင်း Auterion ကုမ္ပဏီက ထုတ်ပြန်ပြောကြားခဲ့သည်။

ထို့ပြင် ပစ်မှတ်အားတိုက်ခိုက်ဖျက်ဆီးသည့် အဆုံးသတ်ပျံသန်းမှုထိန်းကျောင်းရေးအပိုင်းတစ်ခုလုံးတွင် ဒရုန်းအား အလိုအလျောက် ပျံသန်းနိုင်စေမည်ဖြစ်ပြီး နှောင့်ယှက်တားဆီး၍ မရနိုင်ကြောင်း၊ GPS အပေါ် မှီခိုထားခြင်းမရှိသည့်အတွက် ရွေ့လျားပစ်မှတ်များကိုလည်း ထိရောက်စွာတိုက်ခိုက်နိုင်လိမ့်မည်ဖြစ်ကြောင်း Auterion ကုမ္ပဏီ အမှုဆောင်အရာရှိချုပ် Lorenz Meier က Breaking Defense သတင်းဌာနသို့ ပြောကြားခဲ့သည်။

Skynode S တန်ပြန် Jamming နည်းပညာသည် စစ်ဆင်ရေးများတွင် အောင်မြင်မှုများရရှိစေနိုင်ရန်အတွက် Jamming-Resistant GPS အင်တင်နာများ၊ လျှပ်စစ်သံလိုက်လှိုင်း အာရုံခံကိရိယာများနှင့်ကွန်ပျူတာပိုင်းဆိုင်ရာ အယ်လဂိုရီသမ်ဆော့ဖ်ဝဲ ထည့်သွင်းမှုများဖြင့် ချိတ်ဆက် အသုံးပြုနိုင်သည်။ Auterion ကုမ္ပဏီက ၎င်းနည်းပညာများအား ပြီးခဲ့သည့် သီတင်းပတ်အတွင်း၌ မိတ်ဆက်ပြသခဲ့ခြင်းဖြစ်သော်လည်း ယူကရိန်းစစ်ဆင်ရေးများ၌ စမ်းသပ်အသုံးပြုခဲ့ပြီးဖြစ်ကြောင်းလည်း သိရသည်။



ရုရှား-ယူကရိန်း ပဋိပက္ခအတွင်း၌ ရုရှားနိုင်ငံက ယူကရိန်းတို့၏ ဒရုန်းများကို နှောင့်ယှက်ဖိဖျက်မှုများ ဆက်တိုက်ပြုလုပ်လျက်ရှိသဖြင့် ဒရုန်းများအား GPS ဂြိုဟ်တုလမ်းညွှန်မှုမပါရှိဘဲ လုပ်ဆောင်နိုင်စေရန် အသုံးပြုခဲ့ခြင်းဖြစ်သည်။ အဆိုပါနည်းပညာသည် ယူကရိန်းရှိစစ်ဆင်ရေးများတွင် တိုက်ပွဲဝင်သက်သေပြသနိုင်ခဲ့ပြီး ယူကရိန်းတပ်ဖွဲ့များကို အီလက်ထရွန်နစ်စစ်ဆင်ရေးများ အားကောင်းသောစစ်မြေပြင်အခြေအနေတွင် GPS အချက်ပြဆုံးရှုံးမှုများကျော်လွှား၍ အဆင့်မြင့်ကွန်ပျူတာစက်အမြင်ဖြင့် ဆက်လက်လုပ်ဆောင်နိုင်စေရန် ကူညီပေးနိုင်ခဲ့ကြောင်း ကုမ္ပဏီက ပြောကြားခဲ့သည်။

Skynode S နည်းပညာသည် ယူကရိန်းတွင် စွမ်းဆောင်ရည်မြင့်မားသော ဒရုန်းများကို အတိုင်းအတာတစ်ခုထိ အသုံးပြုခွင့်ရရှိစေမည်ဖြစ်ရာ စစ်မြေပြင်တိုက်ပွဲများအပေါ် အကျိုးသက်ရောက်မှုရှိသည်ဟု Meier က အခိုင်အမာပြောဆိုခဲ့ကြောင်း သိရသည်။

**Auterion Unveils Drone Tech That Can Bypass Enemy Jamming ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ပဲစင်းငုံဧက ၅၈၇၀ စိုက်ပျိုးပြီးစီး



**ပွင့်ဖြူ ဇူလိုင် ၄**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံဧက ၅၈၇၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၈၃၅ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇွန်လမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ပဲစင်းငုံဧက ၅၈၇၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ပွင့်ဖြူမြို့နယ်မှာ ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီက ပဲစင်းငုံ ၈၃၅ ဧက လျာထားစိုက်ပျိုးခဲ့ပါတယ်။ ဇွန်လကစပြီး စိုက်ပျိုးခဲ့တာ ဒီနေ့ထိ ပဲစင်းငုံ ဧက ၅၈၇၀ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ပြီးခဲ့တဲ့နှစ်က ပဲစင်းငုံဈေးကောင်းမွန်ခဲ့တာကြောင့် ဒီနှစ်မိုးရာသီမှာ ဒေသခံတောင်သူတွေက ပဲစင်းငုံကို အားထားစိုက်ပျိုးကြတာ ဖြစ်ပါတယ်။ ပဲစင်းငုံစိုက်ပျိုးရေးနဲ့ ပတ်သက်ပြီး ဒေသခံတောင်သူတွေကို ပဲစင်းငုံအထွက်နှုန်းတိုးတက်စေဖို့၊ မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးစေဖို့၊ မြေဆီလွှာဖွံ့ဖြိုးတိုးတက်စေဖို့၊ ပိုးမွှားရောဂါကျရောက်မှုကင်းဝေးစေဖို့ စတဲ့ အခြေခံစိုက်ပျိုးရေးဆိုင်ရာနည်းပညာတွေကို ကွင်းဆင်းအသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးထားပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ပွင့်ဖြူမြို့နယ်၌ ပဲစင်းငုံစိုက်ပျိုးခြင်းကို ရေပုတ်ကြီးကျေးရွာ၊ ကျောင်းကုန်းကြီးကျေးရွာ၊ ရေပုတ်ကလေးကျေးရွာ၊ မဲဇလီကျေးရွာ၊ ကျွဲတံခါးကျေးရွာ၊ ရေယာဉ်ကျေးရွာ၊ ချောင်းဆုံကျေးရွာနှင့် ကန်ရွာကျေးရွာတို့တွင် ဒေသခံတောင်သူများက နှစ်စဉ် မိုးသီးနှံအဖြစ် အထွက်နှုန်းကောင်းသော မုံရွာရွှေဒင်္ဂါးမျိုးနှင့် ကျွဲခြံရွှေဒင်္ဂါးမျိုး ပဲစင်းငုံများကို အားထားစိုက်ပျိုးကြကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**

# ငဖဲမြို့နယ် ကုန်းသာကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု ကွင်းဆင်းစစ်ဆေး

**ငဖဲ ဇူလိုင် ၄**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကုန်းသာကျေးရွာ၌ ကျေးရွာကုန်ထုတ်လမ်း ဖောက်လုပ်ဆောင်ရွက်နေမှုအခြေအနေများကို ဇူလိုင် ၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းဘူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခင်မောင်ကျော်၊ ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ခံအင်ဂျင်နီယာများက ကုန်းသာကျေးရွာတွင် ကျေးရွာကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းလုပ်ငန်း၌ လမ်းမြေနေရာရှင်းလင်းခြင်း၊ လမ်းဘေးဝဲ၊ ယာရေနုတ်မြောင်းတူးဖော်ခြင်းလုပ်ငန်းများနှင့် အောက်ခံမြေသိပ်သည်းရန်အတွက် ပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစေရေး ဆောင်ရွက်သွားရန် မှာကြားခဲ့သည်။



ငဖဲမြို့နယ် ကုန်းသာကျေးရွာ၌ ကုန်ထုတ်လမ်း အရှည် တစ်မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ မြေနီကျောက်စရစ်ခင်းခြင်းနှင့် **Pipe Culvert** နှစ်စင်း တည်ဆောက်ခြင်း လုပ်ငန်းများကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၄၄ ဒသမ ၂၂၆ သန်းဖြင့် **Shwe Group** ကုမ္ပဏီက တာဝန်ယူ၍ ယခုနှစ် ဇွန်လ ၁၅ ရက်မှ စတင်ဆောင်ရွက်လျက်ရှိရာ ယခုအခါ လုပ်ငန်းများ ၁၂ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မင်းဘူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခင်မောင်ကျော်ထံမှ သိရသည်။ **စင်မာ**

# ပေါင်မြို့နယ်၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံပန်းရန်သင်တန်းနှင့် ဂဟေဆက်သင်တန်းဖွင့်

**ပေါင် ဇူလိုင် ၄**

မွန်ပြည်နယ် သထုံခရိုင် ပေါင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ မိသားစုဝင်ငွေတိုးလုပ်ငန်းများဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံပန်းရန်သင်တန်းနှင့် ဂဟေဆက်သင်တန်းဖွင့်ပွဲကို ဇူလိုင် ၃ ရက် နံနက်ပိုင်းက အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သထုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာဝင်းစံက အမှာစကား ပြောကြားကြောင်း သိရသည်။

ဆက်လက်၍ ပေါင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်လတ်က ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရန်အတွက် သင်တန်းဖွင့်လှစ်ပို့ချပေးခြင်းဖြစ်ကြောင်း၊ အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းများ ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သင်တန်းနည်းပြက သင်တန်းသားများကို သင်တန်းတွင် သင်ကြားမည့်သင်ခန်းစာများအား ကြိုးစား၍လေ့လာသင်ယူလိုကြောင်း၊ သင်တန်း၌ လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသော ဌာနဆိုင်ရာတာဝန်ရှိသူများက သင်တန်းသားများကို သင်ထောက်ကူပစ္စည်းများ ပေးအပ်ခဲ့သည်။

အဆိုပါသင်တန်းသို့ ပေါင်မြို့နယ်အတွင်းရှိ ကျေးရွာများမှ သင်တန်းသား ၁၅ ဦး တက်ရောက်ကြပြီး သင်တန်းကို ဇူလိုင် ၃ ရက်မှ ဇူလိုင် ၃၁ ရက်ထိ စာတွေ့၊ လက်တွေ့ဖြင့် အခမဲ့သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သထုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **သုတ**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



**နိုင်ငံခေတ်မီဖွံ့ဖြိုးရေးအတွက်**

**အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို**

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၄-၇-၂၀၂၄**

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၄၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၂၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၀၅၀၀၀/၁၁၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၀၃၅၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၈၁၀၀၀/၈၅၀၀၀ |
| ရွှေဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၄၅၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၅၀၀၀/၆၇၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၅၀၀၀/၁၆၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၃၅၀၀/၁၄၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၃၀၀၀/၁၄၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၅၄၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၉၇၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၅၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၇၃၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၈၆၅ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၅၀၀ |

(၁၉၆)



## ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ် ၄၃/၂၀၁၉**
၁၃၈၁ ခုနှစ် နယုန်လပြည့်ကျော် ၁၃ ရက်
(၂၀၁၉ ခုနှစ် ဇူလိုင်လ ၄ ရက်)

### ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဦးမင်းထွဋ်အား စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**







☆ **ကျောဖုံးမှအဆက်**

နယ်မြေ(၉)အတွင်း ရေဘေးရှောင်စခန်းဖွင့်လှစ်ထားရှိသည့် မဟာအောင်မြေရွှေဘိုကျောင်းတိုက်သို့ရောက်ရှိပြီး ရေဘေးသင့်ပြည်သူများအား ထောက်ပံ့လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်သည်။

ထောက်ပံ့လှူဒါန်းပွဲတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူက ရေဘေးသင့်ပြည်သူများအား မြစ်ကြီးနားမြို့တွင် ဇွန် ၃၀ ရက်က စံချိန်တင်မြစ်ရေကြီးမှုကြောင့် ရေဘေးသင့်မိသားစုများ၏ စားဝတ်နေရေးအဆင်ပြေစေရေးအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအနေဖြင့် ထောက်ပံ့ပေးအပ်မှုများကို ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ရေပြန်ကျဆင်းနေပြီဖြစ်သည့်အတွက် မိမိတို့နေအိမ်များ ပြန်လည်နေထိုင်နိုင်ရေး ကြိုးစားဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင်လည်း လိုအပ်ချက်များကို မိမိတို့အနေဖြင့် ကူညီပံ့ပိုးဖြည့်ဆည်းမှုများ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းဖြင့် အားပေးစကားပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က အဆိုပါရေဘေးရှောင်စခန်းရှိ အိမ်ထောင်စု ၁၈၇စု လူဦးရေ ၁၀၀၀ ကျော်တို့အတွက် ဆန် ၁၀ အိတ်ကိုလည်းကောင်း၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးတို့က ခေါက်ဆွဲခြောက် ၃၅ ဖာ၊ ငါးသေတ္တာ သုံးဖာနှင့် ကုလားပဲ တစ်အိတ်တို့ကိုလည်းကောင်း၊ ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီးက မိသားစုများအတွက် ထမင်းဘူးများကိုလည်းကောင်း ထောက်ပံ့လှူဒါန်းကြသည်။

ဆက်လက်၍ စခန်းနေ အိမ်ထောင်စုများကိုယ်စား ပြည်သူတစ်ဦးက လတ်တလော နေထိုင်စားသောက်ရာတွင် လိုအပ်ချက်များနှင့်အခက်အခဲများ တင်ပြမှုအပေါ် ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က ပြည်သူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးကာ ကျန်းမာရေးဝန်ထမ်းများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများကို ကြည့်ရှုအားပေးကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရမ်ပူရပ်ကွက် နယ်မြေ(၇)အတွင်းရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းခွဲ၌ ရေဘေးရှောင်ပြည်သူများနှင့် တွေ့ဆုံပြီး ရေဘေးသင့်ပြည်သူများကို ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးစကားပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်တို့က ဆန် ငါးအိတ်၊ ခေါက်ဆွဲခြောက်ဖာ ၂၀၊ ငါးသေတ္တာ နှစ်ဖာနှင့် ကုလားပဲ တစ်အိတ်တို့ကိုလည်းကောင်း၊ ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီး မိသားစုက အလှူအဖြစ် ထမင်းဟင်းတစ်နပ်စာကိုလည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့ကြပြီး မိသားစုများ၏ လိုအပ်ချက်များ၊ အခက်အခဲများကို ပြည်နယ်ဝန်ကြီးချုပ်၊ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း၍ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများကို အားပေးကြည့်ရှုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်သည် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ် အစိုးရအဖွဲ့ဝင်များနှင့်အတူ မြစ်ကြီးနားမြို့ စုပေါင်းရုံးအတွင်းရှိ မနောရွှေပြည်ခန်းမ၌ ကျင်းပသည့် ပြည်နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ အလှူရှင်များက ငွေကြေးနှင့် စားသောက်ကုန်များ ပေးအပ်လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူက မြစ်ကြီးနားမြို့ စံချိန်တင်မြစ်ရေကြီးခဲ့သည့်ဖြစ်စဉ်အပေါ် ပြည်နယ်အစိုးရအဖွဲ့၊ ဌာနဆိုင်ရာများနှင့်အတူ ပြည်သူများက စည်းစည်းလုံးလုံးဖြင့် အတူတကွပူးပေါင်းလက်တွဲ၍ ဆောင်ရွက်နေကြသည့်အတွက် ထိခိုက်မှုမရှိအောင် အောင်မြင်စွာကျော်ဖြတ်နိုင်ခဲ့ခြင်းဖြစ်ပါကြောင်း၊ သဘာဝဘေးဖြစ်ပေါ်ပြီး နောက်ဆက်တွဲ ဖြစ်ရပ်၊ဖြစ်စဉ်များဖြစ်သည့် ကျန်းမာရေးကိစ္စရပ်များ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုလည်း မိမိတို့အနေဖြင့် ထိန်းချုပ်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က ရေဘေးသင့်ပြည်သူများအတွက် မြစ်ကြီးနား ယူနန်ဘုံကျောင်းနှင့် ထိန်ချုံးဟုန်ရှင်ကုမ္ပဏီတို့က ပြည်နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီထံ ပေးအပ်လှူဒါန်းသည့် ငွေကျပ်သိန်း ၂၀၀၊ ဆန်အိတ် ၄၀၀၊ ဆီ ၁၀ ပိဿာဘူး ၁၀၀၊ ခေါက်ဆွဲခြောက်ဖာ ၃၀၀ နှင့် ရေသန့်ဘူးများကို လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်ကာ မြစ်ကြီးနားယူနန်ဘုံကျောင်းဥက္ကဋ္ဌ ဦးအောင်မြင့်က လှူဒါန်းခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်က ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# လူမှုဖူလုံရေးအကျုံးဝင်မှတ်ပုံတင်ထားသည့် ပြန်ကြားရေးဝန်ကြီးဌာနမှ ဝန်ထမ်းများကို ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေး

**နေပြည်တော် ဇူလိုင် ၄**

အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့နှင့် တော်ဝင်နဂါးရောဂါရှာဖွေရေးစင်တာတို့ပူးပေါင်း၍ လူမှုဖူလုံရေးအကျုံးဝင်မှတ်ပုံတင်ထားသည့် ပြန်ကြားရေးဝန်ကြီးဌာနမှ ဝန်ထမ်းများကို ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းကို ယနေ့နံနက်ပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ ဆောင်ရွက်ပေးသည်။

အဆိုပါအဖွဲ့သည် လူမှုဖူလုံရေးအကျုံးဝင် ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဝန်ထမ်းများကို ကျန်းမာရေးဆိုင်ရာ စစ်ဆေးဆောင်ရွက်ပေးခြင်း၊ ဆေးဝါးကုသမှု၊ ခာတ်ခွဲစစ်ဆေးမှု၊ နှလုံးအတွက် ECG စစ်ဆေးခြင်းများအပါအဝင် လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးသည်။

လူမှုဖူလုံရေးအဖွဲ့အနေဖြင့် လူမှုဖူလုံရေးစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကျန်းမာရေးစောင့်ရှောက်မှုအတွက် လူမှုဖူလုံရေးအဖွဲ့ပိုင် ဆေးရုံကြီး သုံးရုံ၊ မြို့နယ်လူမှုဖူလုံရေးဆေးခန်း ၉၆ ခန်း၊ ဌာနကြီးဆေးခန်း ၆၁ ခန်း၊ စာချုပ်ဆေးခန်း ၆၆ခန်း၊ သားဖွားမီးယပ် ပြင်ပလူနာကုသမှုဆောင်ရွက်သည့် စာချုပ်ဆေးခန်း ၄၅ ခန်း၊ မီးဖွားဝန်ဆောင်မှု ဆောင်ရွက်လျက်ရှိသော စာချုပ်ဆေးရုံ သားဖွားခန်း ၁၅ခန်း၊ တိုင်းရင်းဆေးခန်း တစ်ခန်းတို့ဖြင့် ဝန်ဆောင်မှုပေးလျက်ရှိသည်။

ပြည်ထောင်စုနယ်မြေ နေပြည်တော်၌လည်း မြို့နယ်လူမှုဖူလုံရေးဆေးခန်း နှစ်ခန်း၊ ဌာနကြီးဆေးခန်း လေးခန်း၊ စာချုပ်ဆေးခန်း လေးခန်း၊ သားဖွားမီးယပ်ပြင်ပလူနာကုသမှုဆောင်ရွက်သည့် စာချုပ်ဆေးခန်း သုံးခန်းတို့ဖြင့် ကျန်းမာရေးဝန်ဆောင်မှုများပေးလျက်ရှိပြီး ၂၀၁၉ ခုနှစ်အတွင်း ဒုတိယအကြိမ် စီမံချက်အနေဖြင့် လူမှုဖူလုံရေးအကျုံးဝင် အလုပ်ဌာန ၃၃၄ ဌာနမှ အာမခံအလုပ်သမား ၁၄၅၀၈ ဦးတို့ကို ဩဂုတ် ၆ ရက်ထိ ကျန်းမာရေးစောင့်ရှောက်မှုများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကချင်ပြည်နယ် ရေဘေးသင့်ပြည်သူများအတွက် မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်းက လှူဒါန်းငွေများပေးအပ်

နေပြည်တော် ဇူလိုင် ၄

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် ကချင်ပြည်နယ်ရေဘေးသင့်ပြည်သူများအတွက် မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်းက ငွေကျပ်သိန်း ၃၀ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယမန်နေ့က လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မေလာခန်းမ၌ကျင်းပသည်။

အခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာစိုးဝင်း၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။



အခမ်းအနားတွင် မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေး အသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ဝေဝေသာက လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်း ပြောကြားပြီး ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက ကချင်ပြည်နယ်ရေကြီးရေလျှံမှုတွင် စီမံခန့်ခွဲဆောင်ရွက်နေမှုများကို ပြောကြားကာ လှူဒါန်းငွေကျပ် သိန်း ၃၀ ကို လက်ခံရယူကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သည်။

အလားတူ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌက ငါးသောင်းဘဘား ၁၇၅၀၀ ပေးပို့လှူဒါန်းမှုနှင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီနှင့် ကျန်းမာရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့ ထောက်ပံ့သော တာပေါ်လင်လိပ်များ၊ အဝတ်အထည်များ၊ ဆက်သွယ်ရေးပစ္စည်းများ၊ ဆေးနှင့်ဆေးပစ္စည်းများကို ဇူလိုင် ၃ ရက်တွင် တပ်မတော်လေယာဉ်ဖြင့် ကချင်ပြည်နယ်ရှိ ရေဘေးသင့်ပြည်သူများအတွက် ပေးပို့ထောက်ပံ့လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် ကုလသမဂ္ဂလူသားချင်းစာနာမှုဆိုင်ရာညှိနှိုင်းရေးရုံး(UNOCHA)၏အကြီးအကဲနှင့်အဖွဲ့ကို လက်ခံတွေ့ဆုံ




မန္တလေး ဇူလိုင် ၄

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် ကုလသမဂ္ဂလူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးရုံး(UNOCHA)၏အကြီးအကဲ(Head of Office ) Mr. Sajjad Mohammad Sajid နှင့် အဖွဲ့ကို ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် လက်ခံတွေ့ဆုံခဲ့သည်။

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် ကုလသမဂ္ဂလူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးရုံး (UNOCHA)၏ အကြီးအကဲ (Head of Office ) Mr. Sajjad Mohammad Sajid နှင့် အဖွဲ့ကို လက်ခံတွေ့ဆုံစဉ်။

ထိုသို့တွေ့ဆုံစဉ် ကုလသမဂ္ဂလူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးရုံး (UNOCHA)က မြန်မာနိုင်ငံတွင်ဆောင်ရွက်လျက်ရှိသည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးလုပ်ငန်းအစီအစဉ်များ၊ UNOCHA နှင့် ဝန်ကြီးဌာနများအကြား လုပ်ငန်းများပူးပေါင်းဆောင်ရွက်မှု အခြေအနေများတို့ကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြောင်းနှင့် တွေ့ဆုံပွဲသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ UNOCHA ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ မျိုးကျော်

# မြစ်ရေဝင်ရောက်မှုများဖြစ်ပေါ်လျက်ရှိသည့် ခန္တီးမြို့ရှိ ရပ်ကွက်၊ ကျေးရွာများမှ ရေဘေးသင့်ပြည်သူများကို ရေဘေးကင်းလွတ်ရာသို့ ကူညီရွှေ့ပြောင်း၊ စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်

နေပြည်တော် ဇူလိုင် ၄


စစ်ကိုင်းတိုင်းဒေသကြီး အတွင်း၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ချင်းတွင်းမြစ်ရေမြင့်တက်လျက်ရှိရာ ခန္တီးမြို့၏စိုးရိမ်ရေမှတ်သည် ၁၃၆၀ စင်တီမီတာဖြစ်ပြီး ယနေ့ထိ ၁၅၃၅ စင်တီမီတာထိ မြင့်တက်လျက်ရှိသဖြင့် စိုးရိမ်ရေမှတ်အထက် ၁၇၅ စင်တီမီတာကို ကျော်လွန်ခဲ့ကာ ခန္တီးမြို့နယ်အတွင်းရှိ မြို့မရပ်ကွက်၊ ပေါ်မိုင်းရပ်ကွက်၊ ဇီးဖြူကုန်းရပ်ကွက်၊ အောင်သာယာကျေးရွာနှင့် ဆင်သေကျေးရွာများအတွင်းသို့ မြစ်ရေဝင်ရောက်မှုများ ဖြစ်ပေါ်လျက်ရှိသည်။

အဆိုပါမြစ်ရေဝင်ရောက်မှုများဖြစ်ပေါ်လျက်ရှိသည့် ရပ်ကွက်၊ ကျေးရွာများမှ ရေဘေးသင့်ပြည်သူများကို ယနေ့တွင် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများက ရေဘေးကင်းလွတ်ရာနေရာများသို့ ကူညီရွှေ့ပြောင်းပေးခြင်း၊ သောက်ရေသန့်၊ စားသောက်ဖွယ်ရာများထောက်ပံ့ပေးခြင်း၊ ပေါ်မိုင်းရပ်ကွက်ရှိ တောရကျောင်းတိုက်နှင့် သာသနာပြုသီလရှင်ကျောင်းတို့မှ သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များအား ဆွမ်းဆန်နှင့် နေ့ဆွမ်းများဆက်ကပ်လှူဒါန်းခြင်းများ ဆောင်ရွက်ပေးပြီး လိုအပ်သည့်ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)



အနောက်မြောက်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက ရေဘေးသင့်ပြည်သူများကို စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်စဉ်။

# ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်းရှိ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များကို ဆန်၊ ဆီ၊ စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ဆန်း ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို ဆန်၊ ဆီ၊ စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်စဉ်။

နေပြည်တော် ဇူလိုင် ၄

ရှမ်းပြည်နယ်(တောင်ပိုင်း) အတွင်းရှိ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များကို ယနေ့မွန်းလွဲပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ဆန်းနှင့် တာဝန်ရှိသူများက တိုင်းစစ်ဌာနချုပ် သံလွင်ခန်းမ၌ တွေ့ဆုံသည်။

ဦးစွာ ဒုတိယတိုင်းမှူးက အမှာစကားပြောကြားပြီး ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ ဆန်၊ ဆီ၊ စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# တပ်မတော်ထောက်ပံ့နှင့် ပို့ဆောင်ရေးကျောင်း(တောင်ငူ)မှ အရာရှိ၊ စစ်သည်၊ ရဲမေ၊ သင်တန်းသားများ စုပေါင်းသွေးလှူဒါန်း



**နေပြည်တော် ဇူလိုင် ၄**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်အား ထောက်ခံသောအားဖြင့် တပ်မတော်ထောက်ပံ့နှင့် ပို့ဆောင်ရေးကျောင်း(တော်ငူ)မှ အရာရှိ၊ စစ်သည်၊ ရဲမေ၊ သင်တန်းသား ၁၃၅ ဦးတို့သည် ယနေ့တွင် နယ်မြေခံစစ်မြေပြင်ဆေးတပ်ရင်း၌ ပဉ္စမအကြိမ်မြောက် ဒါနဥပပါရမီဇီဝိတဒါန စုပေါင်းသွေးလှူဒါန်းခဲ့ပြီး ဗိုလ်မှူးကြီးအောင်ကျော်ဦးက (၈၃)ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ကျောင်းနေအရွယ်ကလေးအားလုံး အလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင်မြင်အောင်သင်ယူရေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ ကျောင်းနေအရွယ်ကလေးအားလုံး အခြေခံပညာအလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင် သင်ကြားနိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ အလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင်မြင်သော ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အခြေခံပညာအထက်တန်းအဆင့်၊ စက်မှုနည်းပညာ၊ စိုက်ပျိုးရေး၊ မွေးမြူရေး စသည့်ပညာရေးလမ်းသွယ်(၄)မျိုးကို ဆက်လက်သင်ကြားနိုင်မည်ဖြစ်ပါသည်။ စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးပညာရပ်များကို တွဲဖက်သင်ကြားပေးမည့် အခြေခံပညာအထက်တန်းကျောင်းများကို ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ၅၁ ကျောင်းဖွင့်လှစ်ခဲ့ပြီး ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်တွင် ၃၄ ကျောင်း ထပ်မံဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပါသည်။ ထို့ကြောင့် ကျောင်းနေအရွယ်ကလေးအားလုံး အလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင်သင်ယူနိုင်ရေး တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များကိုမသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ပြန်လည်တူးဖော်ပြုပြင်ထိန်းသိမ်းလျက်ရှိသော ရှေးဟောင်းရေကန်များအတွက် ပါဝင်လှူဒါန်းနိုင်

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ပြည်တွင်း၊ ပြည်ပကျွမ်းကျင်ပညာရှင်များ၏ အကြံပြုချက်များနှင့် ကမ္ဘာ့အမွေအနှစ်စံနှုန်းများနှင့်အညီ ပြန်လည်တူးဖော်ပြုပြင်ထိန်းသိမ်းလျက်ရှိသော ပထမအဆင့် ရှေးဟောင်းရေကန် ၄၆ ကန်နှင့် ဒုတိယအဆင့် ရှေးဟောင်းရေကန် ၄၅ ကန်တို့အတွက် ပါဝင်လှူဒါန်းလိုပါက **ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (စီမံ/ဘဏ္ဍာဌာနခွဲ) နေပြည်တော် ဖုန်း ၀၉-၄၄၄၀၄၇၁၂၃၊ ၀၆၇-၃၄၀၈၄၁၈၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ရန်ကုန်ဌာနခွဲ ဖုန်း ၀၉-၅၀၆၁၈၃၂၊ ၀၁-၇၅၁၃၈၉၇၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန မန္တလေးဌာနခွဲ ဖုန်း ၀၉-၂၀၀၂၁၉၅၊ ၀၂-၄၀၆၀၀၆၁၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲ ဖုန်း ၀၉-၂၀၀၁၉၀၆၊ ၀၆၁-၂၄၆၀၂၆၉တို့ သို့လည်းကောင်း၊ KBZ Bank NYAUNG OO BRANCH Account No-06713906701442701** သို့လည်းကောင်း ပေးပို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက အသိပေးနှိုးဆော်ထားသည်။

**(သတင်းစဉ်)**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)**
(၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊
၀၆၇-၃၄၀၄၉၃၃၊၀၆၇-၃၄၀၄၉၄၄၊
၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(နေပြည်တော်ကောင်စီ)**
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉- ၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(စစ်ကိုင်းတိုင်းဒေသကြီး)**
(၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၇

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(တနင်္သာရီတိုင်းဒေသကြီး)**
(၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၈

(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
(၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၉

(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(မကွေးတိုင်းဒေသကြီး)**
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၀

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
(၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်
(SMS) ၀၉-၂၅၅၀၀၂၅၁၁

(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
(၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၂

(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
(၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၃

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ရန်ကုန်တိုင်းဒေသကြီး)**
(၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၄

(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
(၁) ၀၈၁- ၂၀၂၄၅၄၀၊ ၀၈၁- ၂၀၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၅

(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
(၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။
(ခ) အိမ်ထောင်သည် အမျိုးသမီးများ (အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်းပါဝင်သည်)။
(ဂ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။
(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။
(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။
(ခ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာ ဥပဒေကပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။
(ဂ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင်(သို့မဟုတ်) အတတ်ပညာရှင်များ။
(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊မွေးစားသားသမီးများမပါ)။

**မှတ်ချက်။** အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက်ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

(င) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။
(စ) နိုင်ငံ့ဝန်ထမ်းတာဝန် ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။
(ဆ) တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည် အစားခန့်အရပ်သားဝန်ထမ်းများ။
(ဇ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

# တရားမဝင်ဓာတ်အားသုံးစွဲမှုများကို စစ်ဆေးဖော်ထုတ်ရေးနှင့် စီးပွားရေးလုပ်ငန်းများ သတ်မှတ်နှုန်းထားအတိုင်း ကောက်ခံရရှိရေး ကွင်းဆင်းစစ်ဆေး



**ရန်ကုန် ဇူလိုင် ၄**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း ဥက္ကဋ္ဌ ဦးအောင်ကျော်ဦးသည် ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၊ အနောက်ပိုင်းခရိုင်အတွင်းရှိ မရမ်းကုန်းမြို့နယ် ကမာရွတ်မြို့နယ်နှင့်ကြည့်မြင်တိုင်မြို့နယ်တို့ရှိ လျှပ်စစ်ရုံးများသို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် မီတာယူနစ်များကို စနစ်တကျမှန်ကန်စွာဖတ်ရှု၍ မှတ်တမ်းရေးသွင်းရေး၊ တရားမဝင်ဓာတ်အားသုံးစွဲမှုများကို စစ်ဆေးဖော်ထုတ်အရေးယူရေး၊ စီးပွားရေးလုပ်ငန်းများ သတ်မှတ်နှုန်းထားအတိုင်း ကောက်ခံရရှိရေး၊ မီတာချို့ယွင်းမှုများတွေ့ရှိပါက သတ်မှတ်ထားသည့် လျှပ်စစ်ပုံစံတွင် စနစ်တကျရေးသွင်း၍ တာဝန်ရှိသူအဆင့်ဆင့် ထံတင်ပြရေး၊ မီတာယူနစ်ဖတ်ချက်များ မှန်ကန်ကြောင်း မီးသုံးသူက အတည်ပြုလက်မှတ်ရေးထိုးရေးတို့ကို အသေးစိတ်မှာကြားပြီး မြို့နယ်များတွင် ဇူလိုင် ၁ရက်မှ ၅ ရက်ထိ ဇွန်လအတွက် မီတာဖတ်ရှုနေမှုများကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**“နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုကို နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။”**

# သတင်းပေးတိုင်ကြားမှုများကြောင့် တရားမဝင်ကုန်စည်များနှင့် အဆိုပါကုန်စည်များ တင်ဆောင်လာသည့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၄**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် နေပြည်တော်ကောင်စီနယ်မြေ အပါအဝင် တိုင်းဒေသကြီး ပြည်နယ်များတွင် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူး အဖွဲ့များကို ဖွဲ့စည်း၍လည်းကောင်း၊ အကောက်ခွန်ဦးစီးဌာနက ဦးဆောင်သည့် One Stop Service ဌာနဆိုင်ရာအဖွဲ့များ ဖွဲ့စည်း၍လည်းကောင်း၊ နယ်စပ် ဝင်ထွက်ဂိတ်များ၊ နယ်စပ်ကုန်သွယ်ရေးရုံးနှင့် စခန်းများ၊ အမြဲတမ်းစစ်ဆေးရေးစခန်းများ၊ ကုန်သွယ်မှု လမ်းကြောင်းတစ်လျှောက်နှင့် ကုန်ပစ္စည်းသိုလှောင်ရုံများ၊ အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများနှင့် လေဆိပ်များ၊ ကမ်းရိုးတန်းဆိပ်ကမ်းများတွင် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး လုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်လျက်ရှိရာ သတင်းအချက်အလက်ရရှိမှုသည် အလွန်အရေးပါလျက်ရှိကြောင်း သိရှိရသည်။

တာဝန်သိပြည်သူများ၏ သတင်းပေးတိုင်ကြားမှုများကြောင့် ၂၀၂၄ ခုနှစ် ဇွန်လအတွင်း သတင်းရရှိမှု ၄၃ကြိမ် ရရှိခဲ့ပြီး သတင်းမှား ရှစ်ကြိမ်၊ နောက်ကျသတင်း နှစ်ကြိမ်နှင့် ဖမ်းဆီးရမိမှု ၃၃ကြိမ် ဖြစ်သည်။ သတင်းရရှိမှုကြောင့် ဖမ်းဆီးရမိအမှုတွဲ ၆၁မှု ဖွင့်လှစ်ထားပြီး ဖမ်းဆီးရမိမှုများတွင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် စားသောက်ကုန်ပစ္စည်းများဖြစ်သော ကုန်ပစ္စည်းအမျိုး ၇၀ အပါအဝင် ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၉၅ ဒသမ ၅၀ သန်းနှင့်တရားမဝင်ကုန်စည်များ တင်ဆောင်လာသည့် မော်တော်ယာဉ်များ ဖမ်းဆီးရမိခဲ့သည်။

ဇွန်လအတွင်း သတင်းပေးတိုင်ကြားခဲ့သည့်တာဝန်သိပြည်သူများကိုလည်း ဖမ်းဆီးရမိမှု တန်ဖိုးငွေကျပ် ၁၀၉၅ ဒသမ ၅၀သန်း၏ ၂၀%ဖြစ်သော ငွေကျပ် ၂၁၉ ဒသမ ၁ သန်းကိုသတင်းပေးဆုကြေးငွေအဖြစ် ချီးမြှင့်ပေးသွားမည်ဖြစ်သည်။ ဌာနဆိုင်ရာ တာဝန်ရှိသူများက သတင်းပေးဆုကြေးငွေကျပ် ၁၈၈ ဒသမ ၁၆၄သန်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဇွန်လအတွင်း မြန်မြန်ဆန်ဆန် ချီးမြှင့်နိုင်ရေး ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် သတင်းရရှိမှုကြောင့် ဖမ်းဆီးရမိမှုများနှင့် ပတ်သက်၍လည်း လစဉ်သတင်းထုတ်ပြန် ဆောင်ရွက်လျက်ရှိသည်။

ထို့ကြောင့် တာဝန်သိ ပြည်သူများအနေဖြင့် တရားမဝင်ကုန်သွယ်မှုသတင်းများနှင့် ပတ်သက်၍ လက်ကိုင်ဖုန်း-၀၉၄၀၄၃၃၉၉၆၉၊ အော်တိုတယ်လီဖုန်းနံပါတ်- ၀၆၇-၄၀၉၈၈၃ နှင့်အီးမေးလ် antiillegaltrade-info@gmail.com တို့သို့ သတင်းပေးပို့တိုင်ကြားနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**










# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇူလိုင် ၄**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များကတစ်ဆင့် နည်းမျိုးစုံဖြင့်ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့်ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများကတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဇူလိုင် ၃ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “KhinKhin” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် အမှတ်(၁၆/၃)ရပ်ကွက်နေ ခင်စန်းတင့်(ခ)အမွန်အား မွန်းလွဲ ၁၂ နာရီ ၁၀ မိနစ်တွင်လည်းကောင်း၊ “မာနမိုး” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ တိုက်ကြီးမြို့နယ် အဖျောက်မြို့ အမှတ်(၃)ရပ်ကွက်နေ ခင်မှိုမှိုလွင်(ခ) မိုးမိုးအား မွန်းလွဲ ၂ နာရီခွဲတွင်လည်းကောင်း၊ “TunTun” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် ပုလင်းကျေးရွာနေ သိန်းသန်းအား ညနေ ၄ နာရီ ၁၀ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့်ထိုသို့ လှုံ့ဆော်သူ၊ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။**(၅၀၁)**

# အကြမ်းဖက်သောင်းကျန်းသူများက လားရှိုးမြို့အတွင်းသို့ ရှော့တိုက်ဒုံးများဖြင့် ထပ်မံပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် ဒေသခံပြည်သူအချို့ သေဆုံး၊ ဒဏ်ရာရရှိ၊ လူနေအိမ်အချို့နှင့် မူလတန်း(လွန်)ကျောင်းဆောင်တစ်ခု ထိခိုက်ပျက်စီး

**နေပြည်တော် ဇူလိုင် ၄**

အကြမ်းဖက်သောင်းကျန်းသူများသည် အေးချမ်းစွာနေထိုင်လျက်ရှိသော အရပ်သားပြည်သူများနေထိုင်ရာ မြို့ရပ်ကွက်၊ ကျေးရွာများအတွင်း၌ တိုက်ပွဲများဖော်ဆောင်ခြင်း၊ Drop Bomb များဖြင့် တိုက်ခိုက်ခြင်း၊ ရှော့တိုက်ဒုံးများဖြင့်ပစ်ခတ်တိုက်ခိုက်ခြင်းများ လုပ်ဆောင်လျက်ရှိရာ ဇူလိုင် ၃ ရက်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့အတွင်းသို့ အကြမ်းဖက်သောင်းကျန်းသူများပစ်ခတ်ခဲ့သည့် ရှော့တိုက်ဒုံးများသည် ရပ်ကွက်(၁) နယ်မြေ(၃)အတွင်းသို့လည်းကောင်း၊ ရပ်ကွက်(၁၀)နီလာလမ်းပေါ်သို့လည်းကောင်း၊ ရပ်ကွက်(၅) နယ်မြေ(၁)ရှိ ပန်အုပ်ဘုန်းကြီးကျောင်းဝင်းအတွင်းသို့လည်းကောင်း၊ ရပ်ကွက်(၄) နယ်မြေ(၃) အတွင်းသို့လည်းကောင်း ကျရောက်ပေါက်ကွဲခဲ့သဖြင့် အသက် ၁၂ နှစ် နှင့် ၁၄ နှစ်အရွယ် ကလေးသုံးဦးအပါအဝင် အပြစ်မဲ့ဒေသခံပြည်သူ ခုနစ်ဦး သေဆုံးပြီး ပြည်သူအချို့ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်းကို သတင်းထုတ်ပြန်ပြီးဖြစ်သည်။

ယနေ့တွင်လည်း အကြမ်းဖက်သောင်းကျန်းသူများသည် လားရှိုးမြို့အတွင်းသို့ ရှော့တိုက်ဒုံးများဖြင့် ပစ်ခတ်ခဲ့ရာ နံနက် ၈ နာရီ မိနစ် ၂၀ခန့်တွင် ရပ်ကွက် (၉) နယ်မြေ(၃) စိန်ပန်းလမ်းရှိ လူနေအိမ်များပေါ်သို့လည်းကောင်း၊ နံနက် ၈ နာရီခွဲခန့်တွင် ရပ်ကွက်(၉) နယ်မြေ(၁) စံပယ်လမ်းရှိ လူနေအိမ်များပေါ်သို့လည်းကောင်း၊ နံနက် ၁၀ နာရီခွဲခန့်တွင် ရပ်ကွက်(၉) နယ်မြေ(၁) ကြံတိုင်းအောင်လမ်းပေါ်ရှိ လူနေအိမ်များပေါ်သို့လည်းကောင်း ရှော့တိုက်ဒုံးများကျရောက်ပေါက်ကွဲခဲ့သဖြင့် အပြစ်မဲ့ပြည်သူ အမျိုးသားနှစ်ဦး၊ အမျိုးသမီး တစ်ဦး စုစုပေါင်းသုံးဦး သေဆုံးခဲ့ကာ အမျိုးသား တစ်ဦး၊အမျိုးသမီး တစ်ဦး စုစုပေါင်း နှစ်ဦး ပြင်းထန်စွာ ထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်းနှင့် အဆိုပါ ဒဏ်ရာရရှိသူများကို လားရှိုးမြို့ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်၍ ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရှိရသည်။

ထို့ပြင် အကြမ်းဖက်သောင်းကျန်းသူများသည် နံနက် ၁၁ နာရီခန့်တွင် ရှော့တိုက်ဒုံးများဖြင့် ပစ်ခတ်ခဲ့ရာ လားရှိုးမြို့ ရပ်ကွက်(၉) နယ်မြေ(၂)အတွင်းရှိ အမှတ်(၁၅) အခြေခံပညာမူလတန်း(လွန်) ကျောင်းပေါ်သို့ကျရောက် ပေါက်ကွဲခဲ့ပြီး စာသင်ဆောင်များ ထိခိုက်ပျက်စီးသွားခဲ့ကြောင်း သိရှိရသည်။

အကြမ်းဖက်သောင်းကျန်းသူများသည် လားရှိုးမြို့ရှိ လူနေရပ်ကွက်များအတွင်းသို့ ဇူလိုင် ၃ ရက်မှစ၍ ရှော့တိုက်ဒုံးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ ယနေ့ထိ အပြစ်မဲ့ပြည်သူ အသက် ၁၂ နှစ်နှင့် ၁၄ နှစ်အရွယ် ကလေးငယ် သုံးဦး၊ အမျိုးသား လေးဦး၊ အမျိုးသမီး သုံးဦး စုစုပေါင်း ၁၀ ဦး သေဆုံးခဲ့ပြီး ပြည်သူအချို့ ပြင်းထန်စွာ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရသည်။

ထိုသို့ အပြစ်မဲ့ပြည်သူများ အေးချမ်းစွာနေထိုင်လျက်ရှိသော မြို့ရွာများအတွင်းသို့ လက်နက်ကြီးများဖြင့် ပစ်ခတ်ခြင်းနှင့် တိုက်ပွဲများဖော်ဆောင်ခြင်းများ လုပ်ဆောင်မှုကြောင့် မြို့ရွာများရှိ ဘာသာရေးအဆောက်အအုံများ၊ လူနေအိမ်များနှင့် စာသင်ကျောင်းများအပါအဝင် ဌာနဆိုင်ရာအဆောက်အအုံများ ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့ပြီး ပြည်သူလူထု၏ အသက်အိုးအိမ် ထိခိုက်ဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရာ ဒေသခံပြည်သူများက ထိုသို့ အကြမ်းဖက်သောင်းကျန်းသူများ၏ လုပ်ရပ်များကို လုံးဝလက်ခံနိုင်ခြင်းမရှိဘဲ ဆန့်ကျင်ကန့်ကွက်လျက်ရှိပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သောလုံခြုံရေးလုပ်ငန်းများကို ပြည်သူလူထုနှင့်ပူးပေါင်းကာ တိုးမြှင့်လုပ်ဆောင်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)



အကြမ်းဖက်သောင်းကျန်းသူများက လားရှိုးမြို့အတွင်းသို့ရှော့တိုက်ဒုံးများဖြင့် ထပ်မံပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် လူနေအိမ်အချို့(ဝဲပုံ) နှင့် မူလတန်း(လွန်)ကျောင်းဆောင်တစ်ခု(ယာပုံ)တို့ ထိခိုက်ပျက်စီးခဲ့မှု မှတ်တမ်းဓာတ်ပုံ။



အကြမ်းဖက်သောင်းကျန်းသူများက လားရှိုးမြို့အတွင်းသို့ ရှော့တိုက်ဒုံးများဖြင့် ထပ်မံပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် သေဆုံး၊ ဒဏ်ရာရရှိခဲ့သည့် အပြစ်မဲ့ဒေသခံပြည်သူအချို့၏ မှတ်တမ်းဓာတ်ပုံ။

# ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်တွင် ခိုးမှု သုံးမှုနှင့် ခိုးမှု(မသကာ) နှစ်မှု ကျူးလွန်သူ တရားခံအမျိုးသား လေးဦးကို သက်သေခံရွှေထည်ပစ္စည်းများ၊ ငွေကြေးများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၄**

ဇွန် ၁၁ ရက် နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ် အမှတ်(၇၇)ရပ်ကွက် ဇမ္ဗူသီရိလမ်း အိမ်အမှတ်(၇၆၄)နေ ဦးဒွန်ထက်ရှိန်၏ နေအိမ်အိပ်ခန်းအတွင်းရှိ ခရီးဆောင်အိတ်အတွင်း ထည့်ထားသည့် ရွှေတုံးနှစ်တုံးနှင့် ရွှေထည်ပစ္စည်းမျိုးစုံ ၃၁မျိုး၊မြန်မာငွေကျပ် ၈၁၈၀၅၅၀၀ တန်ဖိုးရှိ နိုင်ငံခြားသုံးငွေများ စုစုပေါင်းတန်ဖိုးငွေကျပ် ၁၅၉၈၁၅၉၀၀ ခန့်ခိုးယူခံထားရကြောင်း ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့မရဲစခန်းတွင် (ပ)၁၀၇/ ၂၀၂၄ ရာဇသတ်ကြီးဥပဒေပုဒ်မ ၃၈၀ ဖြင့် အမှုဖွင့်လှစ်ခဲ့သဖြင့် တရားခံများဖမ်းဆီးရမိနိုင်ရေး ဆောင်ရွက်ခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် အခင်းဖြစ်ရပ်သို့သွားရောက်စစ်ဆေးပြီး တရားခံများဖမ်းဆီးရမိရေးဆောင်ရွက်ခဲ့ရာ ပြစ်မှုကျူးလွန်သူများဖြစ်ကြသည့် ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ် အမှတ် (၅၈)ရပ်ကွက်နေ ငရဲ(ခ) ထက်ဦး ၂၉နှစ် (ဘ)ဦးစိုးအား ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် စွန်တနီးကျေးရွာအုပ်စု မြစိမ်းကျေးရွာ၌ ဇွန် ၁၄ ရက် ည ၆ နာရီခွဲတွင်လည်းကောင်း၊ တစ်ရပ်ကွက်တည်းနေ ပြည့်စုံ(ခ) ကုလား ၂၉နှစ် (ဘ)ဦးဝင်းတင်အား ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် အမှတ်(၂၆) ရပ်ကွက်ရှိ SKY KTV ၌ ဇွန် ၁၅ ရက် ည ၁၁ နာရီတွင်လည်းကောင်း အသီးသီး ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိ တရားခံများဖြစ်သည့် ငရဲ(ခ)ထက်ဦးနှင့် ပြည့်စုံ(ခ)ကုလားတို့၏ ထွက်ဆိုချက်အရ သက်သေခံပစ္စည်းများဖြစ်သည့် အမေရိကန်ဒေါ်လာ ၁၀၀ တန် ၁၈၈ ရွက်၊ တိုင်ချက်မပါ နိုင်ငံအချို့မှ ငွေအကြွေစေ့မျိုးစုံ ၃၂စေ့၊ တန်ဖိုးငွေကျပ် ၆၉ သိန်းရှိ ရွှေထည်ပစ္စည်းမျိုးစုံ ခြောက်မျိုး၊ အမေရိကန်ဒေါ်လာများအား ရောင်းချရရှိငွေများအနက်မှ ကျန်ရှိသည့် မြန်မာငွေကျပ် ၂၃၅ သိန်း၊ လက်ကိုင်ဖုန်း နှစ်လုံးတို့ကို ၎င်းတို့၏နေအိမ်အသီးသီးတွင် သိမ်းဆည်းရမိခဲ့ပြီး ကျန်သက်သေခံပစ္စည်းများနှင့် ၎င်းတို့၏ခိုးရာပါသက်သေခံပစ္စည်းများကို ထုခွဲရောင်းချပေးသူ ဖမ်းဆီးရန်ကျန် တရားခံ ထွန်းထွန်းလင်း (စိစစ်ဆဲ)က ယူဆောင်ထွက်ပြေးလျက်ရှိကြောင်း ဖော်ထုတ်သိရှိရသည်။

ဆက်လက်၍ ဖမ်းဆီးရမိတရားခံများအား အခြားပြစ်မှုများကျူးလွန်ထားရှိမှု ရှိ၊ မရှိ အသေးစိတ်ဆက်လက်စစ်ဆေးရာ တရားခံ ငရဲ(ခ)ထက်ဦး၊ ပြည့်စုံ(ခ)ကုလား နှင့် ဟိန်းထက်ဇော်(ခ)အသေးလေးတို့ သုံးဦးသည် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၂၆ ရက်တွင် အမှတ်(၇၈)ရပ်ကွက် အိမ်အမှတ် (၆၄၀)မှ ရွှေထည်ပစ္စည်းမျိုးစုံ တန်ဖိုးငွေကျပ်၁၉၇သိန်းကို ခိုးယူခဲ့ကြောင်း၊ ငရဲ(ခ) ထက်ဦး၊ ပြည့်စုံ(ခ)ကုလားနှင့် ချစ်ကို(ခ) လက်ပွားတို့သုံးဦးသည် သာကေတမြို့နယ် (၆/အနောက်)ရပ်ကွက် ဇမ္ဗူသီရိလမ်း အိမ်အမှတ်(၁၉၃/ခ)မှ ရွှေထည်ပစ္စည်းမျိုးစုံ တန်ဖိုးငွေကျပ် ၉၅၃၅၃၀၀ အား ခိုးယူခဲ့ကြောင်း ဖော်ထုတ်သိရှိရသဖြင့် ပြစ်မှုကျူးလွန်၍ ဖမ်းဆီးရန်ကျန်တရားခံများဖြစ်ကြသည့် ဟိန်းထက်ဇော်(ခ) အသေးလေးနှင့် ချစ်ကို(ခ)လက်ပွားတို့ကို ဖမ်းဆီးရမိရေးဆောင်ရွက်ခဲ့ရာ ဇွန် ၁၆ ရက် နေ့လယ်ပိုင်းတွင် ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် အမှတ်(၆၀)ရပ်ကွက်နေ ဟိန်းထက်ဇော်(ခ)အသေးလေး၂၃နှစ် (ဘ)ဦးဇော်ဝင်းနှင့် ဒလမြို့နယ် တံတားကျောင်းကျေးရွာနေ ချစ်ကို(ခ)လက်ပွား ၂၂နှစ် (ဘ)ဦးဖိုးချိုတို့ကို ၎င်းတို့၏နေအိမ် အသီးသီးတွင် ထပ်မံဖမ်းဆီးရမိခဲ့ပြီး အမှုနှစ်မှုမှ သက်သေခံပစ္စည်း တန်ဖိုးငွေကျပ် ၂၆၁ သိန်းရှိ ရွှေထည်ပစ္စည်းမျိုးစုံ အလေးချိန် ငါးကျပ်သား ၁၁ ပဲကို ထပ်မံသိမ်းဆည်းရရှိခဲ့သည်။

ဖမ်းဆီးရမိတရားခံ ငရဲ(ခ)ထက်ဦး၊ ပြည့်စုံ(ခ)ကုလား၊ ချစ်ကို(ခ)လက်ပွားနှင့် ဟိန်းထက်ဇော်(ခ)အသေးလေးတို့ လေးဦးကို ဆက်လက်စစ်ဆေးရာ ၎င်းတို့လေးဦးသည် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလအတွင်း ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် အမှတ်(၇၇) ရပ်ကွက်ရှိ နေအိမ်တစ်လုံးမှ Vivo အမျိုးအစား ရွှေရောင်လက်ကိုင်ဖုန်း တစ်လုံးခိုးယူခဲ့ပြီး ဧပြီလအတွင်းတွင် အဆိုပါရပ်ကွက်ရှိ နေအိမ်တစ်လုံးအတွင်းမှ လက်ကိုင်ဖုန်းမျိုးစုံ သုံးလုံး ခိုးယူခဲ့ကြောင်း ထပ်မံဖော်ထုတ်သိရှိရသဖြင့် ၎င်းတို့ လေးဦးကို အမှုတစ်ခုချင်းစီအတွက် အမှုအသီးသီးထပ်မံဖွင့်လှစ်ခဲ့သည်။

ဖြစ်စဉ်တွင် ခိုးမှု သုံးမှု၊ ခိုးမှု(မသကာ) နှစ်မှုတို့ကို ဖော်ထုတ်နိုင်ခဲ့ပြီး အမှုများမှ ဖမ်းဆီးရမိ တရားခံ ငရဲ(ခ)ထက်ဦးပါ လေးဦးတို့ကို ဥပဒေနှင့်အညီ အရေးယူနိုင်ရေး စစ်ဆေးဆောင်ရွက်လျက်ရှိပြီး သက်သေခံရွှေထည်ပစ္စည်း၊ ငွေကြေးများနှင့်အတူ ထွက်ပြေးလွတ်မြောက်လျက်ရှိသည့် ဖမ်းဆီးရန်ကျန်တရားခံ ထွန်းထွန်းလင်းအား ဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)




ပြစ်မှုကျူးလွန်သူများကို သိမ်းဆည်းရမိ သက်သေခံရွှေထည်ပစ္စည်းများ၊ ငွေကြေးများနှင့်အတူ တွေ့ရစဉ်။

# တရုတ်နိုင်ငံတောင်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ယန်စီမြစ်ရေ မြင့်တက်လာ



**ပေကျင်း ဇူလိုင် ၄**

တရုတ်နိုင်ငံတောင်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ယန်ဇီမြစ်ရေပမာဏ မြင့်တက်လာကြောင်း ယနေ့သတင်းများအရ သိရသည်။

တရုတ်နိုင်ငံ၏ အရှည်ဆုံးမြစ်ဖြစ်သော ယန်စီမြစ်သည် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဇူလိုင် ၃ ရက်မှစ၍ မြစ်ရေပမာဏ မြင့်တက်လာခဲ့ကြောင်း၊ ယန်စီမြစ်ရေလျှံတက်ပါက တရုတ်နိုင်ငံအရှေ့ပိုင်း ကျန်းစုပြည်နယ်၏ မြို့တော်နန်ကျင်းသည် မြစ်ရေလွှမ်းနိုင်သဖြင့် အာဏာပိုင်များက မြို့၏ ဒုတိယအမြင့်ဆုံးရေလွှမ်းမိုးမှုသတိပေးချက် ထုတ်ပြန်ခဲ့ကြောင်း၊ ခရီးသည်တင် ကူးတို့များအပါအဝင် သင်္ဘောများကို ကျန်းစုပြည်နယ်ဘက်မှ ယန်စီမြစ်အတွင်း ဝင်ရောက်ခြင်း မပြုရန်လည်း တားမြစ်ထားကြောင်း နိုင်ငံပိုင်မီဒီယာက ဖော်ပြထားသည်။

လက်ရှိတွင် ယန်ဇီမြစ်အလယ်ပိုင်းနှင့် အောက်ပိုင်း ရေလမ်းကြောင်းများ၌ မြစ်ရေပမာဏသည် သတိပေးမှတ်ထက် ကျော်လွန်နေကြောင်း တရုတ်ရေအရင်းအမြစ်ဝန်ကြီးဌာနက ဇူလိုင် ၂ ရက် တွင် သတိပေးထားခဲ့သဖြင့် အာဏာပိုင်များက ရေကြီးမှုထိန်းချုပ်ရေးအတွက် အရေးပေါ်အဆင့်တုံ့ပြန်မှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တရုတ်နိုင်ငံ ယန်ဇီမြစ်အလယ်ပိုင်းနှင့် အောက်ပိုင်းဒေသများတွင် ရေကြီးရေလျှံမှုဖြစ်စေသော မိုးသည်းထန်စွာရွာသွန်းမှုသည် ဇူလိုင် ၃ ရက်ညပိုင်းမှစတင်ကာ ရွာသွန်းခဲ့ပြီး နိုင်ငံမြောက်ဘက်ရှိ စီချွမ်း၊ ချုံ့ချင်း၊ ဟူဘေး၊ ဟူနန်နှင့် ရှန်ဒုံးပြည်နယ်တို့တွင် မိုးသည်းထန်စွာရွာသွန်းနိုင်သည်ဟု တရုတ်အမျိုးသား မိုးလေဝသဌာနက သတိပေးထားကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KZ**

# ဂူဂဲလ်ကုမ္ပဏီ၏ Net Zero ပန်းတိုင် AI ၏ လျှပ်စစ်ဓာတ်အား လိုအပ်ချက်များကြောင့် ဝေးကွာနေဆဲဖြစ်

**ဝါရှင်တန် ဇူလိုင် ၄**

ဂူဂဲလ်ကုမ္ပဏီ၏ Net Zero ပန်းတိုင်သည် AI ၏ လျှပ်စစ်ဓာတ်အား လိုအပ်ချက်များကြောင့် ဝေးကွာနေဆဲဖြစ်ကြောင်း ကုမ္ပဏီ၏အစီရင်ခံစာတွင် ဖော်ပြထားသည်ဟု ယနေ့သတင်းများအရ သိရသည်။

ဂူဂဲလ်သည် ရာသီဥတုပြောင်းလဲမှုကိုကိုင်တွယ်ဖြေရှင်းရန် ပြီးခဲ့သည့်သုံးနှစ်က ကာဗွန်ထုတ်လွှတ်မှုလျှော့ချပြီး Net Zero သို့ရောက်ရှိအောင် ဆောင်ရွက်သွားမည်ဟု ရည်မှန်းချက် ထားသော်လည်း လက်ရှိတွင် ရာသီဥတုပြောင်းလဲမှုကိုဖြစ်စေသော ဓာတ်ငွေ့များကို လေထုထဲသို့ ပိုမိုထုတ်လွှတ်နေသည့်အတွက် အဆိုပါရည်မှန်းချက်ပန်းတိုင်မှာ ဝေးကွာနေဆဲဖြစ်ကြောင်း၊ ထို့ပြင် ဓာတ်ငွေ့ထုတ်လွှတ်မှုသည် လျော့နည်းသွားရမည့်အစား ယခင်နှစ် ဓာတ်ငွေ့ထုတ်လွှတ်မှုထက် ၁၃ ရာခိုင်နှုန်းတိုးလာခဲ့ကြောင်း၊ ၂၀၁၉ ခုနှစ်က ကုမ္ပဏီ၏ ဓာတ်ငွေ့ထုတ်လွှတ်မှုနှင့် နှိုင်းယှဉ်ပါက ၄၈ ရာခိုင်နှုန်းတိုးလာခဲ့ကြောင်း ဂူဂဲလ်ကုမ္ပဏီ၏အချက်အလက်စင်တာမှ သိရသည်။

ဂူဂဲလ်၏ ကျောက်မီးသွေးနှင့် သဘာဝဓာတ်ငွေ့ကို လောင်ကျွမ်းစေခြင်းဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းသည် ကာဗွန်ဒိုင်အောက်ဆိုက်နှင့် မီသိန်းအပါအဝင် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုကို ဖြစ်စေပြီး ကမ္ဘာကြီးကိုပူနွေးစေကာ ပိုမိုဆိုးရွားသော ရာသီဥတုကိုဖြစ်စေကြောင်း၊ ကုမ္ပဏီသည် ရာသီဥတုထိန်းသိမ်းမှုဆိုင်ရာနှင့်ပတ်သက်ပြီး ကတိကဝတ်များ ပေးထားသော်လည်း လက်တွေ့တွင် အကောင်အထည်ဖော်နိုင်မှု အားနည်းနေသေးကြောင်း၊ ထို့ကြောင့် ပိုမိုသန့်ရှင်းသော ကုမ္ပဏီများနှင့် ပူးပေါင်းကာ လျှပ်စစ်ဓာတ်အားလိုင်းတွင် ရင်းနှီးမြှုပ်နှံရန် ပိုမိုလုပ်ဆောင်သင့်ကြောင်း စဉ်ဆက်မပြတ် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ Columbia Center မှ ဒါရိုက်တာ Lisa Sachs က ပြောကြားခဲ့သည်။

ဂူဂဲလ်၏ အချက်အလက် သိမ်းဆည်းမှုစင်တာနှင့် AI လျှပ်စစ်ဓာတ်အား လိုအပ်ချက်သည် ၂၀၂၆ ခုနှစ်တွင် နှစ်ဆတိုးလာနိုင်ကြောင်း နိုင်ငံတကာစွမ်းအင်အေဂျင်စီမှ ထုတ်ပြန်ခဲ့သည်။

**Ref : Sputnik News**

**Trs : KZ**

# အိန္ဒိယနိုင်ငံ၏ အဓိကမြို့ကြီး ၁၀ မြို့တွင် လေထုညစ်ညမ်းမှုကြောင့် သေဆုံးသူဦးရေသည် နေ့စဉ်သေဆုံးမှုစုစုပေါင်း၏ ခုနစ်ရာခိုင်နှုန်းကျော်သို့ရောက်ရှိ

**နယူးဒေလီ ဇူလိုင် ၄**

အိန္ဒိယနိုင်ငံ အဓိကမြို့ကြီး ၁၀ မြို့တွင် လေထုညစ်ညမ်းမှုကြောင့် နေ့စဉ် သေဆုံးသူအရေအတွက်သည် သေဆုံးမှုစုစုပေါင်း၏ ခုနစ်ရာခိုင်နှုန်းကျော်သို့ ရောက်ရှိလျက်ရှိကြောင်း သုတေသီများ၏လေ့လာမှုတစ်ခုကိုကိုးကား၍ ယနေ့တွင် ထုတ်ဝေသော The Lancet Planetary Health ဂျာနယ်၌ ဖော်ပြထားသည်ဟု ယနေ့သတင်းများအရ သိရသည်။

အိန္ဒိယနိုင်ငံမြို့ကြီး ၁၀ မြို့တွင် လေထုညစ်ညမ်းမှုကြောင့် နေ့စဉ်သေဆုံးနေမှုသည် အဆိုပါမြို့ကြီး ၁၀ မြို့တွင် နေ့စဉ်သေဆုံးမှုစုစုပေါင်း၏ ခုနစ်ရာခိုင်နှုန်းကျော်သို့ရောက်ရှိလျက်ရှိပြီး မြို့တော်နယူးဒေလီမြို့သည် အဆိုပါစာရင်းတွင် ထိပ်ဆုံးမှ ရပ်တည်လျက်ရှိကြောင်း အဆိုပါလေ့လာမှုအရ သိရသည်။

အဆိုပါလေ့လာမှုတွင် ဗာရာဏသီမြို့ရှိ ဗနာရက်ဟိန္ဒူတက္ကသိုလ်နှင့် နယူးဒေလီမြို့ရှိ နာတာရှည်ရောဂါထိန်းချုပ်ရေးဗဟိုဌာနတို့မှ သုတေသီများပါဝင်ခဲ့ပြီး အမီဒါဘတ်၊ ဘင်ဂါလာရူ၊ ချန်နိုင်း၊ ဒေလီ၊ ဟိုက်ဒရာဘတ်၊ ကိုးလ်ကတ္တား၊ မွမ်ဘိုင်း၊ ပူနေး၊ ရှင်းလာနှင့် ဗာရာဏသီမြို့ကြီးများ၏ ၂၀၀၈ ခုနှစ်မှ ၂၀၁၉ ခုနှစ်အတွင်း သေဆုံးခဲ့မှုများကို လေ့လာသုတေသနပြုခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။



လေ့လာချက်များအရ လေထုညစ်ညမ်းမှုကြောင့် PM 2.5 သေးငယ်သော အမှုန်အမွှားများသည် အဆုတ်နှင့် သွေးကြောထဲသို့ နက်ရှိုင်းစွာ ထိုးဖောက်ဝင်ရောက်နိုင်ပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက သတ်မှတ်ထားသည့် တစ်ကုဗမီတာလျှင် ၁၅ မိုက်ခရိုဂရမ်ထက် ပိုမိုလျက်ရှိကာ အဆိုပါအန္တရာယ်ရှိသော အမှုန်အမွှားများသည် မော်တော်ယာဉ်သုံးစွဲမှုနှင့် စက်မှုလုပ်ငန်းများကြောင့် အဓိကဖြစ်ပွားခြင်းဖြစ်ကြောင်း သိရသည်။

လေထုညစ်ညမ်းမှုကြောင့် အိန္ဒိယနိုင်ငံမြို့တော် နယူးဒေလီမြို့တွင် နှစ်စဉ်သေဆုံးသူ ဦးရေ ၁၂၀၀၀ ခန့်ရှိပြီး အဆိုပါသေဆုံးမှုသည် မြို့တော်အတွင်း စုစုပေါင်းသေဆုံးမှု၏ ၁၁ ဒသမ ၅ ရာခိုင်နှုန်းထိ ရောက်ရှိလျက်ရှိကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : AZH**

# မိုးခေါင်ရေရှားမှုဖြစ်ပွားလျက်ရှိသော ဇမ်ဘီယာနိုင်ငံကို ကမ္ဘာ့ဘဏ်က အမေရိကန်ဒေါ်လာ ၂ ဒသမ ၈ သန်း ပံ့ပိုးရန် အတည်ပြု

**လူဆာကာ ဇူလိုင် ၄**

ဇမ်ဘီယာနိုင်ငံတွင် မိုးခေါင်ရေရှားမှုကြောင့် လူမှုရေးနှင့်စီးပွားရေးဆိုင်ရာ သက်ရောက်မှုများမှ လျော့ပါးစေရေးအတွက် ကမ္ဘာ့ဘဏ်က အမေရိကန်ဒေါ်လာ ၂ ဒသမ ၈ သန်း ပံ့ပိုးပေးအပ်မည့် အစီအစဉ်တစ်ရပ်ကို ဇူလိုင် ၂ ရက်တွင်အတည်ပြုခဲ့ကြောင်း ဇမ်ဘီယာနိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်ဟု ဇူလိုင် ၃ ရက် သတင်းများအရ သိရသည်။

အာဖရိကတောင်ပိုင်း နိုင်ငံတစ်နိုင်ငံဖြစ်သော ဇမ်ဘီယာနိုင်ငံသည် အယ်နီညို ရာသီဥတုဖြစ်စဉ်ကြောင့် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုနှင့် အပူချိန်မြင့်မားမှုပေါင်းစပ်ရာမှ နှစ်များစွာအတွင်း အဆိုးရွားဆုံး မိုးခေါင်ရေရှားမှုကို ကြုံတွေ့နေရပြီး စားနပ်ရိက္ခာထုတ်လုပ်မှုကို သိသိသာသာ အနှောင့်အယှက်ပေးလျက်ရှိကာ သန်းနှင့်ချီသော လူများ၏ အသက်မွေးဝမ်းကျောင်းကို ထိခိုက်မှုများ ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

ကမ္ဘာ့ဘဏ်မှ ပံ့ပိုးငွေများသည် မိုးခေါင်ရေရှားမှုဒဏ်ခံနေရသည့် အနည်းဆုံးအိမ်ထောင်စု ၁ ဒသမ ၆ သန်းကျော်အတွက် မိုးခေါင်မှုဒဏ်ကိုတုံ့ပြန်ရာတွင် အကူအညီဖြစ်စေနိုင်လိမ့်မည်ဖြစ်ကြောင်း ဇမ်ဘီယာနိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ထည့်သွင်းဖော်ပြထားသည်။

ကမ္ဘာ့ဘဏ်၏ အဆိုပါပံ့ပိုးမှုအစီအစဉ်အပြင် အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ (IMF) ကလည်း ဇမ်ဘီယာနိုင်ငံ မိုးခေါင်ရေရှားမှုနှင့်ပတ်သက်၍ ငွေကြေးပံ့ပိုးမှုအတွက် ယခင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၃ ဘီလီယံ အတည်ပြုထားရာမှ ၁ ဒသမ ၇ ဘီလီယံသို့ တိုးမြှင့်အတည်ပြုပေးထားကြောင်း သိရသည်။

ဇမ်ဘီယာနိုင်ငံကဲ့သို့ပင် အိမ်နီးချင်းနိုင်ငံများဖြစ်သော မာလာဝီနှင့် ဇင်ဘာဘွေနိုင်ငံတို့တွင်လည်း မိုးခေါင်ရေရှားမှုဖြစ်ပွားလျက်ရှိပြီး ဘေးအန္တရာယ်အခြေအနေအဖြစ် ကြေညာထားရကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : AZH**

# ဂျမေကာနိုင်ငံသို့ ဘာရယ်ဟာရီကိန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်မှုကြောင့် သေဆုံးသူ ကိုးဦးထိရှိလာ

**ကင်းစတုန်း ဇူလိုင် ၄**

ဂျမေကာနိုင်ငံမြို့တော် ကင်းစတုန်းသို့ ဘာရယ်ဟာရီကိန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်မှုကြောင့် သေဆုံးသူ ကိုးဦးထိရှိလာကြောင်း ယနေ့သတင်းများအရ သိရသည်။

ဘာရယ်ဟာရီကိန်းမုန်တိုင်းသည် ကာရေဘီယံကျွန်းစုများရှိ ကျွန်းငယ်များကို ဝင်ရောက်တိုက်ခတ်ခဲ့ပြီးနောက် ဇူလိုင် ၃ ရက်တွင် ကင်းစတုန်းမြို့ကို ဝင်ရောက်တိုက်ခတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ဘာရယ်ဟာရီကိန်းမုန်တိုင်းသည် ကင်းစတုန်းမြို့၏ အရှေ့တောင်ဘက် ၄၅ မိုင်အကွာကို ဦးတည်တိုက်ခတ်ခဲ့ကြောင်း၊ ဘာရယ်ဟာရီကိန်းမုန်တိုင်းတိုက်ခတ်မှုကြောင့် လျှပ်စစ်ဓာတ်အားလိုင်းများ ပြတ်တောက်နေသည့်အပြင် ကမ်းရိုးတန်းအနီးရှိ လမ်းများမှာလည်း ရေဖုံးလွှမ်းမှုနှင့်အတူ လေပြင်းတိုက်ခတ်မှုများဖြစ်ပွားနေကြောင်း အမေရိကန်အမျိုးသား ဟာရီကိန်းစင်တာ (NHC)၏အဆိုအရ သိရသည်။

အင်အားပြင်း ဘာရယ်ဟာရီကိန်းမုန်တိုင်း တိုက်ခတ်မှုကြောင့် သေဆုံးသူ ကိုးဦးထိ မြင့်တက်လာသည့်အပြင် ရေကြီးမှုနှင့်အတူ လေပြင်းတိုက်ခတ်မှုကြောင့်လည်း အခြေခံအဆောက်အအုံများ၊ လူနေအိမ်များနှင့်ဆက်သွယ်ရေးလိုင်းများ ထိခိုက်ပျက်စီးခဲ့ရကြောင်း ဂျမေကာနိုင်ငံ အာဏာပိုင်အဖွဲ့အစည်း၏ ထုတ်ပြန်ချက်အရ သိရသည်။

**Ref : Russia Today**

**Trs : KZ**

# နေခြည်လင်းလက် အရုဏ်တက်သော

မောင်ခြိမ့်



ဆောင်းလ၏အလယ်သို့ရောက်ပြီဖြစ်၍ ချမ်းလိုက်အေးလိုက်သည်မှာ ကမ်းကုန်တော့၏။ နံနက်စောစောနေမထွက်မီအချိန်များတွင် ပိတ်ဆီးလျက်ရှိသောနှင်းများ၊ မြူများကြောင့် မြစ်ရိုးချောင်းရိုးတစ်လျှောက်ဘာကိုမျှ သဲသဲကွဲကွဲမမြင်နိုင်ချေ။

မိမိတို့၏လှေရှေ့ ဝါးတစ်ပြန်ခန့်ကိုပင်လှမ်း၍မမြင်နိုင်။ တစ်ဖက်မျက်နှာချင်းဆိုင်မှ လှော်ခတ်လာသောလှေများကိုမူ လူသံဖြင့်သော်လည်းကောင်း၊ ဆေးပေါ့လိပ်မီးကိုကြည့်၍သော်လည်းကောင်း ခန့်မှန်းတိမ်းရှောင်ကြရပါ၏။ တစ်ခါတစ်ရံတွင်မူ လှော်တက်နှင့်လှေနံကိုထိ၍ထွက်လာသော တဒုတ်ဒုတ်အသံကိုနားစွင့်၍ ရှောင်နိုင်တိမ်းနိုင်ကြပါ၏။

တန်ဆောင်မုန်း၊ နတ်တော်၊ ပြာသို၊ တပို့တွဲ၊ တပေါင်း စသည့်လများသည် ဖိုးနီတို့လို ငါးမြွေထိုးပိုက်ဆွဲသမားများအဖို့ ရှာ၍ဖွေ၍ကောင်းသောလများဖြစ်ကြပါသည်။

ငါးမြွေထိုးပိုက်ဆွဲကြရာတွင်လည်း ယခင်က "လင်းဘက်"ဟုခေါ်သော ပိုက်အသေးစားများကိုသုံးစွဲခဲ့ကြရာမှ ယခုမူ "ဒိုးလေး"ပိုက်များကို စတင်အသုံးပြုနေကြပြီ။ လင်းဘက်ပိုက်သည် လှေတင်အလျား တစ်ဆယ့်နှစ်တောင်ခန့် ပိုက်လက်တန်ခြောက်တောင်ခန့်နှင့် ပိုက်ဝအကျယ်တစ်ဆယ့်ခြောက်တောင်ခန့်သာရှိပြီး ဒိုးလေးပိုက်မှာမူ လှေတင်အလျားတစ်ဆယ့်နှစ်တောင်၊ ပိုက်တံခြောက်တောင်နှင့် ပိုက်အဝအကျယ် အတောင်အစိတ်၊ သုံးဆယ်ထိရှိသောပိုက်ကြီးဖြစ်ပါ၏။

အတော်အတန်ကျယ်သောချောင်းများတွင် ဒိုးကလေးပိုက်ကိုဆွဲမည်ဆိုပါက လူတစ်ကိုယ်လုံး ရေထဲဆင်းရန်မလိုဘဲ ကမ်းစပ်ကသာ ပိုက်ကိုဆွဲနိုင်သဖြင့် ရေမစိမ်ရ၍ အချမ်းသက်သာလှပါ၏။

သို့သော် ဒိုးလေးပိုက်သည် အရင်းအနှီးများ၍ ဖိုးနီတို့လိုလူများမဝယ်နိုင်ကြသေး။ သို့ဖြစ်၍ မိရိုးဖလာလင်းဘက်ပိုက်ကလေးကိုသာ လူအပင်ပန်းခံ၍ အသုံးပြုနေရဆဲဖြစ်ပါ၏။ ယခုလည်း ငါးမြွေထိုးပိုက်ဆွဲရာမှ ပြန်လာကြသော ဖိုးနီနှင့် စိန်ကုလားတို့နှစ်ယောက်သည် နှင်းများပိန်းပိတ်အောင်ကျနေဆဲတွင် တသုန်သုန်တိုက်ခတ်ဝှေ့ယမ်းလျက်ရှိသော မြောက်ပြန်လေကြောင့် ခိုက်ခိုက်တုန်အောင်ချမ်းလျက်ရှိကြပါ၏။

ကိုယ်ပေါ်တွင် ရှပ်အင်္ကျီဟောင်းက နှစ်ထပ်နှင့်လေဘေးထည် ဆွယ်တာအဟောင်းများဝတ်ထားကြသော်လည်းမလုံနိုင်၊ ပုဆိုးဟောင်းတစ်ထည်ကိုသုံးမြောင့်ပုံခေါက်၍ ခေါင်းကိုအုပ်ပြီး မေးစေ့တွင်သိုင်းကာ နားရွက်နှစ်ဖက်လုံအောင် ဖုံးထားသော်လည်း အချမ်းကမပြေနိုင်။

ခေါင်းပေါ်တွင်ဆောင်းထားသော ဝါးပပ်ခမောက်ပေါ်သို့ တပေါက်ပေါက်ကျလျက်ရှိသောနှင်းတို့ကြောင့် အဝတ်မဖုံးနိုင်ဘဲ ပေါ်လျက်ရှိသောနှာခေါင်းဖျား၊ နှုတ်ခမ်းများနှင့် လက်ဖျားကလေးများမှာ အေးစက်ထုံကျင်လျက်ရှိသည်။

ခန္ဓာကိုယ်အောက်ပိုင်းမှာမူ လှေကန့်ပေါ်တွင်ဂုန်နီအိတ်ကိုခင်းထိုင်ထားသဖြင့် အအေးသက်သာနေပါ၏။ ဂုန်နီအိတ်၏ဘေးနှစ်ဖက်ချုပ်ရိုးကို ဖြည်လိုက်လျှင် လူတစ်ရပ်စာခန့်အရှည်ရပါသည်။ ညအခါတွင်ခင်း၍ခြုံ၍အိပ်လျှင် အလွန်နွေးလှပါ၏။ ဂွမ်းစောင်နှင့်ပင် မလဲနိုင်ပါ။ သူတို့တံငါအချင်းချင်းနောက်ပြောင်ပြောဆိုကြရာတွင် အသုံးများသည့်ပြက်လုံးတစ်ခုပင်ရှိသည်။ "အားလုံးကိုခြုံကြည့်လိုက်လျှင်ဂုန်နီအိတ်က အနွေးဆုံးပါပဲ"ဟု ပြောလေ့ရှိပါ၏။ တကယ်တမ်းလည်း သူတို့ခြုံ၍အိပ်နေကျမဟုတ်လား။

ညက တစ်ညလုံးနီးပါး ရေထဲစိမ်၍ပိုက်ဆွဲခဲ့ရသဖြင့် ချမ်းရသည့်အထဲ နှင်းကကျ၊ လေကတိုက်နှင့်လူတစ်ကိုယ်လုံး ရေခဲတုံးပင်ဖြစ်တော့မည်။ သို့ဖြစ်၍နှစ်ယောက်သား လှေကိုသာ ကုန်း၍လှော်လာခဲ့ကြ၏။ သို့မှသာ သွေးပူလာပြီး အချမ်းသက်သာပေမည်။

ပိုက်ဆွဲသည့်မန်ကျီးချောင်းမှ သုံးနာရီခန့်အပြင်းလှော်ခဲ့ကြရာ နံနက်ခြောက်နာရီခန့်တွင် မြို့ကလေးတစ်ဖက်ကမ်းရှိ ငါးဒိုင်များသို့ရောက်ခါနီးလာပြီ။ သို့ဖြစ်၍ မြို့ကလေး၏ နံနက်ခင်းဈေးအမီလာကြသော ဟင်းသီးဟင်းရွက်များတင်ဆောင်လာသည့် လှေကြီးများကိုတွေ့နေရပြီ။ အချို့လှေများတွင်မုန်လာဉဖြူဖြူကြီးများတင်၍လည်းကောင်း၊ ပန်းဂေါ်ဖီများ၊ ဂေါ်ဖီထုပ်များ၊ ခရမ်းချဉ်သီးများ၊ မုန်ညင်းပင်များ၊ ဆလပ်ပင်များ၊ နံနံပင်များကိုတင်၍လည်းကောင်း စကားတပြောပြောနှင့် လှော်ခတ်လာနေကြသည်ကိုမြင်ကြရပြီ။

ဖိုးနီတို့လှေကလေးက ငယ်လည်းငယ်၊ ယောက်ျားနှစ်ယောက်လှော်အားနှင့်မို့ ဝန်တင်လှေများကိုတစ်စင်းပြီးတစ်စင်း ကျော်ဖြတ်ကာတက်လာခဲ့လေ၏။ တစ်ခါတစ်ရံမျက်နှာချင်းဆိုင်မှ လှေများကလည်း လာတတ်သည်ဖြစ်ပေရာ သူ့လှေကိုသတိထားမိစေရန် လှေဦးမှ ဖိုးနီက ဆေးပေါ့လိပ်ကို ရဲခနဲရဲခနဲ ဖွာ၍လာသည်။ ဆေးပေါ့လိပ်မှမီးပွားများသည် ဖိုးနီ၏မေးစေ့ကိုလည်းကောင်း၊ လည်ပင်းကိုလည်းကောင်း၊ ရင်ဘတ်ကိုလည်းကောင်းလွင့်၍စဉ်၍ကပ်တော့၏။ ထို့ကြောင့် ဖိုးနီ၏အင်္ကျီတို့သည် အကောင်းမရှိ၊ မီးပေါက်ရာဗလပွနှင့်သာဖြစ်တော့၏။

"လှော်ပါဟ စိန်ကုလားရ၊ မိုးလင်းတော့မယ်" ဖိုးနီက ဆေးလိပ်ကိုသွားဖြင့်ကိုက်ရင်းလှမ်းပြောသည်။

"ဘာလဲ၊ အစ်မ မကျင်ငွေကို လွမ်းနေတယ်ပေါ့လေ၊ အိမ်ရောက်ချိန်မှာ မိုးလင်းနေပါပြီအစ်ကိုရာ၊ မလောပါနဲ့"

လှေပဲ့ပိုင်းမှ စိန်ကုလားက လှမ်း၍စသည်။

"မဟုတ်တာတွေပြောနေပြန်ပြီ၊ မြန်မြန်လှော်ဟေ့၊ ငါးဒိုင်ကိုမြန်မြန်ရောက် မြန်မြန်ချိန်၊ မြန်မြန်ငွေရှင်းပြီးရင် စောစောအိပ်ရမယ်ကွ၊ နေ့လယ်အိပ်ရာကနိုးရင် မင်းအဘပိုက်ကို ဖာရဦးမယ်၊ ညကပိုက်ဆွဲရင်း ငုတ်နဲ့ငြိတာ တစ်ထွာလောက်၊ တစ်တောင်လောက်နှစ်နေရာပြဲနေတယ်ဟ၊ လှော်သာလှော်၊ စကားမများနဲ့"

စိန်ကုလားက ဘာမှပြန်မပြောပါ၊ တက်ကိုသာရေတွင်နစ်အောင်နှစ်၍ အိခနဲအိခနဲမြည်အောင်အားထည့်၍လှော်လေ၏။ ငါးဒိုင်ရှေ့ ရေဆင်းတံတားကို သူတို့လှေကလေးကပ်မိချိန်တွင် ခပ်ဝေးဝေးဆန်စက်တစ်ခုမှ သံချောင်းခေါက်သံ ခြောက်ချက်ကြားလိုက်ရသည်။

သူတို့ရှေ့မှာ လှေနှစ်စင်းက ရောက်နှင့်နေသည်။ လှေတစ်စင်းလျှင် ငါးမြွေထိုး အချိန်သုံးလေးဆယ်ခန့်ရှိပေလိမ့်မည်။ သူတို့ဒေသ၏ဓလေ့အရ ချိန်တွယ်ရာတွင် ကတ္တားကိုမသုံးချင်ကြ။ ကတ္တားနှင့် တံငါဆက်စပ်၍မရ။ ကြားဖူးနားဝစကားများအရလည်း ကတ္တားနှင့်ချိန်လျှင် အလေးခိုးခံရမည်စိုးရိမ်ကြ၏။ ကတ္တား၏အချိန်အတွယ်စနစ်များ၊ ဇယားကွက်များကို သူတို့နားမလည်ကြ။

သို့ဖြစ်၍ ရှေးရိုးအစဉ်အလာသုံးစွဲခဲ့သော "ရာဇူ" ဟုခေါ်သော သစ်သားဘောင်၊ သစ်သားခွက်၊ သစ်သားချိန်ခွင်လျှာကိုသာ သူတို့သုံးချင်ကြပါ၏။

ဖိုးနီသည် ရှေ့ကလှေ၏ငါးမြွေထိုးများချိန်နေသည်ကို ဘေးက ကြည့်နေမိပါ၏။ ငါးထည့်၍မချိန်မီ ငါးထည့်မည့်တောင်းကိုအရင်ချိန်သည်။ ပြီးလျှင် ထိုတောင်းထဲသို့ငါးများထည့်၍ ချိန်ခွင်ပေါ်တင်၍ ချိန်သည်။ ပထမတောင်း၏အလေးချိန်ကတစ်ပိဿာဆိုပါစို့။ ငါးထည့်၍ချိန်သောအခါ ၁၀ ပိဿာရှိလျှင် ပထမတောင်း၏အလေးချိန် တစ်ပိဿာကိုနုတ်၍ အသားတင်ငါး၏အလေးချိန်သည် ကိုးပိဿာဖြစ်တော့၏။

သို့နှင့်ပင် ရှေ့က ငါးလှေနှစ်စင်းချိန်တွယ်ပြီးချိန်တွင် ဖိုးနီတို့လှေထဲမှ ငါးမြွေထိုးများ ချိန်တော့မည်။

"ကိုဖိုးနီသည်မှာကြည့်နော်၊ တောင်းတိုက်မယ်"

ငါးဒိုင်၏လူယုံဖြစ်သည့် ငါးချိန်မည့်သူက လှမ်း၍ပြောသည်။ တောင်းတစ်လုံးကိုယူကာ ရာဇူချိန်ခွင်၏ချိန်ခွက်ထဲကိုထည့်သည်။ တစ်ဖက်မှအလေးထည့်သည်။

"တစ်ပိဿာနှစ်ဆယ်သားရှိတယ်"

လှမ်း၍အော်၏။ ငါးဒိုင်ပိုင်ရှင်ဖြစ်သူက-

"တောင်းတိုက်တစ်ပိဿာနှစ်ဆယ်ဟေ့၊ ဖိုးနီ မှတ်ထားအုံး"ဟုပြောရင်း စာရင်းစာအုပ်တွင် မှတ်လိုက်သည်။ ဖိုးနီက ဘာမှပြန်မပြော။ ခေါင်းကိုသာညိတ်၍ပြရင်း တောင်းကိုကြည့်နေသည်။

အထူးအဆန်းမဟုတ်သောတောင်းကို ဖိုးနီ ဘာကြောင့်ကြည့်ရသနည်း၊ တောင်းသည် ဝါးကောက်အကြောများနှင့်သာရက်ထားသည်မို့ မာကျောခိုင်ခံ့ပါ၏။ သို့သော် ထိုတောင်းသည် တစ်ညလုံးရေစိမ်ထားသဖြင့် ရေဝကာ သာမန်ထက်ပိုလေးနေပါ၏။

ပြီးလျှင်ထိုတောင်းထဲတွင် ငါးတွေကိုသွန်၍ထည့်သည်။ ချိန်ခွင်၏အခြားတစ်ဖက်တွင် အလေးထည့်သည်။ ငါးပိဿာလေးကတစ်လုံး၊ တစ်ပိဿာလေးကတစ်လုံး စုစုပေါင်းခြောက်ပိဿာချိန်ခွင် ဘောင်ညီအောင် ငါးများထည့်ပြီးချိန်တွင် ချိန်တွယ်သူက ပေါင်ကို ဆတ်ခနဲကိုင်၍တောင်းကိုချသည်။ "တစ်ဆွဲဟေ့" ဟုအော်သည်။ ငါးဒိုင်ရှင်က "ခြောက်ပိဿာတစ်ဆွဲ" ဟု လှမ်း၍မှတ်လိုက်သည်။

ထိုငါးထည့်သောတောင်းကိုဘေးတွင်ချပြီး အနားရှိအခြားတောင်းတစ်လုံးကိုယူ၍ ချိန်ခွင်ပေါ်တင်သည်။ ငါးထည့်သည်။ ပေါင်ညီလာချိန်တွင် "ခြောက်ပိဿာနောက်တစ်ဆွဲ"ဟုထပ်အော်သည်။

သည်လိုနှင့်ပင် ငါးဆွဲသာဆွဲလိုက်ရသည်။ ဖိုးနီတို့ငါးက ကုန်ပြီ။ ဘက်ထရီမီးသီး၏ အားနည်းလှသောအလင်းရောင်အောက်တွင် စာရင်းမှတ်နေသောဒိုင်က-

"ဖိုးနီရေ၊ လာဟေ့ စာရင်းရှင်းရအောင်"ဟု ခေါ်သည်။

"သည်မှာကြည့်၊ တစ်ဆွဲကိုခြောက်ပိဿာနဲ့ ငါးဆွဲဆိုတော့ ပိဿာသုံးဆယ်နော်၊ တောင်းတိုက်က တစ်ပိဿာနဲ့နှစ်ဆယ်ကို ငါးဆွဲဆိုတော့ ခြောက်ပိဿာ၊ သည်တော့ ပိဿာသုံးဆယ်ထဲက ခြောက်ပိဿာနုတ်ရင် နှစ်ဆယ့်လေးပိဿာကျန်တယ်၊ ဟုတ်တယ်နော်၊ ကဲလာငွေရှင်းမယ်"

ဖိုးနီ အားလုံးကိုသိလိုက်ပါ၏။ ပြောချင်လွန်း၍ ရင်ဝကိုတက်လာသောအလုံးကို ပြန်၍မျိုချနေရသည်။ ကိုယ်က သူနှင့်မကင်းနိုင်သည်မဟုတ်လား။ အခုလည်း သူ့ဆီတွင် ခယဝယလုပ်ရပါဦးမည်။

"ကျွန်တော် ငွေနည်းနည်းကြိုပြီးယူချင်တယ်"

ငါးဒိုင်ပိုင်ရှင်က စီးကရက်ဖွာရင်း သူ့ကိုမော့၍ကြည့်၏။

"တခြားသုံးဖို့မဟုတ်ဘူး။ အခု ကျွန်တော်ဆွဲတဲ့ လင်းဘက်ကသေးတယ်၊ အဲသည်တော့ ငါးအပါနည်းတယ်"

"အဲသည်တော့. . ."

စီးကရက်မီးခိုးများမှုတ်ထုတ်ရင်း ငါးဒိုင်ပိုင်ရှင်က ဝင်ထောက်ပေးသည်။

"အခုအသုံးများနေတဲ့ ဒိုးလေးပိုက်ဝယ်ချင်လို့ပါ၊ နေ့စဉ်နေ့စဉ်နှိမ်သွားပါ" ဖိုးနီ၏စကားအဆုံးတွင် ငါးဒိုင်ပိုင်ရှင်က ကျေနပ်စွာပြုံးရင်း-

"ကိုဖိုးနီကို ယုံပါတယ်၊ လိုတဲ့ငွေလဲ ရပါ့စေမယ်၊ ဒါပေမဲ့ ငွေကြိုယူထားရင်တော့ အခုလိုပေါက်ဈေးနဲ့တော့မရှင်းနိုင်ဘူးနော်၊ နည်းနည်းခွာပြီးရှင်းမယ်၊ ဒါကလဲ လုပ်နေကျထုံးစံပါ၊ ဘယ့်နှယ့်လဲကျေနပ်လား"

ကျေနပ်ရုံကလွဲလို့ ဖိုးနီဘာမှမတတ်နိုင်ခဲ့။ မကျေနပ်တိုင် ပြော၍လည်းမဖြစ်ပါ။ မိမိတို့မြို့ကလေးတွင် ငါးဒိုင်လေးဒိုင်ရှိရာ ကျန်သောဒိုင်များနှင့် ဖိုးနီစိတ်တိုင်းမကျ၍ ပြောင်းပြောင်းလာခဲ့သည်မှာ ယခုဒိုင်သည် နောက်ဆုံးဖြစ်တော့၏။ သို့နှင့်ပင် လှေပေါ်ပြန်တက်ပြီး နှစ်ယောက်သားတိတ်ဆိတ်စွာလှော်လာရင်း

စာမျက်နှာ ၂၅ သို့ ➤

# ထီးချိုင့်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးဧက ၁၀၅၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်


ယခင်နှစ်က စပါးစိုက်ခင်းကို တွေ့ရစဉ်။

**ထီးချိုင့် ဇူလိုင် ၄**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးဧက ၁၀၅၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုအောင်က ပြောပြ၍ သိရသည်။

ထီးချိုင့်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၄၀၂၇၈ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ်ဇွန်လမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဧက ၁၀၅၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ထီးချိုင့်မြို့နယ်အတွင်း စပါးဧက ၄၀၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်နေပါတယ်။ မိုးစပါးစိုက်ပျိုးရာမှာ အချိန်မီစိုက်ပျိုးကြဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့်တွေစိုက်ပျိုးဖို့၊ စိုက်နည်းစနစ်တွေမှန်ကန်ဖို့၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေဖို့ ကာကွယ်နည်းလမ်းတွေ ဆောင်ရွက်ပေးနေပါတယ်"ဟု ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုအောင်က ပြောပြသည်။

ထီးချိုင့်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးစိုက်တောင်သူများ အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်ပေးနေကြောင်း သိရသည်။

ထီးချိုင့်မြို့နယ်တွင် စပါးစိုက်တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာနည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှုကာကွယ်ရေး အသိပညာပေးခြင်း၊ သီးနှံများပျက်စီးဆုံးရှုံးမှုမရှိစေရေး၊ ရိတ်သိမ်းပြီးစပါးများ အမိုးအကာအောက် အချိန်မီရောက်ရှိရေးအတွက် အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးနေကြောင်း သိရသည်။

ထီးချိုင့်မြို့နယ်တွင် ယခုနှစ် စိုက်ပျိုးထားသော စပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းမွန်စေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးခြင်း၊ ပိုးမွှားကျရောက်မှု ကင်းထောက်ခြင်း၊ တမန်းနှိုးပေါင်းထိုးခြင်း၊ မျိုးကွဲနုတ်ပယ်ခြင်း၊ ဓာတ်မြေသြဇာ စနစ်တကျသုံးစွဲခြင်း စသည့်စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်းလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ပေးနေကြောင်း သိရသည်။ (၂၀၆)

# ကျောက်တန်းမြို့နယ် ဝဲကြီးကျေးရွာတွင် အခြေခံမော်တာစက်ချုပ်သင်တန်းဖွင့်လှစ်

**ကျောက်တန်း ဇူလိုင် ၄**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် ကျောက်တန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဝဲကြီးကျေးရွာ၌ ကျေးလက်နေပြည်သူများအလုပ်အကိုင်အခွင့်အလမ်းရရှိစေပြီး လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ အခြေခံမော်တာစက်ချုပ်သင်တန်းဖွင့်လှစ်ခြင်းကို ဇူလိုင် ၃ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာစုပေါင်းခန်းမ၌ ကျင်းပပြုလုပ်သည်။

ရှေးဦးစွာ သန်လျင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စိုးစိုးမြင့်က သင်တန်းဖွင့်အမှာစကားပြောကြားပြီး ကျောက်တန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းဝင်းလတ်က သင်တန်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားကာ ဝဲကြီးကျေးရွာ အုပ်ချုပ်ရေးမှူးက သင်တန်းဖွင့်လှစ်ပေးခြင်းအတွက် တာဝန်ရှိသူများကိုကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် သင်တန်းနည်းပြများက သင်တန်းစည်းကမ်းများ၊ သင်ကြားပို့ချမည့် သင်ခန်းစာများကို ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက သင်ကြားမှုအထောက်အကူပြုပစ္စည်းများ ပေးအပ်သည်။

အဆိုပါသင်တန်းသို့ ဝဲကြီးကျေးရွာမှ သင်တန်းသူဦးရေ ၂၀ တက်ရောက်ပြီး သင်တန်းတွင် အဝတ်အထည်အမျိုးမျိုးချုပ်လုပ်နည်းကို ကျွမ်းကျင်နည်းပြများက ဇူလိုင် ၃ ရက်မှ ၃၁ ရက်ထိ စာတွေ့၊ လက်တွေ့ အခမဲ့သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ဇေဉ်း(မောရှမ်းမြေ)**

## လုံ့လစိုက်အောင်နိုင်ထူ

\- လုံ့လကို ရှေ့ဆောင်ထား
တို့ကြိုးစား အမှန်လေ၊
ပန်းတိုင်သည် လက်တစ်ကမ်းပေါ့
လျှောက်လှမ်းကြစေ၊
အားလုံးသော လူသားတွေ
အောင်နိုင်မြေ ခရီးဆက်၊
ဇွဲစိတ်သန် ရည်မှန်းချက်နှင့်
လှုပ်ရှားသွက်လက်။

\- ပျင်းစိတ်ဖယ် ဘဝအတွက်
နိုးကြားလျက် စွမ်းဆောင်ရည်၊
ကိုယ်ပိုင်ဉာဏ် ကိုယ်ပိုင်မြင့်ဖို့
တင့်လှပေသည်၊
အောင်မြင်မှု ရဖို့အတည်
ယုံယုံကြည် ဘယ်မဝေး၊
အချိန်ရယ် သုံးချတတ်မှ
မြတ်လှမယ်လေး။

\- ရိုးရိုးကြံ မြင့်မြင့်တွေး
ဘဝအရေး လှဖို့ကွယ်၊
လုံ့လထူ အစဉ်ရှေးရှုလို့
အန်တုတင့်တယ်၊
မြတ်သောအကျင့် လှနယ်ပယ်
ချစ်စဖွယ် ဂုဏ်သတင်း၊
လူမှန်လျှင် လုံ့လရှိဖို့
ထိန်းညှိစေမင်း။ ။

**ရင်ခတ်ပန်း(စွယ်တော်)**

➤ စာမျက်နှာ ၂၄ မှအဆက်

ပွဲပိုင်းမှ စိန်ကုလားက-

"အစ်ကို ကျွန်တော်တို့ငါးက အနည်းဆုံးပိဿာသုံးဆယ်ကျော်မှန်းတာဗျ၊ အခုတော့ နှစ်ဆယ့်လေးပိဿာတည်းဆိုတော့ အလေးခိုးတာနေမှာဗျသိလား" ပွဲပိုင်းမှ မကျေနပ်စွာ စကားစလေ၏။

ဖိုးနီသည် သက်ပြင်းတစ်ချက်ကို လေးပင်စွာချလိုက်ရင်း-

"ဟုတ်တယ်စိန်ကုလား၊ ဒါပေမဲ့ အလေးခိုးတာတော့မဟုတ်ဘူးကွ၊ တောင်းခိုးတာ"

"အစ်ကိုကလဲဗျာ၊ အလေးခိုးတယ်လို့ပဲ ကြားဖူးပါတယ်၊ အခုဟာက တောင်းခိုးတာမဖြစ်နိုင်ပါဘူး၊ ကျွန်တော်လဲ သေသေချာချာကြည့်နေတာပဲဟာ၊ ငါးတောင်းငါးဆွဲဗျာ၊ ကဲ ဘယ်မှာတောင်းခိုးလို့ရမလဲ"

ဖိုးနီက ရယ်လိုက်ရင်း-

"ငါရှင်းပြမယ်၊ မင်းသေသေချာချာနားထောင်၊ ပထမဆုံးတိုက်ပြတဲ့တောင်းက အကြံအဖန်တောင်းကွ၊ တစ်ညလုံးရေစိမ်ထားတော့ တောင်းက ရေဝပြီး တအားလေးနေတာပေါ့ကွာ၊ အဲသည်တောင်းကိုချိန်တော့ တစ်ပိဿာနဲ့နှစ်ဆယ်သားရှိတယ်မဟုတ်လား၊ ဒါကိုအမှန်ယူပြီးမှတ်လိုက်တယ်၊ ငါးထည့်တယ်၊ ချိန်တယ်၊ ပြီးတော့ အဲသည်တောင်းကို ဘေးကိုဆွဲချလိုက်တယ်-

ဖိုးနီက စကားပြောရပ်၍ ဖန်တွတ်နေသောမျက်စိကို မြစ်ပြင်မှရေကို လက်ခုပ်ဖြင့်ခတ်ပြီး မျက်နှာသစ်လိုက်သည်။ ပြီးမှ စကားဆက်၏။

"အဲသည်တောင်းကို နောက်ထပ်တစ်ဆွဲထပ်ချိန်တဲ့အခါမှာ ပြန်မသုံးတော့ဘူးကွ၊ ဘေးမှာအရန်သင့်ထားတဲ့ အမျိုးအစားတူတဲ့ တောင်းအခြောက်တစ်လုံးကိုတင်ပြီး ငါးထည့်တယ်၊ ချိန်တယ်၊ အဲသည်လိုနည်းနဲ့ နောက်ထပ်လေးဆွဲမှာ ခိုးယူလိုက်တာပဲကွ၊ တကယ်တော့ငါးတောင်းဆိုတာ ရေမစိုမိုးမစိုနဲ့ အခြောက်အတိုင်းချိန်ကြည့်၊ မသကာရှိလှမှ နှစ်ဆယ်သားသုံးဆယ်သားပေါ့ကွာ-

ဖိုးနီက စကားပြောဆိုရင်း ခံတွင်းချဉ်လာသဖြင့် ဆေးပေါ့လိပ်ကို မီးညှိသည်။

"တောက် တော်တော်ယုတ်မာပါလားဗျာ၊ ကျွန်တော်တို့မှာတော့ တစ်ညလုံးမအိပ်ရဘဲ ရေထဲစိမ်ပြီး ပင်ပင်ပန်းပန်းရှာထားရတာ" စိန်ကုလားက နှမြောစွာပြောလေ၏။

"အေး ဟုတ်တယ်ကွ၊ စောစောကစကားကိုပြန်ဆက်ရရင် ပထမတစ်ဆွဲကတော့မှန်တယ်၊ ဒါပေမဲ့ နောက်လေးဆွဲမှာ တောင်းတိုက်လေးပိဿာလောက် ခိုးလိုက်တာပဲကွ၊ မင်းစဉ်းစားကြည့်စမ်း စိန်ကုလား၊ တို့လိုပိုက်လှေတွေဆီကနေ တစ်နေ့တစ်နေ့ သူတို့ခိုးထားလိုက်တဲ့ ငါးပိဿာချိန်တွေ ဘယ်လောက်များမယ်ဆိုတာ၊ ဒါကြောင့်လဲ သူတို့မှာ သင်္ဘောတစ်စီးကနေ နှစ်စီး၊ တိုက်တစ်လုံးကနေ နှစ်လုံးဖြစ်နေတာကွ"

ဖိုးနီကစကားဆုံးလျှင် ပါးစပ်ထဲ ပျစ်ချွဲလာသောတံတွေးတို့ကို ထွီခနဲ မြစ်ပြင်ထဲသို့ ထွေးထုတ်လိုက်သည်။

"ဒါနဲ့ အစ်ကိုဖိုးနီ၊ ကျွန်တော်တို့ ဒိုးလေးပိုက်ဝယ်ဖို့ ငွေကြိုယူထားတော့ ဈေးခွာပြီးပေးရမယ်ဆိုတာ ကျွန်တော်သဘောမပေါက်ဘူးဗျ"

"မင်းကလဲ 'အ'ရန်ကောကွာ၊ အခု ငါတို့က ငွေကြိုပြီးယူမထားရင် သည်ကနေ့ပေါက်ဈေးနဲ့ရှင်းပေးတာကွ၊ ကြိုယူထားတဲ့သူတွေကျတော့ ပေါက်ဈေး"နဲ့မရှင်းတော့ဘူး၊ နှိမ်ပြီးရှင်းမှာပေါ့ကွာ၊ အတိုးသဘောပေါ့ကွာ"

"အခုအတိုင်းတောင် အဆင်မပြေလှတာ၊ နှိမ်ပြီးရှင်းမယ်ဆိုရင်တော့ ကျွန်တော်တို့ဘဝက မတွေးဝံ့စရာပဲနော်"

စိန်ကုလား၏အသံသည် တုန်ယင်လျက်ရှိ၏။ လှော်သာလှော်နေရသော်လည်း အားကမပါလေတော့။

လှေဦးမှထိုင်လျက်ပါလာသော ဖိုးနီက စိန်ကုလားကို သနားသွားမိ၏။

"ကျွန်တော်တို့တစ်တွေရဲ့ဘဝက တစ်နေ့လာလဲ ဒါပဲ၊ တစ်လလာလဲ ဒါပဲ၊ သည်လိုနဲ့ပဲ လုံးပါးပါးရတော့မယ်ထင်ပါရဲ့ဗျာ"

စိန်ကုလား၏ရေရွတ်သံက ထွက်လာပြန်၏။ အစီခံအထိ တိုလာပြီဖြစ်သော ဆေးပေါ့လိပ်ကို ရေထဲသို့ပစ်လိုက်ရင်း-

"ဒါပေမဲ့စိန်ကုလားရေ၊ အားတော့မငယ်နဲ့ကွ၊ ငါသတင်းကြားတာတစ်ခုတော့ရှိတယ်"

မှိုင်နေသောစိန်ကုလားသည် ဆတ်ခနဲခေါင်းထောင်လာကာ-

"ဘာများလဲ အစ်ကိုဖိုးနီရဲ့၊ လုပ်စမ်းပါမြန်မြန်"

"တခြားတော့မဟုတ်ဘူးကွ၊ ငါးလုပ်ငန်းရှင်များအသင်းကြီးက ငါတို့လိုနယ်မြို့တွေမှာ ငါးပုစွန်ဒိုင်တွေလာဖွင့်ပြီး ဝယ်တော့မယ်ဆိုပဲကွ၊ ပြီးတော့လဲ ဈေးက ရန်ကုန်ပေါက်ဈေးနဲ့သိပ်မကွာဘူးတဲ့၊ အလေးမှန်ဈေးမှန်နဲ့ဝယ်မှာပေါ့ကွာ၊ ပြီးတော့လဲ အခုလို ငါးတွေပုစွန်တွေကို ညသင်္ဘောနဲ့တင်ပို့တာတွေမလုပ်တော့ဘူးတဲ့ကွ၊ ကားနဲ့ ရန်ကုန်ကိုတိုက်ရိုက်ပို့တော့မှာကွ၊ ငါတို့မြို့နဲ့ရန်ကုန်ဟာ အရင်ကဆို သင်္ဘောနဲ့ ဆယ်နာရီကျော်ကျော်မောင်းရတာမဟုတ်လား၊ အခုဆိုရင် မြစ်ကူးတံတားကြီးတွေပြီးလာတော့ ရန်ကုန်ဆိုတာ အနီးကလေးပေါ့၊ နောက်ပြီး ငါတို့ကလဲ အခုသုံးနေတဲ့ လင်းဘတ်ပိုက်ကလေးကိုရောင်းပြီး ဒိုးလေးပိုက်ကြီးနဲ့ဆွဲမှာလေကွာ၊ ဒါဆိုရင် ငါးတွေပုစွန်တွေကလဲ ပိုပြီးရလာတော့မှာမဟုတ်လား၊ အဲဒီတော့ ငါးပုစွန်က ပိုရလာမယ်၊ ဈေးကလဲပိုလာမယ်ဆိုရင် တို့ဘဝတွေမြင့်တက်လာမှာအမှန်ပါပဲကွာ၊ အဲဒီအစီအစဉ်တွေ မြန်မြန်ဖြစ်ပါစေသာဆုတောင်းပေတော့ဟေ့"

"ကောင်းလိုက်တဲ့သတင်းပါပဲဗျာ၊ မြန်မြန်လုပ်ဖြစ်ပါစေလို့ ကျွန်တော်သာ မဟုတ်ဘူး၊ ကျွန်တော်တို့ ဘဝတူတံငါတွေအားလုံးကလဲ ဆုတောင်းပေးကြမှာပါဗျ"

ဝမ်းသာအားရပြောအပြီးတွင် ခွန်အားသစ်များဝင်လာသကဲ့သို့ အုန်းခနဲ အုန်းခနဲ လှော်လေတော့၏။ ဖိုးနီသည် လှေဦးဘက်သို့ လှမ်း၍ ကြည့်သည်။

"အလို"တက်သစ်စနေဝန်းသည် မြစ်ကိုဖြတ်ကူးလျက် ထိုးထားသော ကြိုးတံတားကြီးပေါ်တွင်မေးတင်ကာ မိမိတို့အား ငုံ့၍ကြည့်နေပါပကော။ ရွာရောက်ရန် မဝေးတော့ပြီ။

# ဖွံ့ဖြိုးရေးနှင့် ယဉ်ကျေးမှု

ဇော်ဇော်အောင်(မန္တလေး)

ဖွံ့ဖြိုးတယ်ဆိုတာကိုက လူ့အဖွဲ့အစည်းတစ်ရပ်ရဲ့ ယဉ်ကျေးမှုမြင့်မားနေတဲ့ အခြေအနေတစ်ရပ်ကို ရည်ညွှန်းတာဖြစ်တယ်။ ဥစ္စာခနေရုပ်ဝတ္ထုတစ်ခုတည်း ပေါများကြွယ်ဝနေတာကို ဆိုလိုရင်းမဟုတ်ဘူး။ ယဉ်ကျေးမှုနဲ့ ယှဉ်တွဲမှသာ ဖွံ့ဖြိုးတဲ့အဆင့်ကို အမှန်တကယ်ရောက်တယ်။ ယဉ်ကျေးမှုအပေါ် ကျကျနနအခြေမခံဘဲနဲ့ ဖွံ့ဖြိုးရေးကို ဘယ်လိုမှ တည်ဆောက်လို့ မရနိုင်ဘူး။ နည်းပညာတွေ အဆင့်မြင့်တာ၊ အရင်းအမြစ်တွေ ပေါကြွယ်ဝတာ၊ ငွေကြေးပြည့်စုံတာ၊ ခမ်းနားတဲ့မြို့ပြတွေရှိတာ စတဲ့ ပြည့်စုံလုံလောက်မှုတွေကို ယဉ်ကျေးမှုနဲ့ ပေါင်းစပ်နိုင်တဲ့ လူ့အဖွဲ့အစည်းတွေပဲ ဖွံ့ဖြိုးတဲ့အဆင့်ကို ရောက်နိုင်တယ်။ ဖွံ့ဖြိုးရေးကို အလေးအနက် ရည်ရွယ်ကြတယ်ဆိုရင် ယဉ်ကျေးမှုကိုမေ့ထားလို့မရဘူး။ ဖွံ့ဖြိုးရေးကို အလေးအနက်ရည်ရွယ်ကြတယ်ဆိုရင် ယဉ်ကျေးမှုကို လျစ်လျူရှုထားလို့မရဘူး။ ဖွံ့ဖြိုးရေးကို အလေးအနက်ရည်ရွယ်ကြတယ်ဆိုရင် ယဉ်ကျေးမှုကို ပေါ့ပေါ့တန်တန်သဘောထားလို့မရဘူး။

ယဉ်ကျေးမှုကို အခိုင်အမာတည်ဆောက်မြှင့်တင်နိုင်ပြီဆိုရင် ဖွံ့ဖြိုးရေးဆိုတာ ကျွဲကူးရေပါပဲ။ ယဉ်ကျေးမှုမြင့်လာရင် လူ့အဖွဲ့အစည်းတစ်ရပ်ဟာ ဖွံ့ဖြိုးရေးလမ်းစပေါ် အလိုလိုရောက်တာပဲ။ ဖွံ့ဖြိုးတဲ့အဆင့်မှာ လူ့အဖွဲ့အစည်းတစ်ရပ်မြဲမြံနေဖို့ဆိုရင်လဲ ယဉ်ကျေးမှုအဆင့်မြင့်နေဖို့ကို မျက်ခြည်မပြတ်မှ ဖြစ်နိုင်တယ်။ ဖွံ့ဖြိုးပြီးတဲ့ လူ့အဖွဲ့အစည်းတွေဟာ ယဉ်ကျေးမှုကို ထိန်းသိမ်းဖို့၊ ပိုယဉ်ကျေးလာအောင် ဂရုတစိုက်မြှင့်တင်နေဖို့ ပျက်ကွက်ရင် အဲဒီဖွံ့ဖြိုးမှုက ယိုယွင်းတာပဲ။ ဆုတ်ယုတ်တာပဲ။ ပျက်စီးတာပဲ။ သမိုင်းမှာ သာဓကတွေ မြောက်မြားစွာရှိတယ်။ ဖွံ့ဖြိုးဖို့ ပြန်တည်ဆောက်တဲ့အခါမှာလဲ ယဉ်ကျေးမှုအခြေခံကောင်းပျက်ယွင်းတာနဲ့ ခဲရာခဲဆစ်ဖြစ်တတ်တယ်။ မအောင်မြင်ဘူး။

ဖွံ့ဖြိုးရေးနဲ့ဆက်နွယ်တဲ့ ယဉ်ကျေးမှုရဲ့အဓိပ္ပာယ်က ရှေးအစဉ်အလာတွေ ထိန်းသိမ်းတာ၊ သိမ်မွေ့ယဉ်ကျေးတာ၊ သီလထိန်းသိမ်းတာ စတဲ့ ယဉ်ကျေးခြင်းရဲ့ ဖွင့်ဆိုချက်တွေထက် အများကြီး နက်နဲကျယ်ဝန်းတယ်။ ယဉ်ကျေးမှုရဲ့အနက်အဓိပ္ပာယ်ထဲမှာ နိုင်ငံရေးယဉ်ကျေးမှု၊ လူမှုရေးယဉ်ကျေးမှု၊ စီးပွားရေးယဉ်ကျေးမှု စတဲ့ခေါင်းစဉ်တွေအားလုံး အဓိကကျကျ နက်နက်ရှိုင်းရှိုင်း ပါဝင်နေတယ်။

လူတစ်ယောက်ချင်း (နိုင်ငံသားတစ်ဦးချင်း) ရဲ့ ယဉ်ကျေးမှု၊ မိသားစုတစ်စုချင်းရဲ့ ယဉ်ကျေးမှု၊ အသိုင်းအဝိုင်း (Community) တစ်ခုချင်းရဲ့ ယဉ်ကျေးမှု၊ အဖွဲ့အစည်းတစ်ခုချင်းရဲ့ ယဉ်ကျေးမှု၊ ဒေသတစ်ခုချင်းရဲ့ ယဉ်ကျေးမှု၊ လူ့အဖွဲ့အစည်းတစ်ရပ်လုံးရဲ့ ယဉ်ကျေးမှု စတာတွေအားလုံးဟာ အဓိကကျကျ နက်နက်ရှိုင်းရှိုင်း ဆက်စပ်ပါဝင်နေတယ်။

စည်းကမ်းရှိတာ ယဉ်ကျေးမှုဖြစ်တယ်။ ဥပဒေလိုက်နာတာ ယဉ်ကျေးမှုဖြစ်တယ်။ လူအချင်းချင်း စာနာစိတ်ရှိတာ ယဉ်ကျေးမှုဖြစ်တယ်။ လူအချင်းချင်း ညှာတာထောက်ထားတာ ယဉ်ကျေးမှုဖြစ်တယ်။ ကိုယ်နေထိုင်တဲ့ပတ်ဝန်းကျင်၊ ကိုယ်နေထိုင်တဲ့ လူ့အဖွဲ့အစည်းအပေါ် တန်ဖိုးထားတာ၊ သစ္စာစောင့်သိတာ၊ လေးစားတာ၊ စောင့်ရှောက်လိုစိတ်ရှိတာ၊ တတ်စွမ်းသမျှ အလုပ်အကျွေးပြုချင်စိတ်ရှိတာ၊ တာဝန်ရှိတယ်လို့ ခံယူတာ၊ အမြတ်ထုတ်လိုစိတ် ကင်းတာ ယဉ်ကျေးမှုဖြစ်တယ်။

ကိုယ့်ထုတ်ကုန်ကို အရည်အသွေးအမြင့်ဆုံး စဉ်းစားကြံဆပြီး အကောင်းဆုံးထုတ်လုပ်တာဟာ ယဉ်ကျေးမှုဖြစ်တယ်။ သင့်တင့်လျောက်ပတ်တဲ့ အမြတ်အစွန်းကိုပဲ ရယူပြီး စားသုံးသူတွေကို အဆင်ပြေစေချင်စိတ်ရှိတာ၊ အကျိုးရှိစေချင်စိတ်ရှိတာ၊ ကိုယ်ထုတ်လုပ်ရောင်းချတဲ့ ကုန်စည်ကြောင့် စားသုံးသူတွေ စိတ်ချမ်းသာကိုယ်ကျန်းမာစေချင်စိတ်ရှိတာ ယဉ်ကျေးမှုဖြစ်တယ်။

နိုင်ငံရေးသမားအချင်းချင်း၊ နိုင်ငံရေးပါတီအချင်းချင်း လေးစားတန်ဖိုးထားစိတ်ရှိတာ ယဉ်ကျေးမှုဖြစ်တယ်။ နိုင်ငံရေးသမားအချင်းချင်း၊ နိုင်ငံရေးပါတီအချင်းချင်း လုပ်ဖော်ကိုင်ဖက်အဖြစ် သဘောထားတာ ယဉ်ကျေးမှုဖြစ်တယ်။ နိုင်ငံသားအချင်းချင်း ချစ်ခင်လေးစားတန်ဖိုးထားစိတ်ရှိတာ ယဉ်ကျေးမှုဖြစ်တယ်။ နိုင်ငံသားအချင်းချင်း သူယုံကြည်သလို လွတ်လပ်စွာ ရပ်တည်ခွင့်ကို ကိုယ်နဲ့တူသည်ဖြစ်စေ၊ မတူသည်ဖြစ်စေ မနှောင့်ယှက်၊ မတိုက်ခိုက်တာ ယဉ်ကျေးမှုဖြစ်တယ်။ လွတ်လပ်စွာ သဘောထားကွဲလွဲခွင့်ကို လေးစားတန်ဖိုးထားရကောင်းမှန်းသိတာ ယဉ်ကျေးမှုဖြစ်တယ်။

တစ်ဖက်မှာကျတော့ စည်းကမ်းမရှိတာ ယဉ်ကျေးမှု မရှိတာဖြစ်တယ်။ ဥပဒေမလိုက်နာတာ ယဉ်ကျေးမှုမရှိတာဖြစ်တယ်။ လူအချင်းချင်း စာနာစိတ်မရှိတာ ယဉ်ကျေးမှုမရှိတာဖြစ်တယ်။ လူအချင်းချင်း ညှာတာထောက်ထားစိတ်ကင်းမဲ့တာ ယဉ်ကျေးမှုမရှိတာဖြစ်တယ်။ ကိုယ်နေထိုင်တဲ့ပတ်ဝန်းကျင်၊ ကိုယ်နေထိုင်တဲ့ လူ့အဖွဲ့အစည်းအပေါ် တန်ဖိုးမထားတာ၊ သစ္စာမစောင့်သိတာ၊ မလေးစားတာ၊ စောင့်ရှောက်လိုစိတ်မရှိတာ၊ တတ်စွမ်းသမျှ အလုပ်အကျွေးပြုချင်စိတ်မရှိတာ၊ တာဝန်ရှိတယ်လို့ မခံယူတာ၊ အမြတ်ထုတ်လိုစိတ်ကြီးတာ ယဉ်ကျေးမှုမရှိတာဖြစ်တယ်။

ကိုယ့်ထုတ်ကုန်ကို အရည်အသွေးအမြင့်ဆုံး စဉ်းစားကြံဆပြီး အကောင်းဆုံးထုတ်လုပ်ရမဲ့အစား မတရား အမြတ်ကြီးစားဖို့ကိုပဲ ဦးစားပေးတာ ယဉ်ကျေးမှုမရှိတာဖြစ်တယ်။ သင့်တင့်လျောက်ပတ်တဲ့ အမြတ်အစွန်းကိုပဲရယူပြီး စားသုံးသူတွေကို အဆင်ပြေစေချင်စိတ်မရှိတာ၊ အကျိုးရှိစေချင်စိတ်မရှိတာ၊ ကိုယ်ထုတ်လုပ်ရောင်းချတဲ့ ကုန်စည်ကြောင့် စားသုံးသူတွေ စိတ်သောကရောက်ရတာ၊ ရောဂါဘယနဲ့ အခြားဒုက္ခတွေ ရောက်စေတာ ယဉ်ကျေးမှုမရှိတာဖြစ်တယ်။

နိုင်ငံရေးသမားအချင်းချင်း၊ နိုင်ငံရေးပါတီအချင်းချင်း လေးစားတန်ဖိုးထားစိတ်မရှိဘဲ စော်ကားရိုင်းပျယုတ်မာကောက်ကျစ်တာ ယဉ်ကျေးမှုမရှိတာဖြစ်တယ်။ နိုင်ငံရေးသမားအချင်းချင်း၊ နိုင်ငံရေးပါတီအချင်းချင်း လုပ်ဖော်ကိုင်ဖက်အဖြစ် သဘောမထားနိုင်တာ ယဉ်ကျေးမှုမရှိတာဖြစ်တယ်။

နိုင်ငံသားအချင်းချင်း၊ ချစ်ခင်လေးစားတန်ဖိုးထားစိတ်မရှိတာ ယဉ်ကျေးမှုမရှိတာဖြစ်တယ်။ နိုင်ငံသားအချင်းချင်း သူယုံကြည်သလို လွတ်လပ်စွာရပ်တည်ခွင့်ကို ကိုယ်နဲ့မတူတိုင်း နှောင့်ယှက်တိုက်ခိုက်တာ ယဉ်ကျေးမှုမရှိတာဖြစ်တယ်။ လွတ်လပ်စွာသဘောထားကွဲလွဲခွင့်ကို လေးစားတန်ဖိုးထားရကောင်းမှန်းမသိတာ ယဉ်ကျေးမှုမရှိတာဖြစ်တယ်။

လူ့အဖွဲ့အစည်းတစ်ရပ်မှာ ရုပ်ဝတ္ထုတွေ၊ နည်းပညာတွေ၊ အခြေခံအဆောက်အအုံတွေ၊ ပညာရေးစနစ်တွေ၊ စီးပွားရေးစနစ်တွေ၊ နိုင်ငံရေးစနစ်တွေကတော့ အသင့်ပြည့်စုံကောင်းမွန်ပြီးတော့ အဲဒီလူ့အဖွဲ့အစည်းမှာရှိတဲ့လူတွေ (နိုင်ငံသားတွေ)၊ စီးပွားရေးသမားတွေ၊ နိုင်ငံရေးသမားတွေ၊ အသိုင်းအဝိုင်းတွေ၊ အဖွဲ့အစည်းတွေအားလုံးမှာ ယဉ်ကျေးမှုမြင့်မားတဲ့ လက္ခဏာရှိနေမယ်ဆိုမှသာ အဲဒီလူ့အဖွဲ့အစည်းဟာ ဖွံ့ဖြိုးတဲ့အဆင့်ကို ရောက်နေပြီလို့ ဆိုနိုင်သလို အဲဒီဖွံ့ဖြိုးမှုဟာလဲ ကာလကြာရှည်တည်တံ့နိုင်မှာဖြစ်တယ်။

ယဉ်ကျေးမှုမြင့်မားလာခြင်းရဲ့ ဝိသေသလက္ခဏာတွေတချို့ကတော့ ရာဇဝတ်မှုတွေ လျော့ကျကွယ်ပျောက်လာတာ (အကျဉ်းထောင်တွေ အပြီးအပိုင်ပိတ်ပစ်ရခြင်း)၊ လူနေရပ်ကွက်တွေ၊ မြို့ရွာတွေ၊ လမ်းတွေ စတာတွေဟာ တစ်စတစ်စသန့်ရှင်းသပ်ရပ်လာတာ၊ ကုန်စည်တွေ အဆင့်မြင့်လာရုံမက လူတိုင်းလက်လှမ်းမီမီ ဝယ်ယူသုံးစွဲနိုင်သလို လူတွေရဲ့ကျန်းမာချမ်းသာပျော်ရွှင်ဖို့အတွက် ကောင်းစွာ အထောက်အပံ့ပြုတဲ့ အဆိပ်အတောက်နဲ့ ဘေးအန္တရာယ်တွေကင်းစင်တဲ့ကုန်စည်တွေဖြစ်တာ၊ လူတိုင်း၊ အဖွဲ့အစည်းတိုင်းဟာ စည်းကမ်းဥပဒေတွေကို အထူးလေးစားတန်ဖိုးထားလိုက်နာကြတာ လူအချင်းချင်း စော်ကားရိုင်းပျတာ အလျှင်းမရှိဘဲ တစ်ဦးရဲ့ဘဝ၊ တစ်ဦးရဲ့ရပ်တည်မှု၊ ယုံကြည်မှုကို တစ်ဦးက လေးစားတန်ဖိုးထားရမှာဖြစ်ကြောင်း လူတိုင်းက ကောင်းစွာ သဘောပေါက်သလို လူတိုင်းက ကောင်းစွာ စောင့်ထိန်းလိုက်နာတာ၊ အသိုင်းအဝိုင်း (Community)တစ်ခုနဲ့တစ်ခုကြား လေးစားတန်ဖိုးထားပြီး အေးချမ်းစွာ ချစ်ခင်စည်းလုံးစွာ အတူတကွ ယှဉ်တွဲနေထိုင်ကြတာ၊ ကောင်းမွန်တဲ့ ကျန်းမာရေးစောင့်ရှောက်မှုရှိတာ၊ အဆင့်မြင့်တဲ့ပညာရေးကို လူတိုင်း ကောင်းမွန်စွာ သင်ယူခွင့်ရှိတာ၊ တရားသဖြင့် လွတ်လပ်စွာ အသက်မွေးဝမ်းကျောင်းမှုပြုနိုင်တာ၊ တရားမျှတမှု၊ တန်းတူညီမျှမှုကို အခြေခံတဲ့ လူ့အဖွဲ့အစည်းဖြစ်တာ စတာတွေပါပဲ။ ဒါတွေဟာ ဖွံ့ဖြိုးတဲ့လူ့ဘောင်တစ်ရပ်ရဲ့ အမှတ်သညာတွေဖြစ်သလို ယဉ်ကျေးတဲ့နိုင်ငံတစ်ခုရဲ့ ပြယုဂ်လဲ မည်ပါတယ်။

ဒီတော့ ယဉ်ကျေးမှုနဲ့ဖွံ့ဖြိုးရေးဟာ ခွဲခြားမရတဲ့ အကြောင်းတရားနှစ်ရပ်သာဖြစ်ပါတယ်။ ယဉ်ကျေးမှုရဲ့ အထောက်အပံ့မရှိဘဲ ဖွံ့ဖြိုးမှုအစစ်အမှန်အပြည့်အဝမရနိုင်ဘူး။ ယဉ်ကျေးမှုကိုအခြေမခံတဲ့ ဖွံ့ဖြိုးမှုဟာလဲ ရေရှည်မခံဘူး။ ဒါကြောင့် ဖွံ့ဖြိုးရေးကို ရည်ရွယ်ကြရိုးမှန်ရင် ယဉ်ကျေးမှုကို မဖြစ်မနေ ထိထိရောက်ရောက်မြှင့်တင်တည်ဆောက်ဖို့ မမေ့ကြစေလိုပါကြောင်း ရေးသားလိုက်ရပါတယ်။

❖ လူ့အဖွဲ့အစည်းတစ်ရပ်မှာ ရုပ်ဝတ္ထုတွေ၊ နည်းပညာတွေ၊ အခြေခံအဆောက်အအုံတွေ၊ ပညာရေးစနစ်တွေ၊ စီးပွားရေးစနစ်တွေ၊ နိုင်ငံရေးစနစ်တွေကတော့ အသင့်ပြည့်စုံကောင်းမွန်ပြီးတော့ အဲဒီလူ့အဖွဲ့အစည်းမှာရှိတဲ့လူတွေ(နိုင်ငံသားတွေ)၊ စီးပွားရေးသမားတွေ၊ နိုင်ငံရေးသမားတွေ၊ အသိုင်းအဝိုင်းတွေ၊ အဖွဲ့အစည်းတွေအားလုံးမှာ ယဉ်ကျေးမှုမြင့်မားတဲ့ လက္ခဏာရှိနေမယ်ဆိုမှသာ အဲဒီလူ့အဖွဲ့အစည်းဟာ ဖွံ့ဖြိုးတဲ့အဆင့်ကိုရောက်နေပြီလို့ ဆိုနိုင်သလို အဲဒီဖွံ့ဖြိုးမှုဟာလဲ ကာလကြာရှည်တည်တံ့နိုင်မှာဖြစ်တယ်။ ❖

# အင်္ဂပူမြို့နယ် တောင်ပေါ်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းမိတ်ဆက်ခြင်းနှင့် လုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်းပြုလုပ်

**အင်္ဂပူ ဇူလိုင် ၄**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် အင်္ဂပူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းဆောင်ရွက်မည့် ချင်းချောင်ကျေးရွာအုပ်စု တောင်ပေါ်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် လုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်းကို ဇူလိုင် ၃ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အင်္ဂပူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နီလာရွှေက မြစိမ်းရောင်ကျေးရွာစီမံကိန်းရည်ရွယ်ချက်များ၊ ကျေးရွာတွင် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ကဏ္ဍအလိုက် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အင်္ဂပူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြစိမ်းရောင်စီမံကိန်း တာဝန်ခံဝန်ထမ်းများက ကော်မတီ ဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များနှင့် ကော်မတီများ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာကြသော ရပ်မိ ရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင် ကိုးဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

အင်္ဂပူမြို့နယ် တောင်ပေါ်ကုန်းကျေးရွာ၌ ယခုဘဏ္ဍာနှစ်တွင် မြစိမ်းရောင်စီမံကိန်းရန်ပုံငွေကျပ် သိန်း ၃၀၀ ကို တစ်ပိုင်တစ်နိုင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ငန်းနှင့် အခြားလုပ်ငန်းများ လုပ်ကိုင်နိုင်ရန်အတွက် ထုတ်ချေးသွားမည်ဖြစ်ကြောင်း သိရသည်။

အင်္ဂပူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန်၊ တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့လုပ်ကိုင်ရန် လိုအပ်သောငွေကြေးအရင်းအနှီး ရရှိစေရန် စသည့်ရည်ရွယ်ချက်များဖြင့် လုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အင်္ဂပူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နီလာရွှေက ပြောပြ၍ သိရသည်။

**သံသာ**

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ရက်နောက်ပိုင်း ကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDMလှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAOများ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊အသိပညာရှင်၊အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## ယင်းမာပင်ခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော နှမ်း ၂၃၇၉ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**ယင်းမာပင် ဇူလိုင် ၄**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော နှမ်း ၂၃၇၉ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ ယင်းမာပင်ခရိုင်တွင် စိုက်ပျိုးထားသော နှမ်းစိုက်ခင်းများကို ယခုနှစ် ဇွန်လ ပထမပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၂၃၇၉ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၈ ဒသမ ၀၇ တင်း ထွက်ရှိကြောင်း သိရသည်။

"ယင်းမာပင်ခရိုင်အတွင်း ဒီနှစ် နွေသီးနှံ စိုက်ပျိုးရာသီက နှမ်းဧက ၃၀၀၀ ကျော် စိုက်ပျိုးနိုင်ခဲ့ပါတယ်။ စိုက်ပျိုးထားတဲ့စိုက်ခင်းတွေရိတ်သိမ်းနေပါတယ်။ဒီနေ့ထိ ဧက၂၀၀၀ကျော် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ အထွက်နှုန်းအနေနဲ့ကောင်းမွန်ပါတယ်။ နွေနှမ်းစိုက်ပျိုးရာမှာလဲ အထွက်နှုန်းကောင်းမွန်ဖို့၊ GAPနည်းစနစ်နဲ့ စိုက်ပျိုးဖို့အတွက် ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

ယင်းမာပင်ခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ မြို့နယ်အလိုက် နွေနှမ်း စိုက်ပျိုးနိုင်ခဲ့မှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ၂၃၇၉ ဧက၊ ဆားလင်းကြီးမြို့နယ်တွင် ၈၈၈ ဧက၊ ပုလဲမြို့နယ်တွင် ၆၂ ဧက စုစုပေါင်း ၃၃၂၉ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ယင်းမာပင်ခရိုင်တွင် နွေနှမ်း စိုက်တောင်သူများကို သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက နွေနှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်ဖြင့်စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်း ကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

GAP နည်းစနစ်ဖြင့် စိုက်ပျိုးသည့်သီးနှံများသည် အခြားစိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးသည့် သီးနှံများထက် အရည်အသွေးပိုမိုကောင်းမွန်ခြင်း၊ ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်များကိုပါ တင်ပို့ရောင်းချနိုင်ခြင်းစသည့် အကျိုးကျေးဇူးများရရှိကြောင်း သိရသည်။ (၂၀၆)

## တောင်တွင်းကြီးမြို့နယ် ရွာလေးကုန်းကျေးရွာ၌ ဆိုင်ကယ်ပြင်သင်တန်းဖွင့်

**တောင်တွင်းကြီး ဇူလိုင် ၄**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တရုတ်ကောကျေးရွာအုပ်စု ရွာလေးကုန်းကျေးရွာ၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဆိုင်ကယ်ပြင်သင်တန်းဖွင့်ပွဲကို ဇူလိုင် ၃ ရက် မွန်းလွဲ ၂ နာရီက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မကွေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ဆန်းဌေးနှင့် တောင်တွင်းကြီးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဗိုလ်မှူးကျော်ဇင်ညွန့်က ကျေးလက်နေအမျိုးသားလူငယ်များ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန်နှင့် မိသားစုဝင်ငွေတိုးစေရန်အတွက် ဆိုင်ကယ်ပြင်သင်တန်းကို ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း ပြောကြားကြသည်။

ဆက်လက်၍ တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျန်က သင်တန်းမှ ရရှိလာမည့် အသိပညာများကို သင်တန်းသားများအနေဖြင့် အကျိုးရှိရှိအသုံးချစေလိုကြောင်း၊ သင်တန်းကာလပြီးဆုံးသည့်တိုင် စိတ်ပါဝင်စားစွာ သင်ယူကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် သင်တန်းနည်းပြဆရာများက သင်တန်းတွင်သင်ကြားပို့ချမည့် ဘာသာရပ်များကိုရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသော သင်တန်းသားများက တစ်ဦးချင်း မိတ်ဆက်ကြသည်။

အဆိုပါ ဆိုင်ကယ်ပြင်သင်တန်းသို့ ရွာလေးကုန်းကျေးရွာနှင့်ပတ်ဝန်းကျင်ရှိကျေးရွာများမှ သင်တန်းသားဦးရေ ၂၀ တက်ရောက်ကြပြီး သင်တန်းတွင် သင်တန်းနည်းပြများက ဆိုင်ကယ်ပြင်နည်းသင်ခန်းစာများကို ဇူလိုင် ၃ ရက်မှ ၁၇ ရက်ထိ ၁၅ရက်ကြာ အခမဲ့ သင်ကြားပေးသွားမည်ဖြစ် ကြောင်း တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**နွဲ့ယဉ်**

# ယူကရိန်းနိုင်ငံအတွက် ငြိမ်းချမ်းရေးလမ်းစရှာမရခဲ့သော ဆွစ်ဇာလန်ထိပ်သီးဆွေးနွေးပွဲ




ယူကရိန်းနိုင်ငံတွင် ပဋိပက္ခများအဆုံးသတ်ပြီး ငြိမ်းချမ်းရေးရရှိရေး ရည်မှန်းချက်ဖြင့် ပထမဆုံးသော ထိပ်သီးဆွေးနွေးပွဲကို ဇွန် ၁၅ ရက်မှ ၁၆ ရက်ထိ ဆွစ်ဇာလန်နိုင်ငံ၌ ကျင်းပပြုလုပ်ခဲ့ရာ ရလဒ်တစ်စုံတစ်ရာမျှမရရှိဘဲ အဆုံးသတ်ခဲ့ရသည်။ ယူကရိန်းသမ္မတ ဇီလန်စကီးနှင့်၎င်းကိုထောက်ခံသူအနောက်အုပ်စု၏ တုံ့ပြန်ဆောင်ရွက်မည့် ကြုံးဝါးသံများသာ ထွက်ပေါ်ခဲ့သည်။ အမှန်မှာ ၎င်းထိပ်သီးဆွေးနွေးပွဲသည် ရုရှားနိုင်ငံကို ပြန်လည်တုံ့ပြန်နိုင်ရေးအတွက် ယူကရိန်းနိုင်ငံအား ပံ့ပိုးမှုများ ထပ်မံပေးသွားရန်သာဖြစ်သည်။

ထိပ်သီးဆွေးနွေးပွဲ၏ရလဒ်သည် စိတ်ပျက်ဖွယ်ရာပင်ဖြစ်သည်။ နိုင်ငံတကာပါဝင်မှုသည် အသက်မဲ့လျက်ရှိပြီး နိုင်ငံနှင့်အဖွဲ့အစည်း ၁၆၀ ကို ဖိတ်ကြားခဲ့သော်လည်း နိုင်ငံနှင့်အဖွဲ့အစည်း ၉၂ ခုသာ တက်ရောက်ခဲ့သည်။ နောက်ဆုံးတွင် ဘုံသဘောတူညီချက်လက်မှတ်ရေးထိုးနိုင်ရေး မျှော်လင့်ချက်ကင်းမဲ့ခဲ့သည်။ ရုရှားနိုင်ငံမပါသော အနာဂတ်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့်စပ်လျဉ်း၍ မေးခွန်းများလည်းထွက်ပေါ်ခဲ့သည်။ တရုတ်နိုင်ငံအနေဖြင့်လည်း ဆွစ်ဇာလန်နိုင်ငံသို့ လာရောက်ခဲ့ခြင်းမရှိသည့်အပြင် ဘရာဇီး၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ ဆော်ဒီအာရေဗျ၊ တောင်အာဖရိကနှင့် အာရပ်စော်ဘွားများပြည်ထောင်စုအပါအဝင် အဓိကကျသော နိုင်ငံများအနေဖြင့်လည်း ထိပ်သီးဆွေးနွေးပွဲ တက်ရောက်ခဲ့ခြင်းမရှိခဲ့ချေ။ အဆိုပါ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့သည့်နိုင်ငံများမှာလည်း အပြီးသတ်ဘုံသဘောတူညီချက် လက်မှတ်ရေးထိုးခဲ့ခြင်းမရှိပေ။

### ကန့်သတ်ထားသောအစည်းအဝေးအစီအစဉ်

အစည်းအဝေးအစီအစဉ်၌ ပါဝင်သောခေါင်းစဉ်များမှာ နျူကလီးယားဘေးကင်းလုံခြုံမှု၊ စားနပ်ရိက္ခာလုံခြုံမှုနှင့် လူသားချင်းစာနာထောက်ထားမှုတို့ပင်ဖြစ်သည်။ ၎င်းအစီအစဉ်များသည် ယူကရိန်းသမ္မတဇီလန်စကီး၏ ၂၀၂၂ ခုနှစ် ငြိမ်းချမ်းရေးစီမံကိန်း၌ပါရှိသည့် အကြောင်းအရာများပင်ဖြစ်သည်။ သို့သော် နောက်ဆုံးကြေညာချက်သည် ယူကရိန်းသမ္မတဇီလန်စကီး၏ စီမံကိန်းကို ရည်ညွှန်းခြင်းမရှိဘဲ ရုရှားတပ်ဖွဲ့များ အလုံးစုံရုပ်သိမ်းပေးရန်တို့ဖြစ်ပြီး အစည်းအဝေးတက်ရောက်လာသည့် နိုင်ငံနှင့်အဖွဲ့အစည်းများအနက် ၈၄ ခု၏ ထောက်ခံမှုသာရရှိခဲ့သည်။ ဆိုရလျှင်မည်သည့် သဘောတူညီချက်မျှမရရှိဘဲ အစည်းအဝေးကို အဆုံးသတ်ခဲ့ရသည်။

ပြဿနာများစွာအနက် တစ်ခုမှာငြိမ်းချမ်းရေးစီမံကိန်းကို ယူကရိန်းသမ္မတဇီလန်စကီး သာလျှင်ရေးဆွဲရမည်ဆိုသော ယူကရိန်းနှင့် အနောက်အုပ်စု၏ တရားသေစွဲကိုင်ထားမှုပင်ဖြစ်သည်။ အဆိုပါသတ်မှတ်ချက်သည် အခြားသော တတိယအုပ်စုဖြစ်သည့် ခုနစ်နိုင်ငံ၏ အဆိုပြုချက်များကို အတားအဆီးဖြစ်စေသည်။ ထိုအဆိုပြုချက်များတွင် တရုတ်၊ ဘရာဇီး၊ အင်ဒိုနီးရှားနှင့် ဗာတီကန်နိုင်ငံတို့က ကမကထပြုသည့် အစီအစဉ်များပါဝင်သည်။ တောင်အာဖရိက ဦးဆောင်သော အာဖရိကနိုင်ငံများအဖွဲ့က ၂၀၂၃ ခုနှစ် ဇွန်လအတွင်း တင်သွင်းထားသော အဆိုပြုချက်များနှင့် ၂၀၂၃ ခုနှစ် ဩဂုတ်လတွင် ဆော်ဒီအာရေဗျနိုင်ငံထောက်ခံထားသည့် အဆိုပြုစာချုပ်များလည်း ရှိနေသည်။ မကြာသေးမီအချိန်အတွင်းကပင် တရုတ်နှင့်ဘရာဇီးနိုင်ငံတို့က စူးစမ်းလေ့လာထားသည့် ပူးတွဲအဆိုပြုချက်ကိုလည်း ၎င်းထိပ်သီးဆွေးနွေးပွဲ၌ ဆွေးနွေးခဲ့ခြင်းမရှိပေ။

အဆိုပြုချက်အားလုံးသည် အနောက်နိုင်ငံများ စတင်လှုပ်ရှားဆောင်ရွက်ခဲ့ခြင်းမဟုတ်သည့် အပစ်အခတ်ရပ်စဲရေးအတွက် အဓိကအလေးထားသည့် အချက်များပင်ဖြစ်သည်။ အဆိုပါလုပ်ဆောင်ချက်ကို ယူကရိန်းနှင့် ၎င်း၏အနောက်တိုင်း မဟာမိတ်များက ရုရှားကိုမျက်နှာသာပေးမှုအဖြစ် ဆက်လက်ရှုမြင်လျက်ရှိသည်။ အပစ်အခတ်ရပ်စဲခြင်းသည် လက်ရှိရှေ့တန်းစစ်မျက်နှာများတွင်အခိုက်အတန့်အားဖြင့် ပဋိပက္ခကို ထိရောက်စွာထိန်းချုပ်နိုင်လိမ့်မည်ဖြစ်ကြောင်းနှင့် ၂၀၁၄ ခုနှစ် ကရိုင်းမီးယားဒေသသိမ်းပိုက်မှုအပါအဝင် လက်တွေ့တွင် ရုရှားနယ်မြေရရှိမှုများကို လက်ခံသည့်သဘော သက်ရောက်စေမည်ဖြစ်ကြောင်း ယူကရိန်းနှင့် အနောက်အုပ်စုတို့က ရှုမြင်ထားရှိသည်။

### ဩဇာအာဏာကြီးထွားလာသောရုရှား

ထိုအတောအတွင်း ရုရှားသမ္မတပူတင်သည် နယ်မြေတောင်းဆိုမှုကို ပိုမိုတိုးမြှင့်လုပ်ဆောင်လာလျက်ရှိသည်။ ကိုယ်စားလှယ်များအနေဖြင့် ငြိမ်းချမ်းရေးညီလာခံအတွက် ဆွစ်ဇာလန်နိုင်ငံသို့ သွားရောက်နေစဉ် ရုရှားသမ္မတပူတင်သည် တောင်းဆိုချက်များကို တိုးမြှင့်ခဲ့သည်။ ယူကရိန်းအနေဖြင့် ရုရှားတပ်ဖွဲ့များ သိမ်းပိုက်ထားသောနယ်မြေအားလုံး ကို ရုရှားနိုင်ငံသို့ ပေးအပ်သွားရမည့်အပြင် ၂၀၂၂ ခုနှစ် စက်တင်ဘာလတွင် ရုရှားတို့သိမ်းပိုက်ခဲ့သော နယ်မြေအားလုံးကိုလည်း ပေးအပ်သွားရမည်ဖြစ်သည်။ ရုရှားနိုင်ငံသည် **Donetsk**၊ **Luhansk**၊ **Kherson** နှင့် **Zaporizhzhia** တို့၌ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ပြုလုပ်ပြီးဖြစ်သည်။ ရုရှားသမ္မတပူတင်၏အစီအစဉ်အရ ရုရှားနိုင်ငံသည် ကရိုင်းမီးယားဒေသကိုလည်း ရရှိမည်ဖြစ်သည်။

အဆိုပါတောင်းဆိုချက်များသည် ယူကရိန်းသမ္မတဇီလန်စကီး၏ မူလစီမံကိန်းတွင်ပါရှိသော အဓိကအချက်များအပြင် ၂၀၂၂ ခုနှစ် မတ်လတွင် ချမှတ်ခဲ့သည့် ကုလသမဂ္ဂ ဆုံးဖြတ်ချက်တို့နှင့် လုံးလုံးလျားလျားကင်းကွာလျက်ရှိသည်။ UN ဆုံးဖြတ်ချက်၌ ရုရှားနိုင်ငံက အလုံးစုံဆုတ်ခွာပေးရန်နှင့် ယူကရိန်းနိုင်ငံ၏ နယ်မြေပိုင်ဆိုင်မှုကို အပြည့်အဝပြန်လည်တည်ဆောက်သွားရန် ပါရှိသည်။ သို့သော် ယူကရိန်းပြည်သူ ၅၈ ရာခိုင်နှုန်းခန့်သည် စေ့စပ်ညှိနှိုင်းဆွေးနွေးမှုမှန်သမျှကို ထောက်ခံနေဆဲပင်ဖြစ်သည်။

ထိပ်သီးညီလာခံ၏ အပြီးသတ်ဆုံးဖြတ်ချက်သည် UN ရပ်တည်ချက်ကို ထင်ဟပ်စေလျက်ရှိသည်။ ယူကရိန်းအပါအဝင် နိုင်ငံအားလုံး၏ အချုပ်အခြာအာဏာနှင့် နယ်မြေပိုင်ဆိုင်မှုဆိုင်ရာ UN ပဋိညာဉ်နှင့်မူဝါဒများကိုသာ ရည်ညွှန်းဖော်ပြခဲ့သည်။ သို့သော် ရုရှားကို ပြန်လည်ဆုတ်ခွာပေးရန် တောင်းဆိုမှုနှင့် နိုင်ငံတကာဥပဒေ၏ အထွေထွေမူဝါဒများကို ရည်ညွှန်းခြင်းအား ပွင့်ပွင့်လင်းလင်း ဖော်ပြမှုမရှိခြင်းသည် ယူကရိန်းနှင့် ၎င်း၏ အနောက်တိုင်းမဟာမိတ်များအနေဖြင့် ထောက်ခံသူများ နားဝင်ချိုအောင်ပြောဆိုကာ အပြီးသတ်ဆုံးဖြတ်ချက်ချမှတ်နိုင်ရေး ကြိုးပမ်းလျက်ရှိသည်။

ဆွေးနွေးပွဲ၌ ရုရှားနှင့်ယူကရိန်းကြား အနာဂတ်တွင် ဆွေးနွေးညှိနှိုင်းနိုင်ရေးအတွက် လမ်းစဖွင့်ထားကြောင်းနှင့် ယူကရိန်းအနေဖြင့်လည်း နယ်မြေလိုက်လျောမှုကို လုံးဝပယ်ချခြင်းမရှိသေးကြောင်း စကားအသုံးအနှုန်းများကို ရွေးချယ်ခဲ့သည့်တိုင်အောင် ဆွေးနွေးပွဲတက်ရောက်လာသည့် ကိုယ်စားလှယ် ဦးရေ ၁၀၀ ၏ ထောက်ခံမှုကို တညီတညွတ်တည်း ရရှိအောင် ဆွဲဆောင်နိုင်ခြင်းမရှိခဲ့ပေ။ ထိပ်သီးဆွေးနွေးပွဲ မအောင်မြင်ရခြင်း၏ အဓိကအကြောင်းရင်းမှာ G-7၊ NATO နှင့် EU တို့သည် ယူကရိန်းနှင့် ယူကရိန်းသမ္မတဇီလန်စကီး၏ ငြိမ်းချမ်းရေးအစီအမံကို တစ်စိုက်မတ်မတ် ထောက်ခံအားပေးလျက်ရှိသောကြောင့်ပင်ဖြစ်သည်။

### လက်တွေ့မကျသော အနောက်အုပ်စု၏ထောက်ခံမှု

ယခုနှစ် ဇွန် ၁၃ ရက်မှ ၁၅ ရက်ထိ အီတလီနိုင်ငံတောင်ပိုင်း Puglia ၌ ပြုလုပ်ခဲ့သည့် G-7 ထိပ်သီးဆွေးနွေးပွဲအပြီး၌ ခေါင်းဆောင်များသည် ယူကရိန်းကို ဆက်လက်ကူညီသွားမည်ဖြစ်ကြောင်း ထပ်မံအတည်ပြုခဲ့သည်။ ယူကရိန်းသမ္မတဇီလန်စကီး၏ ငြိမ်းချမ်းရေးပုံစံတွင်ပါရှိသော အဓိကမူဝါဒများနှင့်ဦးတည်ချက်များကို ထောက်ခံကြောင်းပွင့်လင်းစွာထုတ်ပြန်သွားခဲ့သည်။ သို့သော် ၂၀၂၃ ခုနှစ် နိုဝင်ဘာလတွင် ထုတ်ပြန်ခဲ့သော G-7 နိုင်ငံခြားရေးဝန်ကြီးများ၏ထုတ်ပြန်ချက်၌ ရုရှားတို့၏ အလုံးစုံဆုတ်ခွာမှုမရှိလျှင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ မဖြစ်နိုင်ကြောင်း ဖော်ပြထားသည်။

ယူကရိန်းနှင့်အနောက်အုပ်စု၏ လက်ရှိချဉ်းကပ်မှုကို လက်တွေ့အကောင်အထည်ဖော်နိုင်ရေးအတွက် အကောင်းဆုံးနည်းလမ်း ဖြစ်သည့်တိုင်အောင် စစ်မြေပြင်နှင့် နိုင်ငံတကာ သံခင်းတမန်ခင်းတွင် ရုရှား၏လက်ရှိအနေအထားသည် ပဋိပက္ခအဆုံးသတ်ရေးအတွက် အနောက်အုပ်စုနှင့်ယူကရိန်းတို့၏ တောင်းဆိုမှုကို ကြံ့ကြံ့ခံနိုင်စွမ်းရှိနေပြီဖြစ်သည်။

အဆိုးရွားဆုံးမှာ လက်ရှိချဉ်းကပ်မှုသည် ယူကရိန်းနိုင်ငံအား ထွက်ပေါက်မရှိသော အခြေအနေသို့ တွန်းပို့လျက်ရှိသည်။ အနောက်အုပ်စု၏ပံ့ပိုးကူညီမှုသည် လက်တွေ့ထက် လေလုံးထွားနေခြင်းသာဖြစ်သည်။ အမေရိကန်သမ္မတဂျိုးဘိုင်ဒင်သည်ပင်လျှင် G-7 အစည်းအဝေးအတွက် ဥရောပသို့ရောက်ရှိနေသည့်တိုင်အောင် ဆွစ်ဇာလန်သို့သွားရောက်ခဲ့ခြင်းမရှိပေ။ ကနေဒါဝန်ကြီးချုပ် ဂျပ်စတင်ထူရူးဒိုးသာလျှင် ငြိမ်းချမ်းရေးဆွေးနွေးပွဲ နှစ်ရက်စလုံးကို တက်ရောက်ခဲ့သည့် တစ်ဦးတည်းသော G-7 ခေါင်းဆောင်ဖြစ်သည်။ တစ်ချိန်တည်းမှာပင် ကျန်ကမ္ဘာ့အခြားနိုင်ငံများသည် နောက်ကွယ်၌ တရုတ်-ဘရာဇီး ငြိမ်းချမ်းရေးအဆိုပြုချက်ကို ထောက်ခံနေဖွယ်ရာရှိသည်။

ယူကရိန်းနိုင်ငံသည် ပဋိပက္ခတွင် အရှုံးနှင့်ရင်ဆိုင်နေရဆဲဖြစ်သည်။ အနောက်အုပ်စု၏ စစ်ရေးဆိုင်ရာအကူအညီ နှေးကွေးခြင်းနှင့် ကန့်သတ်ချက်များစွာတို့သည် ယူကရိန်းကာကွယ်ရေးကို ဆက်လက်အဟန့်အတားဖြစ်ပေါ်စေလျက်ရှိသည်။ တပ်သားလိုအပ်ချက်ရှိနေသော တိုင်းပြည်တွင် တပ်သားသစ်စုဆောင်းရေးဥပဒေသစ်သည် သဘောထားကွဲလွဲမှုများဖြစ်ပေါ်စေလျက်ရှိပြီး ပြည်သူအနည်းငယ်ကသာ ၎င်းဥပဒေကို ထောက်ခံခဲ့သည်။ ထိုအတောအတွင်း ယူကရိန်းတို့၏ ခံစစ်သည် ရုရှားတို့၏ တိုက်ခိုက်မှုကြောင့် ဆိုးဆိုးရွားရွား ဆုတ်ယုတ်လာနေပြီဖြစ်သည်။

ထို့ကြောင့် ဆွစ်ဇာလန်နိုင်ငံတွင်ပြုလုပ်ခဲ့သော ငြိမ်းချမ်းရေးထိပ်သီးဆွေးနွေးပွဲ၏ရလဒ်သည် ယူကရိန်းတို့ကို စိတ်ဓာတ်မြှင့်တင်ပေးနိုင်ခဲ့ခြင်း မရှိပေ။ ယူကရိန်းနှင့်အနောက်အုပ်စုတို့၏ လက်ရှိမဟာဗျူဟာသည် ငြိမ်းချမ်းရေးအတွက် ရှင်းလင်းပြတ်သားသောလမ်းစ ပျောက်ဆုံးနေကြောင်းကို ထင်ဟပ်ပေါ်လွင်လာလျက်ရှိသည်။ လက်ရှိအချိန်တွင် ယူကရိန်းသမ္မတဇီလန်စကီးနှင့် အနောက်အုပ်စုအနေဖြင့် စစ်မြေပြင်၌ ယူကရိန်းတပ်ဖွဲ့ဝင်များ၏ ခုခံနိုင်စွမ်းကိုသာ လက်တွေ့ကျကျ ထည့်သွင်းစဉ်းစားသုံးသပ်သွားရတော့မည်ဖြစ်သည်။

❖ ကိုယ်စားလှယ်များအနေဖြင့် ငြိမ်းချမ်းရေးညီလာခံအတွက် ဆွစ်ဇာလန်နိုင်ငံသို့သွားရောက်နေစဉ် ရုရှားသမ္မတပူတင်သည် တောင်းဆိုချက်များကိုတိုးမြှင့်ခဲ့သည်။ ယူကရိန်းအနေဖြင့် ရုရှားတပ်ဖွဲ့များ သိမ်းပိုက်ထားသောနယ်မြေအားလုံးကို ရုရှားနိုင်ငံသို့ ပေးအပ်သွားရမည့်အပြင် ၂၀၂၂ ခုနှစ် စက်တင်ဘာလတွင် ရုရှားတို့သိမ်းပိုက်ခဲ့သော နယ်မြေအားလုံးကိုလည်း ပေးအပ်သွားရမည်ဖြစ်သည်။ ရုရှားနိုင်ငံသည် **Donetsk**၊ **Luhansk**၊ **Kherson** နှင့် **Zaporizhzhia** တို့၌ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲပြုလုပ်ပြီးဖြစ်သည်။ ရုရှားသမ္မတပူတင်၏အစီအစဉ်အရ ရုရှားနိုင်ငံသည် ကရိုင်းမီးယားဒေသကိုလည်း ရရှိမည်ဖြစ်သည်။ ❖

**ကိုးကား**

- **Ukraine summit fails to provide coherent path to peace by Asia Times.**

**ဝင်းဇင် (သုတေသန)**

# ယူရိုပြိုင်ပွဲနဲ့ ကိုပါအမေရိကဖလားပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်မှာ အသင်းလိုက်ကစားအားကောင်းတဲ့ အင်္ဂလန်နဲ့ ဗင်နီဇွဲလားအသင်းတို့ကို အားပေးရမှာပါ



ဒီတစ်ပတ်စနေမှာတော့ ယူရိုပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်နဲ့ ကိုပါအမေရိကဖလား ကွာတားဖိုင်နယ်ပွဲစဉ်တွေ ယှဉ်ပြိုင်ကစားသွားမှာဖြစ်ပါတယ်။ နိုင်ငံအသင်းတွေဟာကစားသမားစုဖွဲ့မှုနဲ့ အသင်းလိုက်ကစားအားသာမကပဲ နိုင်လိုစိတ်ပြင်းထန်မှုကလဲ အဓိကအရေးပါနေတာကြောင့် ကွာတားဖိုင်နယ်အဆင့်မှာအဘက်ဘက်က ပြည့်စုံနေတဲ့ အသင်းတွေကိုသာ ဦးစားပေးချဉ်းကပ်ရမှာဖြစ်ပါတယ်။ ပြီးခဲ့တဲ့တစ်ပတ်က ယူရိုရှုံးထွက်ပွဲစဉ်တွေမှာ အသင်းကြီးအများစု ဂိုးပြတ်နိုင်ပွဲရဖို့ရုန်းကန်ခဲ့ရပြီး စပိန်နဲ့ နယ်သာလန်တို့သာ အနိုင်ပြတ်သားခဲ့တာကိုတွေ့ရမှာပါ။ ဒါကြောင့် လာမဲ့ကွာတားဖိုင်နယ်ပွဲစဉ်တွေမှာ နိုင်လိုစိတ်ပြင်းထန်မှုရှိပြီး အသင်းလိုက်ကစားအားကောင်းတဲ့အသင်းတွေကိုသာ အားပေးရမှာဖြစ်ပါတယ်။

**အင်္ဂလန်အသင်းနဲ့ လက်တွဲရမှာပါ**

ယူရိုပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်မှာ အင်္ဂလန်အသင်းဟာ လက်ရှိယူရိုပြိုင်ပွဲမှာ ဗိုလ်စွဲဖို့ရေပန်းစားတဲ့အသင်းထဲမှာ ပါဝင်ခဲ့ပေမဲ့ ခြေစွမ်းပိုင်းကတော့ ထင်သလောက်အားရစရာမကောင်းပါဘူး။ သူတို့အသင်းဟာ ၁၆ သင်းရှုံးထွက်အဆင့်မှာ ဆလိုဗက်ကီးယားလိုအသင်းကို အကြိတ်အနယ်ကစားခဲ့ရပြီးမှ ကွာတားဖိုင်နယ်အဆင့်ကို တက်ရောက်ခဲ့ရတာဖြစ်ပါတယ်။ ဒါပေမဲ့ ကစားသမားတစ်ဦးချင်းစီက ဆလိုဗက်ကီးယားအသင်းနဲ့ ယှဉ်ရင် စွမ်းဆောင်ရည်ပိုင်းသာနေတာကြောင့် တစ်ဦးချင်းစွမ်းဆောင်ရည်နဲ့သာအနိုင်ရခဲ့တယ်လို့ဆိုရမှာပါ။ အင်္ဂလန်အသင်းဟာ အုပ်စုအဆင့်မှာလဲ ဒိန်းမတ်၊ ဆားဘီးယား၊ ဆလိုဗေးနီးယားတို့လိုအသင်းတွေနဲ့ ကစားခဲ့ရပေမဲ့ အဖွင့်ပွဲစဉ်မှာ ဆားဘီးယားအသင်းကို တစ်ဂိုး၊ ဂိုးမရှိ၊ ဒိန်းမတ်အသင်းနဲ့ပွဲစဉ်မှာ တစ်ဂိုးစီသရေ၊ ဆလိုဗေးနီးယားအသင်းနဲ့ ပွဲစဉ်မှာ ဂိုးမရှိသရေ ကစားနိုင်ခဲ့တာကြောင့် ရမှတ်ငါးမှတ်ရရှိပြီး အုပ်စုပထမနေရာနဲ့ ရှုံးထွက်အဆင့်ကို တက်ရောက်နိုင်ခဲ့တာကိုတွေ့ရမှာပါ။ နည်းပြဆောက်ဂိတ်လက်ထက်မှာ အင်္ဂလန်အသင်းဟာ အဓိကပြိုင်ပွဲတွေမှာ အဆင့်တစ်ခုထိရောက်ခဲ့ပေမဲ့ ဆုဖလားရယူနိုင်ခဲ့တာတော့မရှိပါဘူး။ သူတာဝန်ယူပြီးနောက်ပိုင်း ၂၀၁၈ခုနှစ် ကမ္ဘာ့ဖလားမှာ စတုတ္ထ၊ ၂၀၂၀ ပြည့်နှစ် ယူရိုပြိုင်ပွဲမှာ ဒုတိယ၊ ၂၀၂၂ ခုနှစ် ကမ္ဘာ့ဖလားမှာ ကွာတားဖိုင်နယ်အဆင့်ထိ တက်ရောက်ခဲ့တာကိုတော့ သတိပြုရမှာပါ။

အခုပွဲစဉ်မှာ အကောင်းဆုံးလူစာရင်းကိုပိုင်ဆိုင်ထားတဲ့ ဆောက်ဂိတ်ဟာ နည်းစနစ်ပိုင်းအပြောင်းအလဲလုပ်ပြီး ဆွစ်ဇာလန်အသင်းကို ဖိအားပေးနိုင်မယ်ဆိုရင်တော့ ဆီမီးဖိုင်နယ်အဆင့်ကိုရောက်ဖို့ မခက်ပါဘူး။

သူတို့နှစ်သင်း ထိပ်တိုက်တွေ့ဆုံမှု ခုနစ်ကြိမ်မှာလဲ အင်္ဂလန်အသင်းက ခြောက်ပွဲနိုင်၊ တစ်ပွဲသရေရလဒ် ကစားနိုင်ခဲ့တာကိုတွေ့ရမှာပါ။

ဆွစ်ဇာလန်အသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ ရှစ်ပွဲမှာ ရှုံးပွဲမရှိသေးဘဲ ရလဒ်ပိုင်းကောင်းနေတာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ ယူရိုပြိုင်ပွဲမှာ ၃-၄-၂-၁ ကစားကွက်ကိုသာ ပုံမှန်အသုံးပြုခဲ့ပြီး ဆွန်မာ၊ ဖေဘီယန်ရှာ၊ အာကန်ဂျီ၊ ရိုဒရီဂွက်ဇ်၊ အန်ဒိုရီ၊ ဖရက်အူလာ၊ ရှာကာ၊ အဘစ်ရှာ၊ ရိုက်ဒါ၊ ဗားဂက်စ်၊ အမ်ဘိုလိုတို့နဲ့သာ ပွဲထွက်ခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့ နည်းပြယာကင်ရဲ့လူထုတ်ပုံနဲ့ ကစားကွက်အခင်းအကျင်းက ကစားသမားအားလုံး ခြေစွမ်းပြသနိုင်သလို အသင်းလိုက်ကစားအားကောင်းခဲ့တာကို တွေ့ရမှာပါ။ အုပ်စုအဆင့်မှာ စကော့တလန်၊ ဂျာမနီ၊ ဟန်ဂေရီတို့လိုအသင်းတွေနဲ့ ကစားခဲ့ရပေမဲ့ ဟန်ဂေရီအသင်းကို သုံးဂိုး၊ တစ်ဂိုး၊ စကော့တလန်အသင်းကို တစ်ဂိုးစီသရေ၊ ဂျာမနီအသင်းကို တစ်ဂိုးစီသရေနဲ့ကစားနိုင်ခဲ့ပြီး အုပ်စုဒုတိယနေရာနဲ့ ရှုံးထွက်အဆင့်တက်ရောက်ခဲ့တာဖြစ်ပါတယ်။ နည်းပြယာကင်ကတော့ အုပ်စုအဆင့်မှာ မလိုအပ်ဘဲ တိုက်စစ်ဖွင့်မကစားဘဲ အုပ်စုကကျော်ဖြတ်နိုင်ရေးကိုသာ အဓိကထားခဲ့တာကို စကော့တလန်နဲ့ ဂျာမနီအသင်းတို့ပွဲစဉ်မှာ တွေ့မြင်ရမှာပါ။

ရှုံးထွက်အဆင့်မှာတော့ လက်ရှိချန်ပီယံ အီတလီအသင်းနဲ့တွေ့ဆုံခဲ့ပေမဲ့ အခက်အခဲမရှိခဲ့ဘဲ အသင်းလိုက် စုဖွဲ့မှုကောင်းကောင်းနဲ့ အီတလီကို ထိန်းချုပ်ကစားနိုင်ခဲ့တာကြောင့် ပထမပိုင်းမှာ ဦးဆောင်ဂိုးတစ်ဂိုး၊ ဒုတိယပိုင်းမှာ ဦးဆောင်ဂိုးတစ်ဂိုးနဲ့ အနိုင်ရခဲ့ပြီး ကွာတားဖိုင်နယ်အဆင့်ကို တက်ရောက်နိုင်ခဲ့တာဖြစ်ပါတယ်။ ဒါ့ပြင် ဆွစ်ဇာလန်အသင်းဟာ ယူရို ၂၀၂၀ ပြိုင်ပွဲ ၁၆ သင်းရှုံးထွက်အဆင့်မှာလဲ ချန်ပီယံပြင်သစ်အသင်းကို အနိုင်ခဲ့ပြီး ကွာတားဖိုင်နယ်အဆင့်တက်ရောက်ခဲ့တဲ့ အသင်းဖြစ်တာကြောင့် နှစ်ကြိမ်ဆက်တိုက် ချန်ပီယံတွေကို ရှုံးထွက်အဆင့်မှာ နိုင်ပွဲရခဲ့တဲ့အသင်းဖြစ်ခဲ့တာကိုတွေ့ရမှာပါ။ လက်ရှိ ဆွစ်ဇာလန်အသင်းရဲ့ ကစားသမားအခင်းအကျင်းနဲ့ ကစားအားကတော့ အပြစ်ပြောစရာမရှိပေမဲ့ ယူရိုပြိုင်ပွဲမှာ ကွာတားဖိုင်နယ်အဆင့်သာ အမြင့်ဆုံးရောက်ရှိဖူးတဲ့ သူတို့အသင်းရဲ့ မှတ်တမ်းဆိုးကို အခုပွဲစဉ်မှာ ချေဖျက်နိုင်ပါ့မလားဆိုတာ စိတ်ဝင်စားစရာကောင်းနေပါတယ်။ ပြိုင်ဘက် အင်္ဂလန်အသင်းကတော့ ကစားကွက်ပိုင်းမကောင်းဘူးဆိုပေမဲ့ တစ်ဦးချင်းစွမ်းဆောင်ရည်နဲ့ အရန်ကစားသမားစုဖွဲ့မှုမှာ ဆွစ်ဇာလန်အသင်းထက် သာနေသလို ထိပ်တိုက်တွေ့ဆုံမှုတွေမှာလဲ ရှုံးနိမ့်ခဲ့ခြင်းမရှိပါဘူး။ အခုပွဲစဉ်မှာ ခြေစွမ်းပိုင်းထက်မြက်နေတဲ့ ဆွစ်ဇာလန်အသင်းဟာ အင်္ဂလန်အသင်းရဲ့ ဘယ်လင်ဟမ်၊ ဟယ်ရီကိန်း၊ ဆာကာ၊ ဖိုဒန်တို့ကို ထိန်းချုပ်နိုင်မယ်ဆိုရင် နောက်တစ်ဆင့်တက်ဖို့ သေချာသလောက်ရှိနေပေမဲ့ ဒီကစားသမားတွေကို ထိန်းချုပ်ဖို့ကလဲ ထင်သလောက်မလွယ်တာကြောင့် အစဉ်အလာကောင်းတွေရှိနေတဲ့ အင်္ဂလန်အသင်းနဲ့ပဲ လက်တွဲရမှာပါ။

**အင်္ဂလန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အင်္ဂလန် | ၀ | - | ၁ | အိုက်စလန် |
| ဆားဘီးယား | ၀ | - | ၁ | အင်္ဂလန် |
| ဒိန်းမတ် | ၁ | - | ၁ | အင်္ဂလန် |
| အင်္ဂလန် | ၀ | - | ၀ | ဆလိုဗေးနီးယား |
| အင်္ဂလန် | ၂ | - | ၁ | ဆလိုဗက်ကီးယား |

**ဆွစ်ဇာလန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဆွစ်ဇာလန် | ၁ | - | ၁ | သြစတြီးယား |
| ဟန်ဂေရီ | ၁ | - | ၃ | ဆွစ်ဇာလန် |
| စကော့တလန် | ၁ | - | ၁ | ဆွစ်ဇာလန် |
| ဆွစ်ဇာလန် | ၁ | - | ၁ | ဂျာမနီ |
| ဆွစ်ဇာလန် | ၂ | - | ၀ | အီတလီ |

**ဗင်နီဇွဲလားအသင်း ရလဒ်ကောင်းမှာပါ**

ကိုပါအမေရိကဖလား ကွာတားဖိုင်နယ်ပွဲစဉ်မှာ အကြိုက်တွေ့မိတာကတော့ ဗင်နီဇွဲလားအသင်းနဲ့ ကနေဒါအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ ဗင်နီဇွဲလားအသင်းဟာ နည်းပြဘာတစ်စတာလက်ထက်မှာ ကစားပုံတိုးတက်လာခဲ့တာကြောင့် ရလဒ်ကောင်းတွေပိုင်ဆိုင်ခဲ့တာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ နည်းပြဘာတစ်စတာတာဝန်ယူခဲ့တဲ့တစ်လျှောက် ပြိုင်ပွဲစုံမှာ သုံးပွဲသာရှုံးခဲ့ပြီး အဲ့ဒီပွဲစဉ်တွေကလဲ ကိုလံဘီယာအသင်းကို ကမ္ဘာ့ဖလားခြေစစ်ပွဲနဲ့ ခြေစမ်းပွဲမှာ နှစ်ကြိမ်၊ အီတလီအသင်းကို ခြေစမ်းပွဲမှာတစ်ကြိမ် ရှုံးနိမ့်ခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းဟာ ကလပ်အသင်းတွေမှာခြေစွမ်းပြနေတဲ့ ကစားသမားတွေနဲ့ စုဖွဲ့မထားပေမဲ့ ထိပ်တန်းအဆင့်ခြေစွမ်းမျိုးရှိတဲ့ ကစားသမားမရှိဘဲ ရွန်ဒွန်၊ ဟာရဲရားတို့လိုကစားသမားကိုသာ လူသိများပြီး ကျန်ကစားသမားတွေကတော့ မျက်နှာသစ်လူငယ်တွေဖြစ်နေတာကိုတွေ့ရမှာပါ။ ဗင်နီဇွဲလားအသင်းဟာ ကိုပါအမေရိကဖလားအုပ်စု (B) မှာ အီကွေဒေါ၊ မက္ကဆီကို၊ ဂျမေကာအသင်းတို့နဲ့တွေ့ဆုံခဲ့တာဖြစ်ပါတယ်။ အဖွင့်ပွဲစဉ်မှာ အီကွေဒေါအသင်းနဲ့ကစားခဲ့ရပေမဲ့ တစ်ယောက်လျော့ အီကွေဒေါအသင်းကို ပွဲချိန် မိနစ် ၄၀ မှာ ဦးဆောင်ဂိုးပေးလိုက်ရပြီး ပထမပိုင်းရှုံးခဲ့လို့ ဒုတိယပိုင်းမှာ တိုက်စစ်မြှင့်တင်ဖိအားပေးခဲ့တာကြောင့် ချေပဂိုးနဲ့ အနိုင်ရဂိုးသွင်းယူနိုင်ခဲ့လို့ နှစ်ဂိုး၊တစ်ဂိုးနဲ့ အနိုင်ရခဲ့တာကိုတွေ့ရမှာပါ။ ဒုတိယပွဲစဉ်မှာတော့ မက္ကဆီကိုအသင်းလို ကစားကွက်ပိုင်းထက်မြက်တဲ့အသင်းနဲ့ ကစားခဲ့ရပေမဲ့ ခံစစ်အားပြုပြီး တန်ပြန်တိုက်စစ်နဲ့ တုံ့ပြန်ခဲ့တာကြောင့် ပွဲချိန် ၅၇ မိနစ်မှာ ပင်နယ်တီနဲ့ ဦးဆောင်ဂိုးရခဲ့လို့ နိုင်ပွဲရခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် နှစ်ပွဲနိုင်နဲ့ ကွာတားဖိုင်နယ်အဆင့်ကို တက်ရောက်သွားတဲ့ ဗင်နီဇွဲလားအသင်းဟာ နောက်ဆုံးပွဲစဉ်မှာ ဂျမေကာအသင်းကို ဖိအားမရှိကစားခဲ့ပြီး ဂိုးပြတ်အနိုင်ရခဲ့တာကို တွေ့ရမှာပါ။

အဲ့ဒီပွဲစဉ်တွေမှာ ဗင်နီဇွဲလားအသင်းရဲ့ ခံစစ်ကြောင်းတည်ငြိမ်မှုနဲ့ တိုက်စစ်ပိုင်းအဆုံးသတ်သေချာမှုတွေက အသင်းကို ကွာတားဖိုင်နယ်အဆင့်ကို ရောက်ရှိစေခဲ့တာဖြစ်ပါတယ်။ အခုပြိုင်ပွဲမှာတော့ ဗင်နီဇွဲလားအသင်းရဲ့ခြေစွမ်းပိုင်းဟာ နည်းပြနဲ့ ကစားသမားတွေကြား နားလည်မှုပြည့်ဝနေပြီး ပြိုင်ဘက်မရွေး ယှဉ်ပြိုင်နိုင်စွမ်းရှိနေတာဖြစ်လို့ ကနေဒါအသင်းလို အဝေးကွင်းကစားပုံ ကျဆင်းတတ်တဲ့အသင်းကို ပွဲချိန်ပြည့် ဖိအားပေးနိုင်မှာသေချာပါတယ်။

ကွန်ကာကပ်ဇုန်က ကနေဒါအသင်းဟာ ကိုပါအမေရိကဖလားပြိုင်ပွဲမှာ ဒီနှစ်မှသာ ပါဝင်ယှဉ်ပြိုင်ခဲ့တာကြောင့် အတွေ့အကြုံပိုင်းတော့ အားနည်းနေမှာဖြစ်ပါတယ်။ ဒါပေမဲ့ ကစားသမားအစုအဖွဲ့ကတော့ ဂျွန်နသန်ဒေးဗစ်၊ အယ်ဖွန်ဆိုဒေးဗစ်၊ လာရင်၊ ကိုနေး၊ အူစတာကွီအိုတို့လို ခြေစွမ်းပြကစားသမားတွေနဲ့ စုဖွဲ့ထားတာကြောင့် ဗင်နီဇွဲလားအသင်းနဲ့ ယှဉ်ရင် စုဖွဲ့မှုကောင်းတယ်လို့ ဆိုရမှာပါ။

ကနေဒါအသင်းဟာ ကိုပါအမေရိကဖလားအုပ်စု(A) အာဂျင်တီးနား၊ ပီရူး၊ ချီလီအသင်းတို့နဲ့ အုပ်စုကျပ်ကစားခဲ့ရပြီး အာဂျင်တီးနားအသင်းကို နှစ်ဂိုးပြတ်ရှုံးခဲ့ပေမဲ့ ပီရူးအသင်းကို တစ်ဂိုး၊ဂိုးမရှိ၊ ချီလီအသင်းကို ဂိုးမရှိသရေကစားနိုင်ခဲ့တာကြောင့် ရမှတ်လေးမှတ်ရရှိပြီး အုပ်စုဒုတိယနဲ့ ကွာတားဖိုင်နယ်အဆင့်ကို တက်ရောက်ခဲ့တာဖြစ်ပါတယ်။ အဲဒီပွဲစဉ်တွေမှာ သူတို့အသင်းအနေနဲ့ ၄-၄-၂ ကစားကွက်ကိုသာ အသုံးပြုခဲ့ပြီး ဒီကစားကွက်မှာ တိုက်စစ်ထက်မြက်တဲ့အသင်းနဲ့ဆို အယ်ဖွန်ဆိုဒေးဗစ်ကို ခံစစ်မှာအသုံးပြုခဲ့တာဖြစ်ပါတယ်။ နည်းပြဂျက်ဆီမက်ချ်ကတော့ တိုက်စစ်အားပြုကစားတဲ့နည်းပြဖြစ်ပေမဲ့ သူတာဝန်ယူပြီးနောက် အသင်းအနေနဲ့ တိုက်စစ်ပိုင်းဂိုးရဖို့ရုန်းကန်ခဲ့ရပြီး နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲဆက်မှာ တိုက်စစ်က တစ်ဂိုးသာသွင်းယူနိုင်ခဲ့တာကို သတိပြုရမှာပါ။ ခံစစ်ပိုင်းကတော့ တိုက်စစ်ကောင်းတဲ့ အသင်းတွေကို အနည်းဆုံး နှစ်ဂိုးထိခွင့်ပြုပေးခဲ့ရတာကြောင့် အခုပွဲစဉ်မှာ ဗင်နီဇွဲလားလို အသင်းလိုက်ကစားအားကောင်းတဲ့အသင်းကို ပွဲချိန်ပြည့် ဘယ်လိုထိန်းချုပ်မလဲဆိုတာ စိတ်ဝင်စားစရာဖြစ်နေပါတယ်။ သူတို့နှစ်သင်း ထိပ်တိုက်တွေ့ဆုံခဲ့ဖူးခြင်းမရှိပေမဲ့ လက်ရှိခြေစွမ်းပိုင်းနဲ့ ယုံကြည်မှုပိုင်းမှာတော့ ဗင်နီဇွဲလားအသင်းက ကနေဒါအသင်းထက် သာလွန်နေတာကိုတွေ့ရမှာပါ။ ဒါ့ပြင် အကျောပေးမှုကလဲ ဗင်နီဇွဲလားအသင်းလို စုဖွဲ့မှုအားနည်းတဲ့အသင်းက ကနေဒါလိုအသင်းကို သရေရလဒ်ဆို တစ်ဝက်လောက်ရှုံးမဲ့ အကျောပေးမှုက ဗင်နီဇွဲလားအသင်း မရှုံးနိုင်တဲ့အခြေအနေဖြစ်လို့ ဗင်နီဇွဲလားအသင်းက ရလဒ်ကောင်းမှာပါ။

**ဗင်နီဇွဲလားအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အီတလီ | ၂ | - | ၁ | ဗင်နီဇွဲလား |
| ဟွန်ဒူးရပ်စ် | ၀ | - | ၀ | ဗင်နီဇွဲလား |
| အီကွေဒေါ | ၁ | - | ၂ | ဗင်နီဇွဲလား |
| ဗင်နီဇွဲလား | ၁ | - | ၀ | မက္ကဆီကို |
| ဂျမေကာ | ၀ | - | ၃ | ဗင်နီဇွဲလား |

**ကနေဒါအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| နယ်သာလန် | ၄ | - | ၀ | ကနေဒါ |
| ပြင်သစ် | ၀ | - | ၀ | ကနေဒါ |
| အာဂျင်တီးနား | ၂ | - | ၀ | ကနေဒါ |
| ပီရူး | ၀ | - | ၁ | ကနေဒါ |
| ကနေဒါ | ၀ | - | ၀ | ချီလီ |

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်ပြီး ဖြစ်ပါသည်။

## ၄-၇-၂၀၂၄ ရက်နေ့အထိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ကြည်ညိုဖူးမြော်စဉ် အလှူငွေများထည့်ဝင်လှူဒါန်းသည့် အလှူရှင်များစာရင်း

နဝကမ္မ

| စဉ် | အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၉၂၅၃။ | ကွယ်လွန်သူ ဦးလှတင်အားရည်စူး၍ ဒေါ်သိန်းမြင့် မိသားစုကောင်းမှု | ၅၀၀၀၀၀၀ |
| ၉၂၅၄။ | သုဓမ္မမဏိဇောတရေ ဦးမြင့်စိုးထွန်းနှင့်ဇနီး ဒေါ်ချိုချိုသင်း၊ (သမီး)မချိုသဥ္စာစိုးမိသားစုကောင်းမှု | ၁၁၀၀၀၀၀ |
| ၉၂၅၅။ | ဦးစိုးမြင့်မိသားစုကောင်းမှု | ၁၀၀၀၀၀၀ |
| ၉၂၅၆။ | ဦးကျော်ရွှေနှင့်ဇနီး ဒေါ်မြင့်ကြည်မိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၉၂၅၇။ | ကွယ်လွန်သူ ဦးသောင်းထွဋ်အားရည်စူး၍ ဇနီး ဒေါ်စိုးစိုး (သား)မောင်ကောင်းဆက်၊ မောင်ကောင်းမြတ် မိသားစုကောင်းမှု | ၃၁၂၅၀၀ |
| ၉၂၅၈။ | ဖခင်ကြီး ဦးမြင့်ဆွေနှင့် မိခင် ဒေါ်တင်တင်တို့၏မွေးနေ့ သား၊ သမီး၊ မြေးတစ်စုကောင်းမှု | ၂၀၀၀၀၀ |
| ၉၂၅၉။ | ကွယ်လွန်သူ ဦးတင်မောင်အေးအားရည်စူး၍ ဒေါ်စမ်း မိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၉၂၆၀။ | ဆံတော်ဝိုင်းကျောင်းဆရာတော် ဦးဇောတိကကောင်းမှု | ၁၅၀၀၀၀ |
| ၉၂၆၁။ | ဒေါက်တာပိုင်ခန့်မိသားစုကောင်းမှု | ၁၁၅၀၀၀ |
| ၉၂၆၂။ | ဒေါ်ခင်လှတင့်မိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၉၂၆၃။ | ဦးထွန်းအေးနှင့်ဇနီး ဒေါ်ခိုင်နှင်းဖြူမိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၉၂၆၄။ | ဦးသန်းဌေးနှင့်ဇနီး ဒေါ်အမာမြင့်၊ (သား)ကိုဇင်မင်း၊ ကိုဟိန်းထက်၊ (သမီး) မချစ်စုမွန်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၂၆၅။ | ဦးဟိန်းထက်နှင့်ဇနီး ဒေါ်နီလာသန်း၊ (သမီး)မအေးပြည့်ပိုင်၊ (သား)မောင်ထက်နိုင်ထူး မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၂၆၆။ | ဦးဇင်မင်းနှင့်ဇနီး ဒေါ်စုလဲ့မြင့်၊ (သား)မောင်ဉာဏ်ရဲထက် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၂၆၇။ | ဦးစိုးလင်းနှင့်ဇနီး ဒေါ်စုစုနိုင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၂၆၈။ | ဦးအောင်သန်းထွန်းနှင့်ဇနီး ဒေါ်အေးမမပိုင်မိသားစု ကောင်းမှု | ၁၀၀၀၀၀ |
| ၉၂၆၉။ | ဦးစိန်လွင်နှင့် ဒေါ်တင်တင်သန့်တို့အားအမှူးထား၍ (သား) ကိုထင်အောင်လွင် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၂၇၀။ | ကွယ်လွန်သူ ဗိုလ်မှူးကြီးသန်းအေးအားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၂၇၁။ | ကွယ်လွန်သူ ဗိုလ်မှူးအောင်သိန်း(ငြိမ်း)အားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၂၇၂။ | ဗိုလ်ကြီးပြည့်လျှံဦးနှင့်ဇနီး ဒေါ်ရွှေရည်ဝင်း မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၂၇၃။ | ဦးအောင်ဆန်းဝင်းနှင့် ဒေါ်မြင့်အေး၊ မလဲ့ဝင်း၊ မောင်ချမ်းငြိမ်းရွှေနှင့်ဇနီး မဇင်ဇင်ဝင်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၂၇၄။ | ဦးခင်ဇော်နှင့်ဇနီး ဒေါ်ယုယုခိုင်၊ (သမီး)မခင်သွန်းဝတီဇော် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၂၇၅။ | ကွယ်လွန်သူ နှစ်ဖက်မိဘများအားရည်စူး၍ သား၊ သမီး၊ မြေးများဖြစ်ကြသော ဦးမိုးမြင့်နှင့်ဇနီး ဒေါ်သင်းသင်း မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၂၇၆။ | ကွယ်လွန်သူ ဒေါ်အေးအေးသန်းအားရည်စူး၍ ဦးဝင်းမောင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၂၇၇။ | ဦးဝဏ္ဏကျော်ထင်၊ ဦးခင်မောင်အေးနှင့်ဇနီး ဒေါ်ခင်နီ မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၂၇၈။ | ဒေါ်သန်းမြင့်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၂၇၉။ | နှစ်ဖက်မိဘများအားအမှူးထား၍ ဦးသန်းလင်းနှင့်ဇနီး ဒေါ်ခင်ထွေးရီ မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၂၈၀။ | ကွယ်လွန်သူများဖြစ်ကြသော ဦးစိုးရနှင့် ဒေါ်ညွန့်ရီ၊ ဒေါ်ကျင်နွဲ့တို့အားရည်စူး၍ ညီမဖြစ်သူ မခင်စန်းနွဲ့ မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၂၈၁။ | ကွယ်လွန်သူ ဦးခင်မောင်ဝင်းအားရည်စူး၍ ဒေါ်ခင်ဝင်း မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၂၈၂။ | ဒေါ်ခင်မြမြဝင်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၂၈၃။ | ဦးဝင်းမော်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၂၈၄။ | ကိုအောင်ကျော်စိုးနှင့်ဇနီး မဆွေဆွေအောင် မိသားစု ကောင်းမှု | ၆၈၀၀၀ |
| ၉၂၈၅။ | ဦးသိန်းတန်နှင့်ဇနီး ဒေါ်ခင်မဦးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၂၈၆။ | ဦးမိုးကျော်အောင်နှင့်ဇနီး ဒေါ်တိုးတိုးလွင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၂၈၇။ | ဦးရဲထွဋ်နှင့်ဇနီး ဒေါ်ညိုညိုအောင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၂၈၈။ | ဦးမြို့ဖေနှင့်ဇနီး ဒေါ်စန်းမူမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၂၈၉။ | ကွယ်လွန်သူ ဦးတင်မောင်နိုင်အားရည်စူး၍ ကျန်ရစ်သူ မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၂၉၀။ | ဒေါ်သန်းတင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၂၉၁။ | ဦးရဲလင်းထိုက်နှင့်ဇနီး ဒေါ်ဖြူစင်ဝင်း၊ (သမီး) မခင်သော်တာလင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၂၉၂။ | ဦးဇေယျပြုံးနှင့်ဇနီး မအေးခမ်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၂၉၃။ | ဦးစိန်ထွန်းနှင့်ဇနီး ဒေါ်ညိမ်းအောင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၂၉၄။ | ဦးကျော်ခိုင်ထွန်းနှင့်ဒေါ်ယုဇနစိုး၊ ဦးတင်ထွန်းအောင်နှင့် ဒေါ်ပြုံးပြုံးခိုင်စိုး၊ ဦးသန်းဇော်နှင့် ဒေါ်ထွန်းမြ မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၂၉၅။ | ကိုသန်းစိုးဝင်းနှင့်ဇနီး မယဉ်ယဉ်မော်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၂၉၆။ | ဦးစောသန်းနှင့်ဇနီး ဒေါ်မြင့်မြင့်ဇော်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၂၉၇။ | ဦးကျော်ဝင်းနှင့်ဇနီး ဒေါ်သိန်းသိန်းအေးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၂၉၈။ | ဦးဇော်ဝင်းထွေးနှင့်ဇနီး ဒေါ်စန်းစန်းကျော် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၂၉၉။ | ဒေါ်ခင်သောင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၃၀၀။ | ဦးမောင်ညိုနှင့်ဇနီး ဒေါ်ပြုံးပြုံးဝင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၃၀၁။ | ကိုမင်းချမ်းမွန်နှင့်ဇနီး မခိုင်ဇင်မာမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၃၀၂။ | ဒေါ်စန်းစန်းသော်မွေးနေ့ကောင်းမှု | ၅၀၀၀၀ |
| ၉၃၀၃။ | ဒေါ်မြင့်မြင့်အေး၊ (သား) မောင်ဇော်မြင့်ခိုင်၊ မောင်ကျော်မြင့်ခိုင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၃၀၄။ | ဦးလင်းမြတ်နှင့် လုပ်သားများကောင်းမှု | ၅၀၀၀၀ |
| ၉၃၀၅။ | ကွယ်လွန်သူ ဦးမောင်စိန်နှင့် ဒေါ်ရှုရင်တို့အားရည်စူး၍ ဒေါ်မီမီစန်းနှင့် မောင်နှမများကောင်းမှု | ၅၀၀၀၀ |
| ၉၃၀၆။ | ဒေါ်လှလှမြိုင်၊ (မြေး)မောင်အောင်ထွဋ်မြတ် မိသားစု ကောင်းမှု | ၅၀၀၀၀ |

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဦးအောင်စည်သူ(မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဂေါပကအဖွဲ့ရုံး)** ၀၉-၆၆၄၀၀၀၀၄၁၊ ၀၉-၄၄၄၆၆၆၁၁၆

**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှင့်ပြင်းထန်မှုတို့ကိုလျော့နည်းစေနိုင်ခြင်း (အထူးအားဖြင့် နာတာရှည်ရောဂါခံစား နေရသူများနှင့် သက်ကြီးရွယ်အိုများ)၊ ရောဂါ၏နောက်ဆက်တွဲပြဿနာဖြစ်သည့် ကိုယ်တွင်းအင်္ဂါများထိခိုက်ပျက်စီးမှုမှသည် အသက်အန္တရာယ်ဆုံးရှုံးမှုဖြစ်သည်အထိ ဖြစ်ပေါ်ခြင်းမှလျော့ချနိုင်ခြင်းတို့ကြောင့် အသက်ငါးနှစ်နှင့်အထက်ရှိသော ပြည်သူလူထုအားလုံးသည် နီးစပ်ရာကျန်းမာရေးဌာနများနှင့်ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး(ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် ထပ်ဆောင်းကာကွယ်ဆေး)များကို မဖြစ်မနေသွားရောက်ထိုးနှံကြရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**




## ကန့်ကွက်လွှာခေါ် ယူခြင်းကြော်ငြာစာ

မြင်းခြံမြို့၊ အမှတ်(၁၈)ရပ်ကွက်၊ ကွင်း/အကွက်အမှတ်(၂၃၃/က)၊ ချောင်းဒေါင်းကွင်း၊ ဦးပိုင်အမှတ်(၁၉၅)မြေကွက်ပေါ်တွင် ဒေါ်ခင်ညွန့်(၉/မခန(နိုင်)၁၇၈၁၅၆)ကိုင်ဆောင်သူမှ (အလျား ၁၀'-၀"၊အနံ ၂၂'-၀")၊ ဝါးထရံကာ(၂)ထပ်အဆောက်အဦဆောက်လုပ်ခွင့်ပြုမိန့် လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦဆောက်လုပ်ခွင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသော အထောက်အထားများ ယူဆောင်လာ၍ မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံး၏ တာဝန်ရှိသူထံသို့ လူကိုယ်တိုင်တွေ့ဆုံတင်ပြ ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၊ ဘယ်လင်းကျေးရွာနေ ဒေါ်အလန့် ၏မွေးစားသား **မောင်ဝေယံရဲရင့် (၁၃/သပန(နိုင်)၁၆၈၁၃၉)** သည် ဆိုဆုံးမမှုကို မနာခံဘဲ မိမိသဘောဆန္ဒအလျောက် (၂-၇-၂၀၂၄) ရက်နေ့တွင် နေအိမ်မှ ထွက်သွားပါသဖြင့် ယနေ့မှစ၍ မွေးစားသားအဖြစ်မှ မသက်ဆိုင်ကြောင်းနှင့် နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

*(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)*

**ဒေါ်အလန့်**

## ကန့်ကွက်လွှာခေါ် ယူခြင်းကြော်ငြာစာ

မြင်းခြံမြို့၊ အမှတ်(၁၈)ရပ်ကွက်၊ ကွင်း/အကွက်အမှတ်(၂၃၃/က)၊ ဦးပိုင်အမှတ်(၁၇၁) မြေကွက်ပေါ်တွင် ဦးဌေးဝင်း (၉/မခန(နိုင်)၁၄၂၅၁၉) ကိုင်ဆောင်သူမှ (အလျား ၂၂'-၀"၊အနံ ၁၅'-၀")၊ ဝါးထရံကာ(၁)ထပ်အဆောက်အဦဆောက်လုပ်ခွင့်ပြုမိန့် လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦဆောက်လုပ်ခွင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသော အထောက်အထားများ ယူဆောင်လာ၍ မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံး၏ တာဝန်ရှိသူထံသို့ လူကိုယ်တိုင်တွေ့ဆုံတင်ပြ ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

## အမည်ပြောင်း

မန္တလေး၊ VEC ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-11(B) တွင် ပညာသင်ကြားနေသော ဦးလှိုအန်းရှု၏သား မောင်စိုင်းထင်လင်းအောင် အား မောင်စိုင်းတင်အောင်လင်း ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်စိုင်းတင်အောင်လင်း**

## အမည်မှန်

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ Future Rays ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-9 တွင် ပညာသင်ကြားနေသော ဦးမောင်ဇော် ၏သမီး မနှင်းမြတ်မိုး၏အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ မနှင်းမြတ်နိုး ဖြစ်ပါကြောင်း။ **မနှင်းမြတ်နိုး**

## ပျောက်ဆုံးကြောင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ အကွက်(၄၃၁)နေ မပပအေး(ဘ) ဦးကိုဂျာအီစွဖ်ဆိုင်ယဒ် (၉/မဟမ(ပြု)၀၀၀၁၁၃)၏ နိုင်ငံကူးလက်မှတ်အမှတ်(MA-924914) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၉၇၄၅၆၈၃၉၀

မဟာမုနိဘုရားကြီး ဂေါပကအဖွဲ့

မန္တလေး

## တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့၊ မဟာမုနိဘုရားကြီး ဂေါပကအဖွဲ့မှ ရွှေဆိုင်းတင်ဒါအမှတ်စဉ်(၂/၂၀၂၄-၂၀၂၅)အတွက် ရွှေဆိုင်းများ ဝယ်ယူသွားမည်ဖြစ်ပါသဖြင့် တင်ဒါတင်သွင်း လျှောက်ထားနိုင်ပါသည်။

| | | | |
|---|---|---|---|
| (က) | ဝယ်ယူမည့်ရွှေဆိုင်းအရွယ်အစား | = | ၁. ၇၅" × ၁. ၇၅" |
| (ခ) | (၁၀၀)ရွက်ပါရွှေ(၁)ဆိုင်းပေးချေမည့်နှုန်းထား | = | ၁၃၈,၀၀၀/- |
| (ဂ) | ဝယ်ယူမည့်ရွှေဆိုင်းအရေအတွက် | = | အဆိုင်း(၁၀၀၀၀) |
| (ဃ) | တင်သွင်းရမည့် အာမခံကြေးငွေ | = | ကျပ်သိန်း (၁၀၀) |
| (င) | တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက် | = | ၅-၇-၂၀၂၄ ရက် |
| (စ) | တင်ဒါလျှောက်လွှာနောက်ဆုံးရောင်းချမည့် နေ့ရက်/အချိန် | = | ၁၂-၇-၂၀၂၄ ရက် (၁၆း၃၀)နာရီ |
| (ဆ) | တင်ဒါလျှောက်လွှာနောက်ဆုံးတင်သွင်းရမည့် နေ့ရက်/အချိန် | = | ၁၅-၇-၂၀၂၄ ရက် (၁၆း၃၀)နာရီ |
| (ဇ) | လျှောက်လွှာ(၁)စောင်စျေးနှုန်း | = | ကျပ် ၂၀,၀၀၀/- |

၂။ တင်ဒါပုံစံများရောင်းချခြင်းနှင့် ဝယ်ယူရမည့်နေရာမှာ မဟာမုနိဘုရားကြီး ဂေါပကအဖွဲ့ရုံး အခွန်ဘဏ္ဍာဌာနတွင် ဝယ်ယူတင်သွင်းရန်နှင့် အချက်အလက်များကို အသေးစိတ်သိရှိလိုပါက ဖုန်း ၀၉-၇၉၇၃၂၈၂၈၄ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။ **မဟာမုနိဘုရားကြီးဂေါပကအဖွဲ့**

## ပျောက်ဆုံးကြောင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)နေ မောင်ညွန့်ဌေး (၉/မဟမ(နိုင်)၀၀၀၁၄၄)၏ နိုင်ငံကူးလက်မှတ်အမှတ်(MB-296045) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၂၅၈၈၅၅၅၄

## ဖခင်အမည်မှန်

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ PEC ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-11 တွင် ပညာသင်ကြားနေသော မောင်အေးချမ်းအောင် နှင့် မူဆယ်မြို့၊ တော်ဝင်ကိုယ်ပိုင်မူလတန်းကျောင်း Grade-5 တွင် ပညာသင်ကြားနေသော မောင်အောင်မြင့်လှ တို့၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးခြောက်ရုပ်ဖြစ်ပါကြောင်း။ **ဦးခြောက်ရုပ်(၁/မစန(နိုင်)၀၂၀၈၈၁)**

**သင့်**

**သွေးဖြင့်**

**အသက်**

**ကယ်ပါ**

❖ တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အား ရှိမည်ဖြစ်သောကြောင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် ပိုင်နက်နယ်မြေ တည်တံ့ခိုင်မြဲရေး ခိုင်မာသေချာစေရန် တပ်တွင်းစည်းလုံးညီညွတ်မှုကို ကျစ်လျစ် သေချာစွာတည်ဆောက်သွားရန် အလေး အနက်ထားမှာကြားလို...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၈ ရက်တွင် ပြုလုပ်သော စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆၅) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနား မိန့်ခွန်းပြောကြားမှုမှ ကောက်နုတ်ချက်)**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန်အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# မြစ်ကြီးနားမြို့ရှိ ရေဘေးသင့်ပြည်သူများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ သွားရောက်တွေ့ဆုံအားပေး



**မြစ်ကြီးနား ဇူလိုင် ၄**

မိုးသည်းထန်စွာအဆက်မပြတ်ရွာသွန်းခဲ့သဖြင့် မြစ်ကြီးနားမြို့၌ ဇွန် ၃၀ ရက်မှစတင်၍ စံချိန်တင်မြစ်ရေကြီးမှုဖြစ်ပေါ်ခဲ့ရာ ရေဘေးသင့်ပြည်သူများကို ရေဘေးရှောင်စခန်းများဖွင့်လှစ်၍ ကူညီကယ်ဆယ်ထောက်ပံ့ပေးလျက်ရှိပြီး အဆိုပါရေဘေးသင့်ပြည်သူများအား ပြန်လည်ထူထောင်ရေးနှင့် အားပေးထောက်ပံ့မှုများ ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူသည် ယနေ့နံနက်ပိုင်းတွင် တပ်မတော်လေယာဉ်ဖြင့် မြစ်ကြီးနားမြို့သို့ရောက်ရှိသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များသည် မြစ်ကြီးနားမြို့ ရမ်ပူရပ်ကွက်

စာမျက်နှာ ၁၈ ကော်လံ ၁ ☆

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ၊ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် တာဝန်ရှိသူများက မြစ်ကြီးနားမြို့ရှိ ရေဘေးသင့်ပြည်သူများကို ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးစကားပြောကြားစဉ်။**

**အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်

ရွှေမန်းသူ
အဝေးပြေးခရီးသည်ပို့ဆောင်ရေးလုပ်ငန်း

ပါရမီလက်မှတ်အရောင်းဌာန
ရွှေမန်းသူ ၀၉၂၅၃၇၈၁၀၆၀၊ ၀၉၂၆၁၄၀၀၈၄၄
ရွှေမြိုင်သူ ၀၉၂၆၁၄၀၀၈၅၅
ရှမ်းမလေး ရန်ကုန်မြို့တွင်း G & G Store ဆိုင်များ၊
ဗုသိမ်သူ Online Easy Ticket, Go - Auto Ticket

ရန်ကုန် –
- နေပြည်တော်
- တောင်ကြီး
- မုံရွာ၊ မန္တလေး၊ ပြင်ဦးလွင်
- ကျောက်ပန်းတောင်း - ချောက် - ဆိပ်ဖြူ
- ပုဂံ (ညောင်ဦး) - ပခုက္ကူ
- မကွေး - မင်းဘူး - ရွှေစက်တော်၊ မိတ္ထီလာ - မြင်းခြံ
- မော်လမြိုင် - မုဒုံ - သံဖြူဇရပ် - ကျိုက္ကမီ
- တောင်ငူ - ဆွာ - ရေနီ
- ပုသိမ်



ဘေးကင်း လုံခြုံစိတ်ချ တာဝန်ယူမှုပြည့်ဝသော ခရီးသွားဝန်ဆောင်မှု